# မြဝတီ (logo)

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မင်္ဂဖိုလ်အကျိုးကို ရနိုင်၏။ ထိုသို့ ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝဂ်(ဓမ္မပဒ-၁၇၂)


၁၃၈၆ ခုနှစ်၊ နတ်တော်လပြည့်၊ တနင်္ဂနွေနေ့။ Sunday, 15 December 2024 ၁၁၆၇၂


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက် သွားမည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ် ရခိုင်ပြည်နယ်နေ့အခမ်းအနားသို့ပေးပို့သည့် သဝဏ်လွှာ

( ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက် )

**ချစ်ခင်လေးစားအပ်ပါသော ရခိုင်ပြည်နယ်အတွင်းရှိ မိဘပြည်သူညီအစ်ကိုမောင်နှမအပေါင်းတို့ခင်ဗျာ**

ယနေ့ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ(၁၅)ရက်နေ့တွင် ကျရောက်သည့် နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ် ရခိုင်ပြည်နယ်နေ့ နေ့ထူးနေ့မြတ်အခါသမယ၌ ရခိုင်ပြည်နယ်နှင့်ဒေသအသီးသီးတွင် ရောက်ရှိနေထိုင်ကြသော ရခိုင်တိုင်းရင်းသား သွေးချင်းညီအစ်ကိုမောင်နှမများနှင့် နိုင်ငံတစ်ဝန်းရှိ ပြည်ထောင်စုဖွားတိုင်းရင်းသား ပြည်သူများအားလုံး ကိုယ်စိတ်နှစ်ဖြာ သုခချမ်းသာ ပြည့်စုံကြ၍ ကောင်းကျိုးလိုအင်ဆန္ဒများ ပြည့်ဝကြပါစေကြောင်း ဦးစွာဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။

ရခိုင်ပြည်နယ်နေ့သည် ပြည်ထောင်စုဖွားရခိုင်တိုင်းရင်းသားတို့အတွက် ထူးခြားလေးနက်သော ဝိသေသများနှင့်ပြည့်စုံပြီး ဂုဏ်ယူဖွယ်ရာ မင်္ဂလာရှိသောနေ့ဖြစ်ပါသည်။ ၁၉၇၄ ခုနှစ်တွင် ရေးဆွဲအတည်ပြုခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ တိုင်းနှင့် ပြည်နယ်များ သတ်မှတ်ပြဋ္ဌာန်းရာတွင် ရခိုင်ပြည်နယ်သည်လည်း ပြည်နယ်တစ်ခုအဖြစ်ပါရှိခဲ့ပါသည်။ ယင်း ၁၉၇၄ ခုနှစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေအတည်ပြုရေးအတွက် ဆန္ဒခံယူပွဲစတင်ကျင်းပခဲ့သည့် ဒီဇင်ဘာလ (၁၅)ရက်နေ့ကို ရခိုင်ပြည်နယ်နေ့ အဖြစ် သတ်မှတ်ခဲ့ရာ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ(၁၅)ရက်နေ့တွင် နှစ်(၅၀)ပြည့်မြောက်ပြီ ဖြစ်ပါသဖြင့် ရွှေရတုအထိမ်းအမှတ် နှစ်အဖြစ် သမိုင်းဝင်မော်ကွန်းတင်ပြီး အောင်လံစိုက်ထူကမ္ပည်းရေးထိုးနိုင်ခဲ့ပြီဖြစ်ပါသည်။


စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆




ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ် နှစ်(၁၀၀)ပြည့်အထိမ်းအမှတ် (၁၇)ကြိမ်မြောက်ပန်းပွဲတော် ဖွင့်ပွဲအခမ်းအနားကျင်းပစဉ်။

## ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ် နှစ်(၁၀၀)ပြည့် (၁၇)ကြိမ်မြောက်ပန်းပွဲတော် ဖွင့်ပွဲကျင်းပ

ပြင်ဦးလွင် ဒီဇင်ဘာ ၁၄

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်ရှိ အမျိုးသားကန်တော်ကြီးဥယျာဉ် နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်(၁၇)ကြိမ်မြောက်ပန်းပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အမျိုးသားကန်တော်ကြီး၌ ကျင်းပသည်။


စာမျက်နှာ ၅ ကော်လံ ၁ သို့ ❖


**ယနေ့ ဖတ်စရာ**


**ပို့ကုန်မှရရှိသည့် နိုင်ငံခြားငွေများကို အချိန်နှင့်တစ်ပြေးညီ ပြည်တွင်းသို့ စီးဝင်နိုင်ရေး အလေးထား ဆောင်ရွက်ပေးကြရန် လိုအပ်**
စာမျက်နှာ » ၅

**သတ္တမအကြိမ်မြောက် မြန်မာနိုင်ငံအစာအိမ်၊ အူလမ်းကြောင်းနှင့် အသည်းရောဂါပညာရပ်ဆိုင်ရာ ညီလာခံဖွင့်ပွဲ အခမ်းအနား ကျင်းပ**
စာမျက်နှာ » ၁၀

**ထွန်းတောက်လင်းလက် တို့သမအနာဂတ်**
ဆောင်းပါး စာမျက်နှာ » ၁၇

**အွန်လိုင်းအန္တရာယ် တို့ကာကွယ်**
ဆောင်းပါး စာမျက်နှာ » ၁၈

ကြေးမုံ

# ချီးမြှောက်ပူဇော်ဓမ္မစာဆိုတော် နတ်တော်လပြည့်အခါတော်

မြန်မာတို့၏ ဆယ့်နှစ်လရာသီ လစဉ်လတိုင်း၏ လပြည့်နေ့အခါသမယတွင် ထူးမြတ်သည့် ဗုဒ္ဓဓမ္မနှင့် ယဉ်ကျေးမှုထုံးတမ်းစဉ်လာအရ နေ့ထူးနေ့မြတ်တစ်မျိုးစီ ရှိကြသည်။ မြန်မာနှစ်သစ်ကူးသင်္ကြန်ပွဲတော် ကျင်းပသည့် တန်ခူးလပြည့်နေ့၊ ကဆုန်လပြည့် (ဗုဒ္ဓနေ့)၊ နယုန်လပြည့် (မဟာသမယနေ့)၊ ဝါဆိုလပြည့် (ဓမ္မစကြာအခါတော်နေ့)၊ ဝါခေါင်လပြည့် (မေတ္တာအခါတော်နေ့)၊ တော်သလင်းလပြည့် (ဂရုဓမ္မအခါတော်နေ့)၊ သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့)၊ တန်ဆောင်မုန်းလပြည့်( သာမညဖလအခါတော်နေ့)၊ တပို့တွဲလပြည့် (သြဝါဒပါတိမောက်နေ့)၊ တပေါင်းလပြည့် (မြတ်ဗုဒ္ဓပြည်တော်ဝင်နေ့)ဟူ၍ အသီးသီးအထင်အရှားရှိသည်။

ဤတွင် နတ်တော်လပြည့်နေ့နှင့် ပြာသိုလပြည့်နေ့တို့၏ ထူးကဲသည့်အခါတော်နေ့များမှာမူ တိမ်မြုပ်နေသလို တွေ့ရသည်။ အစဉ်အလာအားဖြင့်ဆိုလျှင် နတ်တော်လပြည့်နေ့တွင် ဓမ္မစာဆိုတော်နေ့အဖြစ် သတ်မှတ်ကျင်းပခဲ့ကြပြီး ပြာသိုလပြည့်နေ့တွင် (ရဟန္တာ)ရှင်တစ်ထောင်အခါတော်နေ့ဟူ၍ သတ်မှတ်ထားသည်ဟု သိရသည်။ မြန်မာတို့သည် ဘာသာတရားနှင့် ယဉ်ကျေးမှုဓလေ့ထုံးတမ်းအစဉ်အလာများကို တန်ဖိုးထားသောလူမျိုးဖြစ်သည်။ မြန်မာတို့၏ ဆယ့်နှစ်လရာသီ ကာလတစ်လျှောက်တွင် ဘာသာတရားအရလည်းကောင်း၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်းအစဉ်အလာအရလည်းကောင်း နေ့ထူးနေ့မြတ်အခါတော်နေ့များနှင့် အထိမ်းအမှတ်ပွဲလမ်းသဘင်များ ကျင်းပလေ့ရှိပါသည်။

မြန်မာလူမျိုးတို့၏ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ စင်ကြယ်ကြံ့ခိုင်ပြီး အဆင့်အတန်းမြင့်မြင့် ပွဲလယ်တင့်စေရေး၊ လောကီ၊ လောကုတ္တရာနှစ်ဖြာ ကောင်းကျိုးဖြစ်ထွန်းစေရေးတို့တွင် မြန်မာ့ယဉ်ကျေးမှုအစဉ်အလာများကို တန်ဖိုးထားခြင်းသည် အထောက်အပံ့ကောင်းတစ်ခုဟုဆိုချင်သည်။ ရုပ်ပိုင်း၊ စိတ်ပိုင်းတို့ကို ကောင်းကျိုးဖြစ်ထွန်းစေရန် ညွှန်ပြပေးသည့် ဘဝလမ်းပြ ဘာသာရေးအခြေခံ အစဉ်အလာများသည် မြန်မာတို့၏ နှလုံးသားထဲတွင် စီးဝင်စေပါသည်။ နှလုံးသားနူးညံ့သိမ်မွေ့ပြီး ချမ်းမြေ့ပျော်ရွှင်စေပါသည်။ အစဉ်အလာယဉ်ကျေးမှုများ တိမ်ကောသွားပါက စိတ်နှလုံးသားများ ခက်ထန်လာပါမည်။ ဘဝလမ်းပြဓမ္မရေစီးကြောင်း အခါတော်နေ့များ တိမ်ကောသွားခြင်းမရှိအောင် ဗုဒ္ဓဘာသာဝင် မြန်မာပြည်သူအပေါင်းတို့က ထိန်းသိမ်းပေးရန်တာဝန်ရှိပါသည်။

နတ်တော်လသည် စာဆိုတော်လ။ နတ်တော်လဆန်း ၁ ရက်နေ့သည် စာဆိုတော်နေ့ဖြစ်ပါသည်။ စာဆိုတော်ကြီးများကို ဤနေ့ဤလတွင် ဂုဏ်ပြုချီးကျူးပူဇော်ခဲ့ကြပြီးဖြစ်ပါသည်။ မြန်မာစာပေဖွံ့ဖြိုးတိုးတက်လာအောင် စာပေဘဏ္ဍာတိုက်၊ စာပေအသိုက်အမြုံ၊ စာပေရေစီးကြောင်းကို စတင်ထူထောင်ဖောက်လုပ်ပေးခဲ့သည့် ပုဂ္ဂိုလ်များမှာ ပုဂံခေတ်တွင် စတင်ပေါ်ထွန်းခဲ့သည့် ဓမ္မစာဆိုတော်များဖြစ်ပါသည်။ မျက်မှောက်ကာလထိတိုင် ပေါ်ထွန်းနေသည့် မြန်မာစာပေနှင့် မြန်မာစာဆိုတော်များ၏ ရှေ့ဆောင်လမ်းပြပုဂ္ဂိုလ်မြတ်များဟု ခေါ်ဆိုထိုက်ပါသည်။ ရှေးဓမ္မစာဆိုတော် ရဟန်းပညာရှိ၊ လူပညာရှိတို့၏ သီကျူးရေးဖွဲ့မှုများကိုအခြေခံသည့် ကျေးဇူးတရားများကြောင့် မျက်မှောက်ကာလ၌ စာပေယဉ်ကျေးမှုအနုသုခုမအဖြာဖြာတို့ ထွန်းကားနေခြင်းဖြစ်ပါသည်။

ရှေးခေတ်ကာလများမှ ယနေ့ခေတ်ကာလအဆက်ဆက်တိုင် ပေါ်ထွန်းနေသော စာပေများကို ဆန်းစစ်ကြည့်လျှင် ဓမ္မစာဆိုတော်များ၏ အမျိုးဘာသာသာသနာအတွက် တာဝန်ကျေခဲ့သည်ကို တွေ့နိုင်ပါသည်။ ကျေးဇူးသိတတ်သူတိုင်း ဓမ္မစာဆိုတော်ကြီးများကို ကျေးဇူးဆပ်ကြရမည်ဖြစ်သည်။ မြတ်ဗုဒ္ဓတရားတော်များနှင့် ပြည်သူများ၏နှလုံးသားထဲမှ ပွင့်အန်ထွက်လာနိုင်သည့်ဓမ္မရသများကို ဖြန့်ဝေပေးနိုင်ခဲ့သည်။ ဓမ္မစာပေ၏တန်ဖိုးကို စာဆိုအကျော် စတုရင်္ဂဗလအမတ်ကြီးက “နိကာယ်လုံးစုံ၊ ကျမ်းသုံးပုံဝယ်၊ အာရုံညွှတ်ညွှတ်၊ ပရမတ်ကို၊ အထွတ်ဘုန်းခိုင်၊ သိမြင်နိုင်က၊ ကျော်လှိုင်ပေါက်ပြ၊ ကြားလကလျှင်၊ ဘဝသုံးမည်၊ လူနတ်ပြည်၌၊ မည်သည့်ကုသိုလ်၊ နှိုင်းဆိုမတန်၊ နိဗ္ဗာန်လက်လှမ်း၊ နန်းပွင့်ငြမ်းသည်၊ ရွှင်လန်းဝမ်းမြောက်တော်မူစေသော်”ဟုရေးဖွဲ့ခဲ့သည်။ ဓမ္မစာပေကို သိမြင်လိုက်နာကျင့်သုံးပါက စာပေအဆင်တန်ဆာ သုတရသများ ပြည့်ဝကုံလုံစေသည်ထက်ကျော်လွန်ပြီး မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် နိဗ္ဗာန်သို့ပင်ရောက်နိုင်ကြောင်း ညွှန်ပြထားသည်။

ထို့ကြောင့် ကျေးဇူးတရားကြီးမားလှသော ဓမ္မစာဆိုတော်များကို အလေးအမြတ်ဂုဏ်ပြုနိုင်ရန်အတွက် နတ်တော်လပြည့်နေ့ကို “ဓမ္မစာဆိုတော်နေ့”ဟု ထိုက်တန်စွာ အသိအမှတ်ပြုသင့်ပါသည်။ အမှန်တကယ်တွင် နတ်တော်လ၏ နတ်တော်လပြည့်နေ့အတွက် လိုအပ်နေသောအခါတော်နေ့ကို မြန်မာသက္ကရာဇ် ၁၃၄၅ ခုနှစ် လွန်ခဲ့သော နှစ်ပေါင်း ၄၀ ကျော်က ကျင်းပလာခဲ့သော်လည်း မျက်မှောက်ကာလတွင် တဖြည်းဖြည်း တိမ်မြုပ်နေသည်ကိုတွေ့ရပါသည်။ သို့ဖြစ်ရာ ဓမ္မစာဆိုတော်များသည် ဆရာအရှင်ဗုဒ္ဓနည်းကိုမှီ၍ လောကီ၊ လောကုတ္တရာ နှစ်ဖြာအကျိုးများမည့် ဓမ္မအသိဉာဏ်ပွင့်လင်းအောင် သီကုံးရေးသားနိုင်သူများဖြစ်၍ ဓမ္မစာဆိုတော်များကို အလေးအမြတ်ပြုသောအားဖြင့် “နတ်တော်လပြည့် (ဓမ္မစာဆိုတော်နေ့)” ဟူ၍ အမွှမ်းတင်ဂုဏ်ပြုကြရမည်ဖြစ်ပါကြောင်း။ ။




သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန

သမဝါယမဦးစီးဌာန နှစ်(၁၂၀)ပြည့် နှစ်ပတ်လည်နေ့

“လူမှုစီးပွားဘဝ ဖွံ့ဖြိုးရေး သမဝါယမက ဆောင်ရွက်ပေး”

(၁၈.၁၂.၂၀၂၄)


## သုံးခွမြို့နယ်၊ မော်ဘီမြို့နယ်နှင့် မဟာအောင်မြေမြို့နယ်တို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၁၄**

တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်းရှိသံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံပြည်သူများအား သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အသီးသီးမှ နယ်လှည့်ဆေးကုသရေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့များက ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် သိုက်တူးကန်ကျေးရွာမှ ဒေသခံပြည်သူ ၁၂၈ ဦးတို့ကို အဆိုပါကျေးရွာရှိ ဘိုးဘွားရိပ်သာဓမ္မာရုံ၌လည်းကောင်း၊ မော်ဘီမြို့နယ် အောက်ဝါးနက်ချောင်းကျေးရွာအုပ်စု အင်းတန်ကျေးရွာမှ သံဃာတော်ခြောက်ပါးနှင့် ဒေသခံပြည်သူ ၁၂၉ ဦးတို့ကို အဆိုပါကျေးရွာရှိ စံပယ်ခြံတပ်ဦးကျောင်း၌လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် ရတနာဘူမိအနောက်ရပ်ကွက်မှ သံဃာတော် ၁၀၂ ပါး၊ သာသနာ့နွယ်ဝင်သီလရှင် ၃၃ ပါးနှင့် ဒေသခံပြည်သူ ၇၂ ဦးတို့ကို အဆိုပါရပ်ကွက်ရှိ မဏိရတနာရာမ မြတောင်ကျောင်းတိုက်၌လည်းကောင်း ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။



ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ နား/နှာခေါင်း/ လည်ချောင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်ပေးခြင်း၊ ကျန်းမာရေးဆိုင်ရာ အသိပညာပေးဟောပြောခြင်းများနှင့် ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့်လူနာများအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ပေါင်းတည်မြို့နယ်၌ E-cigrette နှင့် Vape ရောင်းချခြင်းမပြုရန် စစ်ဆေး

**ပေါင်းတည် ဒီဇင်ဘာ ၁၄**

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ်၌ ဒီဇင်ဘာ ၁၃ ရက် နေ့လယ်ပိုင်းက E- cigrette နှင့် Vape များရောင်းချခြင်း မပြုရန် စစ်ဆေးခြင်းနှင့် သတိပေး၊ အသိပညာပေးခြင်းကို တာဝန်ရှိသူများက ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။




လူငယ်လူရွယ်များ ဆေးလိပ်အစားထိုးအဖြစ် ဓာတုအခိုးအငွေ့များ ရှူရှိုက်မှုတ်ထုတ် သုံးစွဲနေကြသည့် E-cigrette နှင့် Vape သည် ဘေးထွက်ဆိုးကျိုးများရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက စစ်ဆေးတွေ့ရှိရသဖြင့် ပြည်သူများ၏ ကျန်းမာရေးနှင့် အသက်အန္တရာယ်မရှိစေရေးအတွက် ဈေးကွက်အတွင်း ရှိ /မရှိ စစ်ဆေးခြင်းနှင့် ရောင်းချခြင်း မပြုကြရန် သတိပေး၊ အသိပညာပေးခြင်းများကို ကွင်းဆင်းဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**ရွှေသား(ပြန်/ဆက်)**


ကြေးမုံ

| | | | | | |
|---|---|---|---|---|---|
| **စာတည်းမှူးချုပ်** | - | ဦးဝင်းနိုင် | **အကြီးတန်း သတင်းထောက်များ** | - | ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ |
| **ခေတ္တ စာတည်းမှူး** | - | ဦးအေဝမ်းစိုး | **အငယ်တန်း သတင်းထောက်များ** | - | ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| **စာတည်းများ** | - | ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ | **သုတေသန** | - | ဒေါ်ဇင်မာဝင့် |
| | | | **စာပြင်** | - | ဒေါ်ခင်နှင်းယုနှင့်အဖွဲ့ |
| **ဘာသာပြန် စာတည်းများ** | - | ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - | ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့ |
| | | | **အီးမေးလ်နှင့် အွန်လိုင်း** | - | ဦးစိုးချစ်ဦးနှင့်အဖွဲ့ |



ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

# ရခိုင်ပြည်နယ်အတွင်း စိုက်ပျိုးရေးနှင့်မွေးမြူရေးကဏ္ဍကို ဖွံ့ဖြိုးတိုးတက်အောင် မြှင့်တင်ပေးခြင်းသည် လူဦးရေအများစုဖြစ်သော ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများ တိုးတက်လာစေမည်ဖြစ်ပြီး နိုင်ငံ၏ အဓိကကုန်ထုတ်လုပ်ငန်းများ မြင့်မားလာစေမည်

☆ **ရှေ့ဖုံးမှ**

ရခိုင်ပြည်နယ်သည် ရှေးရခိုင်တိုင်းရင်းသားတို့၏ ရှည်လျားသောသမိုင်းကြောင်းနှင့်အတူ ယဉ်ကျေးမှုအမွေအနှစ်များ၊ အနုပညာလက်ရာများ ပေါကြွယ်ဝသောပြည်နယ်ဖြစ်ပါသည်။ ဗုဒ္ဓမြတ်စွာသာသနာတော်ထွန်းလင်းတောက်ပသည့် ဒေသတစ်ခုဖြစ်သည်နှင့်အားလျော်စွာ **“သဇင်ပန်းခိုင်တစ်မြိုင်မြိုင် ရခိုင့်ဘုရားပေါင်း”** ဆိုသည့်အတိုင်း သမိုင်းဝင် ရှေးဟောင်းစေတီပုထိုးများစွာတည်ရှိပြီး ယဉ်ကျေးမှုအမွေအနှစ်များပြည့်စုံသော ပြည်နယ်တစ်ခုလည်းဖြစ်ပါသည်။

ရခိုင်ပြည်နယ်သည် ပထဝီဝင်အနေအထားအရ အနောက်ဘက်ကမ်းရိုးတန်းဒေသတွင်တည်ရှိကာ ဧရိယာစတုရန်းမိုင်ပေါင်း ၁၄၂၀၀ ကျယ်ဝန်းပြီး အိမ်နီးချင်းနိုင်ငံများနှင့် နယ်နိမိတ်ချင်း ဆက်စပ်လျက်ရှိသဖြင့် နိုင်ငံ့အတွက်အရေးပါသော ပြည်နယ်တစ်ခုဖြစ်ပါသည်။ တော၊ တောင်၊ မြစ်ချောင်းများ၊ စိမ်းလန်းစိုပြည်သော သစ်တောများရှိသည့်အပြင် ရှည်လျားလှပသည့် ပင်လယ်ကမ်းရိုးတန်းနှင့်ဆက်စပ်လျက်ရှိသည့်အတွက် မြေသယံဇာတများ၊ ရေသယံဇာတများ ပေါကြွယ်ဝပြီး အဖိုးတန်ထွက်ကုန်များ ထုတ်လုပ်နိုင်သည့် ဂုဏ်ယူဖွယ်ရာ သာယာလှပသော ပြည်နယ်တစ်ခုလည်းဖြစ်ပါသည်။

**ချစ်ခင်လေးစားအပ်ပါသော တိုင်းရင်းသားညီအစ်ကိုမောင်နှမအပေါင်းတို့ ခင်ဗျာ**

ယနေ့ အချိန်အခါသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံတော်တာဝန်အရပ်ရပ်ကို နိုင်ငံအခြေအနေနှင့် လိုအပ်ချက်အရ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တာဝန်ယူဆောင်ရွက်လျက်ရှိသော အရေးပေါ်ကာလဖြစ်ပါသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံ့တာဝန်ကို စတင်တာဝန်ယူသည့်အချိန်မှစပြီး ရှေ့လုပ်ငန်းစဉ်နှင့် ဦးတည်ချက်များကို အဆင့်ဆင့်ချမှတ်ဆောင်ရွက်ခဲ့ရာ လက်ရှိတွင်လည်း ရှေ့လုပ်ငန်းစဉ် (၅)ရပ်နှင့် ဦးတည်ချက် (၉)ရပ်တို့ကို ချမှတ်ပြီး ဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ် (၅)ရပ်ပါအတိုင်း ကဏ္ဍအလိုက်ဟန်ချက်ညီ ရှေ့ဆက်ဆောင်ရွက်လျက်ရှိရာ ယခုဆိုလျှင် ပြည်လုံးကျွတ်လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။ အကြောင်းကြောင်းကြောင့် ကျန်နေသည့်ဒေသများကို ဆက်လက်ကောက်ယူလျက်ရှိပြီး ရှေ့လုပ်ငန်းစဉ် (၅)ရပ်၏ နောက်ဆုံးအချက်ဖြစ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပနိုင်ရန် စီမံဆောင်ရွက်လျက်ရှိပါသည်။

ပြည်သူလူထု၏ ဆန္ဒဖြစ်သည့် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ဖြစ်ပေါ်လာစေရေး အခြေခံကျသည့် အုတ်မြစ်မှာ တရားမျှတ၍ သိက္ခာရှိသော နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲ ပြန်လည်ကျင်းပနိုင်ရေးဖြစ်ပါသည်။ ထိုကဲ့သို့ ဆက်လက်ဆောင်ရွက်သွားနိုင်ရေးအတွက် အဓိကလိုအပ်ချက်မှာ နိုင်ငံတစ်ဝန်း တည်ငြိမ်အေးချမ်းမှုရှိရေးဖြစ်သဖြင့် နိုင်ငံသားအားလုံး တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက နိုင်ငံတော်အစိုးရနှင့်အတူ အမျိုးသားရေးစိတ်ဓာတ်ဖြင့် ဝိုင်းဝန်းကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်သွားရန်လိုအပ်ကြောင်း တိုက်တွန်းမှာကြားလိုပါသည်။

**ချစ်ခင်လေးစားအပ်ပါသော တိုင်းရင်းသားညီအစ်ကိုမောင်နှမအပေါင်းတို့ ခင်ဗျာ**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူအားလုံးတို့အတွက် ငြိမ်းချမ်းသာယာဝပြောသည့် အနာဂတ်ကို ရည်မှန်းလျက် ကောင်းမွန်သည့်ပစ္စုပ္ပန်ကို တည်ဆောက်လျက်ရှိရာ နိုင်ငံရေးရည်မှန်းချက် (၂)ရပ်နှင့် အမျိုးသားရေးရည်မှန်းချက် (၂)ရပ်တို့ကိုလည်း အထူးအလေးထားပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ လူသားတိုင်း အသက်ရှင်ရပ်တည်ရေးအတွက် စားဝတ်နေရေးမှာ အခြေခံလိုအပ်ချက်များဖြစ်သဖြင့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးကို အမျိုးသားရေးရည်မှန်းချက် (၂)ရပ်အဖြစ် ချမှတ်ထားပြီး စိုက်ပျိုးရေးတွင် ဒေသနှင့်ကိုက်ညီသော ထုတ်ကုန်များထွက်ရှိလာစေရေး၊ နိုင်ငံသားတိုင်း အကျိုးရှိစေမည့် မွေးမြူရေးလုပ်ငန်းများ အောင်မြင်အောင် အရှိန်တိုးမြှင့်ဆောင်ရွက်ရေးတို့အတွက် လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါသည်။

နိုင်ငံတော်အစိုးရသည် ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ သမဝါယမနှင့်စက်မှုလက်မှုလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးမတည်ရန်ပုံငွေမှ ထောက်ပံ့ငွေကျပ် ၁၀ ဘီလီယံကို ခွင့်ပြုထားပြီးဖြစ်ပါသည်။ ယခုအခါ အဆိုပါမတည်ငွေကို တောင်သူဦးကြီးများ၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများ၊ သမဝါယမအသင်းများနှင့် စက်မှုလက်မှုလုပ်ငန်း ဆောင်ရွက်သူများသို့ ခွဲဝေဆောင်ရွက်ထားပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိနေကြပြီဖြစ်ပါသည်။

ထိုကဲ့သို့ ရခိုင်ပြည်နယ်အတွင်း စိုက်ပျိုးရေးနှင့်မွေးမြူရေးကဏ္ဍကို ဖွံ့ဖြိုးတိုးတက်အောင် မြှင့်တင်ပေးခြင်းသည် လူဦးရေအများစုဖြစ်သော ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများ တိုးတက်လာစေမည်ဖြစ်ပြီး နိုင်ငံ၏အဓိကကုန်ထုတ်လုပ်ငန်းများ မြင့်မားလာစေမည်ဖြစ်ပါသည်။ ထိုသို့ဆောင်ရွက်ပေးနေခြင်းသည် ရခိုင်ပြည်နယ်နှင့် ရခိုင်ဒေသတိုင်းရင်းသားပြည်သူများအပေါ်ထားရှိသည့် နိုင်ငံတော်၏ စေတနာနှင့် တိုင်းရင်းသားညီနောင်အချင်းချင်း မိသားစုစိတ်ဓာတ်၊ စစ်မှန်သည့် မျိုးချစ်စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်တို့ကို မြင်တွေ့ရမည်ဖြစ်ပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အသိဉာဏ်ပညာပြည့်ဝပြီး ဗလငါးတန်နှင့်ပြည့်စုံသည့် လူ့ဘောင်အသိုင်းအဝိုင်း ထွန်းကားရေးအတွက် ပညာရေးနှင့်ပတ်သက်ပြီး KG+9 အထိ မသင်မနေရသတ်မှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ရခိုင်ပြည်နယ်အတွင်းရှိ ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေရာခိုင်နှုန်းမြင့်မားရေး၊ ကျောင်းသား/ကျောင်းသူများကို အတန်းပညာတတ်မြောက်စေရေး၊ တန်းစဉ်ကူးပြောင်းနှုန်းမြင့်မားရေးတို့ကို အလေးထားဆောင်ရွက်ပေးကြပါရန် တိုက်တွန်းအပ်ပါသည်။

အနာဂတ်တွင် ပြည်နယ်အတွက်သာမက နိုင်ငံတော်အတွက်ပါ အားကိုးအားထားပြုရမည့် ဗလငါးတန်နှင့်ပြည့်စုံသော အရည်အချင်းပြည့်ဝသည့်လူငယ်များ ပေါ်ထွက်လာရေးအတွက် အတတ်ပညာပြည့်ဝရေးသည် အဓိကကျသလို အသိပညာ၊ ဗဟုသုတ၊ အတွေးအခေါ်အယူအဆ မှန်ကန်ရေးသည်လည်း မရှိမဖြစ်လိုအပ်လှပါသည်။ ထို့ကြောင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အတတ်ပညာသာမက အသိပညာဗဟုသုတများ ရှာမှီးနိုင်ရန် နိုင်ငံတော်က အလေးထားဆောင်ရွက်လျက်ရှိသည့် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှုများတွင်လည်း ပူးပေါင်းပါဝင်ခြင်းဖြင့် လူငယ်ကဏ္ဍကိုမြှင့်တင်ပေးကြရန် လိုအပ်ပါသည်။

**ချစ်ခင်လေးစားအပ်ပါသော တိုင်းရင်းသားညီအစ်ကိုမောင်နှမအပေါင်းတို့ ခင်ဗျာ**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီကိုဖွဲ့စည်းပြီး ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေး၊ ဆက်သွယ်ရေးနှင့် လျှပ်စစ်ကဏ္ဍများ အပါအဝင် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ကဏ္ဍအလိုက် မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိပါသည်။ ၂၀၂၃ ခုနှစ် မေလအတွင်းက အင်အားအလွန်ပြင်းထန်သည့် မိုခါဆိုင်ကလုန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်စဉ်ကလည်း မုန်တိုင်းတိုက်ခတ်ပြီး နောက်တစ်ရက်မှာပင် ရခိုင်ပြည်နယ်သို့ရောက်ရှိခဲ့ကာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ချက်ချင်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါသည်။ **စာမျက်နှာ ၄ သို့** ☆

**☆ အနာဂတ်တွင် ပြည်နယ်အတွက်သာမက နိုင်ငံတော်အတွက်ပါ အားကိုးအားထားပြုရမည့် ဗလငါးတန်နှင့်ပြည့်စုံသော အရည်အချင်းပြည့်ဝသည့်လူငယ်များ ပေါ်ထွက်လာရေးအတွက် အတတ်ပညာပြည့်ဝရေးသည် အဓိကကျသလို အသိပညာ၊ ဗဟုသုတ၊ အတွေးအခေါ်အယူအဆ မှန်ကန်ရေးသည်လည်း မရှိမဖြစ်လိုအပ်**

**☆ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အတတ်ပညာသာမက အသိပညာဗဟုသုတများ ရှာမှီးနိုင်ရန် နိုင်ငံတော်က အလေးထားဆောင်ရွက်လျက်ရှိသည့် စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှုများတွင်လည်း ပူးပေါင်းပါဝင်ခြင်းဖြင့် လူငယ်ကဏ္ဍကိုမြှင့်တင်ပေးကြရန်လိုအပ်**

☆ စာမျက်နှာ ၃ မှ
ထို့ကြောင့်လည်း ရခိုင်ပြည်နယ်သည် သဘာဝဘေးဒဏ်ကြောင့် ပျက်စီးမှုများ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိပြီး မူလအခြေအနေထက် ပိုမိုကောင်းမွန်သည့် အခြေအနေတစ်ရပ်သို့ရောက်ရှိအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ရခိုင်ပြည်နယ်သည် ယခင်ကတည်းက လမ်းပန်းဆက်သွယ်ရေးမှ အစ အဘက်ဘက်၌ အခက်အခဲများစွာရှိသဖြင့် အစိုးရအဆက်ဆက် ယခုအချိန်အထိ ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထား ဆောင်ရွက်ခဲ့ခြင်းကြောင့် ယခင်ကထက် အဆပေါင်းများစွာ ပြောင်းလဲတိုးတက်လျက်ရှိသည်မှာ အားလုံးအသိပင်ဖြစ်ပါသည်။

သို့သော်လည်း လက်ရှိကာလတွင် ရခိုင်ပြည်နယ်အပါအဝင် နိုင်ငံအတွင်း တည်ငြိမ်အေးချမ်းမှုမရှိသည်ကို အခွင့်ကောင်းယူ၍ မိမိနိုင်ငံ၏ ပထဝီနိုင်ငံရေးအရ အင်အားကြီးနိုင်ငံတချို့မှ ဩဇာလွှမ်းမိုးချုပ်ကိုင်လိုသည့်အတွက် ပြည်တွင်းမတည်မငြိမ်ဖြစ်အောင် ဖန်တီးပုံဖော်နေခြင်းကို မြင်တွေ့ရမည်ဖြစ်ပါသည်။

၂၀၂၃ ခုနှစ်၊ အောက်တိုဘာလမှစတင်ခဲ့သည့် MNDAA၊ TNLA၊ AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များ၏ လုပ်ဆောင်ချက်များသည် တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားအခြေအနေများကို ပိုမိုဆိုးရွားစေခဲ့ပါသည်။ လက်နက်ကိုင်သောင်းကျန်းသူများ၏ အဖျက်အမှောင့်လုပ်ရပ်များကြောင့် အပြစ်မဲ့ပြည်သူပေါင်းများစွာ ဆင်းရဲဒုက္ခရောက်ခဲ့ကြရပါသည်။ အကြမ်းဖက်သောင်းကျန်းသူများ၏ ခေတ်အဆက်ဆက် လက်နက်ကိုင်တိုက်ခိုက်မှုများသည် နိုင်ငံရေးကို အကြောင်းပြပြီး လွဲမှားသောအယူအဆများဖြင့် အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်နေကြခြင်းသာဖြစ်ပါသည်။ ၎င်းတို့အနေဖြင့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းပြီး ပြည်ထောင်စုကြီးကို အတူတကွ တည်ဆောက်ရန်ထက် တသီးတခြားရပ်တည်လိုစိတ်ကိုသာ ရှေ့တန်းတင်လာသည်ကို တွေ့ရှိရပါသည်။ လူငယ်လူရွယ်များကို မူးယစ်ဆေးဝါးဖြင့် သိမ်းသွင်းမြှူဆွယ်ပြီး စစ်ပွဲထဲ အတင်းအဓမ္မရောက်ရှိစေခဲ့ကြပါသည်။ လက်နက်ကိုင်အကြမ်းဖက်နည်းဖြင့် မိမိတို့လိုလားချက်ကို တောင်းဆို၍မရနိုင်ဘဲ နိုင်ငံရေးစားပွဲဝိုင်းသို့ရောက်လာပြီး ငြိမ်းချမ်းစွာ ဖြေရှင်းသောနည်းဖြင့်သာ ပဋိပက္ခများကို ပြေလည်စေမည်ဖြစ်သည်ကို သိရှိကြပြီး လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်ပြီး လမ်းကြောင်းမှန်ပေါ်ရောက်ရှိကြရေး တိုက်တွန်းလိုပါသည်။

**ချစ်ခင်လေးစားအပ်ပါသော တိုင်းရင်းသား ညီအစ်ကိုမောင်နှမအပေါင်းတို့ ခင်ဗျာ**

မြန်မာနိုင်ငံအတွင်းနေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးအားလုံးသည် ရှေးနှစ်ပေါင်းများစွာကတည်းက အေးအတူ ပူအမျှ တစ်မြေတည်းနေ တစ်ရေတည်းသောက် စည်းလုံးညီညွတ်ခဲ့ကြသည့် ပြည်ထောင်စုဖွားညီအစ်ကိုမောင်နှမများပင်ဖြစ်ကြပါသည်။ ယနေ့အချိန်အခါတွင် ပြည်တွင်းမှ ပြည်ဖျက်သစ္စာဖောက်များနှင့် အင်အားကြီးနိုင်ငံများ၏ အကျိုးစီးပွားအတွက် မိမိတို့တိုင်းရင်းသားများကို ဆင်းရဲဒုက္ခရောက်စေပြီး မိမိတို့နေထိုင်ရာဒေသ ဖွံ့ဖြိုးတိုးတက်မှုနှင့် အရင်းအမြစ်များကို ဖျက်ဆီးနေမည့်အစား မိမိတို့ရှင်သန်ကြီးပြင်းခဲ့ရာ ဒေသနှင့် နိုင်ငံတော်၏အကျိုးအတွက် အားလုံးက အရှည်ကို မြော်တွေးကြရန် အရေးကြီးသည့်အချိန်ဖြစ်ပါသည်။ မိမိတို့အချင်းချင်း သွေးကွဲနေကြမည်ဆိုလျှင် နိုင်ငံတော်၏ စွမ်းအားများ လျော့နည်းပြီး သူတစ်ပါးအလိုကျ လိုက်ပါဆောင်ရွက်ကြရသော လူမျိုးများအဖြစ် သမိုင်းမှတ်တမ်းကျန်ရစ်မည်ကို သတိချပ်ကြရန် တိုက်တွန်းမှာကြားလိုပါသည်။

ပြည်ထောင်စုကြီး ငြိမ်းချမ်းရေးအတွက် NCA လမ်းကြောင်းအတိုင်း လျှောက်လှမ်းခြင်းသာလျှင် မိမိတို့အားလုံး မျှော်လင့်ထားသည့် အေးချမ်းသာယာသော နိုင်ငံတော်ကြီးကို တည်ဆောက်နိုင်မည်ဖြစ်ပါသည်။ မိမိတို့နိုင်ငံ၏ ငြိမ်းချမ်းရေးကိုဖော်ဆောင်ရာတွင် ပြည်ပစွက်ဖက်မှုနှင့် ပြည်တွင်းပယောဂကင်းကင်းဖြင့် တိုင်းရင်းသားညီအစ်ကိုအချင်းချင်း ပြည်ထောင်စုစိတ်ဓာတ်အရင်းခံကာ နိုင်ငံရေးနည်းလမ်းအရ တွေ့ဆုံဆွေးနွေးအဖြေရှာခြင်းဖြင့်သာ အောင်မြင်နိုင်မည်ဖြစ်ပါသည်။ နိုင်ငံတော်အနေဖြင့်လည်း ဆွေးနွေးမှုများကို ဖိတ်ခေါ်ပြီး ငြိမ်းချမ်းရေးတံခါးကို အမြဲဖွင့်ကြိုဆိုလျက်ရှိပါသည်။ **“ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်”** ဆိုသည့်အတိုင်း တိုင်းရင်းသားပြည်သူအားလုံး စည်းလုံးညီညွတ်သော စုပေါင်းအားဖြင့် နိုင်ငံ့အကျိုးကို တက်ညီလက်ညီ ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါသည်။

ရခိုင်ပြည်နယ်တွင် ရခိုင်တိုင်းရင်းသားမျိုးနွယ်စုများဖြစ်ကြသည့် ရခိုင်၊ ကမန်၊ ခမီး၊ ဒိုင်းနက်၊ မရမာကြီး၊ မြို သက်စသည့် တိုင်းရင်းသားများသည် မြန်မာ၊ ချင်းစသည့် တိုင်းရင်းသားများနှင့်အတူ ယှဉ်တွဲနေထိုင်လျက်ရှိပါသည်။ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့မှာ မှီတင်းနေထိုင်ကြသော တိုင်းရင်းသားအားလုံး၏ စည်းလုံးညီညွတ်မှုနှင့် ပြည်ထောင်စုစိတ်ဓာတ်ခိုင်မြဲမှုတို့ပေါ်တွင် မှီတည်လျက်ရှိပါသည်။ ရခိုင်ပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ငြိမ်းချမ်းရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးကို အားကြိုးမာန်တက် ပူးပေါင်းဆောင်ရွက်မှုများသည် ရခိုင်ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်ပေါ်စေပြီး နိုင်ငံတော်တည်ဆောက်ရေးအတွက် စွမ်းအားတစ်ရပ်အဖြစ် ဖြစ်တည်လျက်ရှိပါသည်။

နိဂုံးချုပ်အားဖြင့် မိမိတို့နိုင်ငံတွင် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် မှန်ကန်သည့်ပြုပြင်ပြောင်းလဲမှုလုပ်ငန်းများ အဆင်ပြေချောမွေ့စွာနှင့် လျင်မြန်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် အဓိကလိုအပ်ချက်များဖြစ်သည့် နိုင်ငံလုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် ပြည်သူတစ်ရပ်လုံးက ပူးပေါင်းပါဝင်သည်နှင့်အမျှ လျင်မြန်စွာ အောင်မြင်နိုင်မည်ဖြစ်ပါသည်။ ရခိုင်ပြည်နယ်ရှိ တိုင်းရင်းသားပြည်သူများအနေဖြင့်လည်း ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်ကိုအခြေခံ၍ ပြည်နယ်သူ ပြည်နယ်သားများ၏ အကျိုး၊ ပြည်နယ်၏ အကျိုး၊ ပြည်ထောင်စု၏အကျိုး ထမ်းဆောင်နိုင်သူများ ဖြစ်ကြပါစေကြောင်းနှင့် အစဉ်ထာဝရ အေးချမ်းသာယာပျော်ရွှင်ချမ်းမြေ့ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှစ် (၅၀)ပြည့် ရွှေရတုရခိုင်ပြည်နယ်နေ့ကိုဂုဏ်ပြုလျက် သဝဏ်လွှာပေးပို့အပ်ပါသည်။

**ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ**
**သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်**
**နိုင်ငံတော်ဝန်ကြီးချုပ်**
**ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး မဟာမဲခေါင်ဒေသခွဲ နယ်စပ်ဖြတ်ကျော်ပို့ဆောင်မှု လွယ်ကူချောမွေ့စေရေး သဘောတူစာချုပ်ဆိုင်ရာ ပူးတွဲကော်မတီ၏အစည်းအဝေးများတက်ရောက်ပြီး ပြန်လည်ရောက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၁၄**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး ခေါင်းဆောင်သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့မှ ဘာသာရပ်ဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများသည် လာအိုနိုင်ငံ ဆောက်လုပ်ရေးနှင့် ပို့ဆောင်ရေးဝန်ကြီးဌာန၏ ဖိတ်ကြားချက်အရ လာအိုနိုင်ငံ ဗီယင်ကျန်းမြို့၌ ဒီဇင်ဘာ ၁၂ ရက်နှင့် ၁၃ ရက်တွင် ကျင်းပသည့် မဟာမဲခေါင်ဒေသခွဲ နယ်စပ်ဖြတ်ကျော် ပို့ဆောင်မှု လွယ်ကူချောမွေ့စေရေး သဘောတူစာချုပ်ဆိုင်ရာ ပူးတွဲကော်မတီ၏ နဝမအကြိမ်မြောက် အစည်းအဝေးနှင့် အမျိုးသားပို့ဆောင်မှု လွယ်ကူချောမွေ့စေရေးကော်မတီ အဆင့်မြင့်အရာရှိကြီးအဆင့် အကြိုညှိနှိုင်း အစည်းအဝေးများသို့ တက်ရောက်ရန် ဒီဇင်ဘာ ၁၁ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။




အစည်းအဝေး ပထမနေ့ဖြစ်သည့် ဒီဇင်ဘာ ၁၂ ရက် မွန်းလွဲပိုင်းတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များသည် အမျိုးသားပို့ဆောင်မှု လွယ်ကူချောမွေ့စေရေးကော်မတီ အဆင့်မြင့်အရာရှိကြီးအဆင့် အကြိုညှိနှိုင်း အစည်းအဝေးသို့ တက်ရောက်ပြီး မြန်မာနိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုးထားသည့် မဟာမဲခေါင်ဒေသခွဲ နယ်စပ်ဖြတ်ကျော် သယ်ယူပို့ဆောင်မှု လွယ်ကူချောမွေ့စေရေး သဘောတူစာချုပ်ဆိုင်ရာ အကောင်အထည်ဖော်မှုကိစ္စရပ်များ၊ သဘောတူစာချုပ်၏အခြေပြစာချုပ်ငယ်-၁ (GMS CBTA Protocol 1) အရ လမ်းကြောင်းနှင့် နယ်စပ်ဝင်/ထွက် ပေါက်နေရာများ ဒုတိယအကြိမ် ထပ်မံတိုးချဲ့ရေးအတွက် နားလည်မှုစာလွှာမူကြမ်းနှင့် ဂျီအမ်အက်စ် သယ်ယူပို့ဆောင်ရေးလုပ်ငန်းစဉ်အရ ၂၀၂၄ ခုနှစ်တွင် ဆောင်ရွက်မှုနှင့် ၂၀၂၅ ခုနှစ်အတွက် ရည်မှန်းချက်များအပေါ် ဆွေးနွေးညှိနှိုင်းကြသည်။

ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့သည် အစည်းအဝေး ဒုတိယနေ့ဖြစ်သည့် ၁၃ ရက်တွင် မဟာမဲခေါင်ဒေသခွဲ နယ်စပ်ဖြတ်ကျော်ပို့ဆောင်မှုလွယ်ကူချောမွေ့စေရေးဆိုင်ရာ ပူးတွဲကော်မတီ၏ နဝမအကြိမ်မြောက် အစည်းအဝေးကို မဟာမဲခေါင်ဒေသတွင်းနိုင်ငံများမှ ပို့ဆောင်ရေးဆိုင်ရာဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့်အတူ ဆက်လက်တက်ရောက်ရာ အစည်းအဝေးတွင် အမျိုးသားပို့ဆောင်မှု လွယ်ကူချောမွေ့စေရေးကော်မတီ အဆင့်မြင့် အရာရှိကြီးအဆင့် ညှိနှိုင်းအစည်းအဝေး (NTFC SOM) အစီရင်ခံစာ၊ ပူးတွဲကော်မတီ၏ နဝမအကြိမ်မြောက် အစည်းအဝေး ပူးတွဲကြေညာချက်နှင့် မဟာမဲခေါင်ဒေသခွဲ နယ်စပ်ဖြတ်ကျော် သယ်ယူပို့ဆောင်မှုလွယ်ကူချောမွေ့စေရေး သဘောတူစာချုပ်အခြေပြစာချုပ်ငယ်-၁ (CBTA Protocol 1) ဆိုင်ရာ လမ်းကြောင်းနှင့် နယ်စပ်ဝင်/ထွက် နေရာများ ဒုတိယအကြိမ် ထပ်မံတိုးချဲ့ရေးအတွက် နားလည်မှုစာလွှာတို့ကို ဆွေးနွေးအတည်ပြုကြသည်။

မြန်မာနိုင်ငံသည် မဟာမဲခေါင်ဒေသခွဲ နယ်စပ်ဖြတ်ကျော်ပို့ဆောင်မှု လွယ်ကူချောမွေ့စေရေးသဘောတူစာချုပ် (GMS CBTA) ကို ၂၀၀၃ ခုနှစ်တွင် ပါဝင်လက်မှတ်ရေးထိုးခဲ့ပြီး အဖွဲ့ဝင်နိုင်ငံများအားလုံးမှ ၂၀၁၅ ခုနှစ်တွင် သဘောတူစာချုပ်နှင့် ၎င်း၏ နောက်ဆက်တွဲ စာချုပ်ငယ်များနှင့် အခြေပြစာချုပ်ငယ်များကို လက်ခံအတည်ပြုခဲ့ကြသည်။ အဖွဲ့ဝင်နိုင်ငံများအကြား ကုန်သွယ်မှုဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ အခက်အခဲများကို ဖြေရှင်းရန် ဆက်သွယ်ချိတ်ဆက်မှု တိုးတက်မှုများမှ အကျိုးအမြတ်များဖြစ်သည့် ယှဉ်ပြိုင်မှု တိုးတက်လာခြင်းနှင့် ကုန်ကျစရိတ်လျှော့ချခြင်းဖြင့် ကုန်သွယ်မှုချောမွေ့လာခြင်း၊ ကုန်သွယ်မှု၊ ခရီးသွားမှုနှင့် ရင်းနှီးမြှုပ်နှံမှု တိုးတက်လာခြင်းနှင့် ဒေသတွင်းရှိပြည်သူများ၏ နေထိုင်မှုဘဝများ တိုးတက်လာခြင်းတို့ကို ရယူရန်အတွက် အရေးပါသည့် စာချုပ်တစ်ခုဖြစ်ပြီး၊ မဟာမဲခေါင်ဒေသခွဲအတွင်း ပိုမိုကောင်းမွန်သော၊ ကြွယ်ဝပြည့်စုံသော အခြေအနေသို့ ရောက်ရှိရန်အတွက် စာချုပ်ကိုအောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်ပြီး ၂၀၂၅ ခုနှစ်တွင် မြန်မာနိုင်ငံအနေဖြင့် မဟာမဲခေါင်ဒေသခွဲ နယ်စပ်ဖြတ်ကျော်ပို့ဆောင်မှု လွယ်ကူချောမွေ့စေရေး သဘောတူစာချုပ်ဆိုင်ရာ အစည်းအဝေးများကို အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပရမည်ဖြစ်သည်။

ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဒီဇင်ဘာ ၁၃ ရက် ညပိုင်းတွင် မြန်မာအမျိုးသားလေကြောင်းခရီးစဉ်ဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ဦးဆောင်သောအဖွဲ့ စစ်တွေမြို့၌ ပြည်နယ်အဆင့် ဌာနဆိုင်ရာများနှင့် တွေ့ဆုံ




စစ်တွေ ဒီဇင်ဘာ ၁၄

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာမှုထန်၊ ဒေါက်တာဘရှေနှင့် ခွန်စံလွင်တို့ဦးဆောင်သောအဖွဲ့သည် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ ဒုတိယဝန်ကြီး ဒေါ်နုမြဖ်၊ ဦးဇော်အေးမောင်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ အဖွဲ့ဝင် ဒေါ်အေးနုစိန်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့ရှိ ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပြည်နယ်အဆင့် ဌာနဆိုင်ရာများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်နယ်ဝန်ကြီးချုပ်က ဒေသဆိုင်ရာအခြေအနေကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များက လိုအပ်သည်များကို ဆွေးနွေးမှာကြားကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ အဖွဲ့ဝင်နှင့် ဒုတိယဝန်ကြီးများသည် ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ပေးနေမှုနှင့် ဆက်လက်ဆောင်ရွက်ပေးမည့် အစီအမံများ၊ ဒေသတည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် နယ်စပ်ရေးရာဝန်ကြီးဌာနမှ ရခိုင်ပြည်နယ်အတွင်းရှိ နိုင်ငံ့ဝန်ထမ်းများအတွက် ပေးအပ်ချီးမြှင့်သည့် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ စည်သွတ်ဘူးများကို ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က ပြည်နယ်ဝန်ကြီးချုပ်ထံ ပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာဘရှေက ဌာနဆိုင်ရာများအားလုံး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် လုပ်ငန်းတာဝန်များကို လုပ်ဆောင်နေကြသည်ကို တွေ့ရှိရသည့်အတွက် များစွာဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများသည် နိုင်ငံတော်၏ မူဝါဒများကို လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နေကြသူများဖြစ်ကြောင်း၊ နိုင်ငံရေးကို နိုင်ငံရေးနည်းလမ်းဖြင့် ဆောင်ရွက်မှသာ ထာဝရငြိမ်းချမ်းရေးကို ရရှိနိုင်မည်ဖြစ်ပြီး နိုင်ငံရေးစားပွဲဝိုင်းတွင် ဆွေးနွေးမှသာ စစ်မှန်သော ငြိမ်းချမ်းရေးကို ရရှိနိုင်မည်ဖြစ်ကြောင်း၊ မိမိအနေဖြင့် ယခင်စစ်တွေမြို့ ခရီးစဉ်တွင် ပြည်သူများနှင့်တွေ့ဆုံခဲ့မှုမှ ပြည်သူများ၏ တင်ပြချက်များအပေါ် နိုင်ငံတော်အကြီးအကဲထံသို့ အချိန်နှင့်တစ်ပြေးညီတင်ပြခဲ့ပြီး နိုင်ငံတော်အကြီးအကဲကလည်း ချက်ချင်းခွင့်ပြုခဲ့ကြောင်း၊ ပြည်နယ်အစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာများအနေဖြင့် လိုအပ်ချက်များရှိပါက မိမိတို့ထံသို့ တင်ပြပေးကြစေလိုကြောင်း၊ ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဒေသတည်ငြိမ်အေးချမ်းရေးတို့ကို အားလုံးပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ဦးဆောင်သည့်အဖွဲ့သည် ကမ္ဘာ့သာသနာပြု မဟာဓေယျသိဒ္ဓိအဓိဋ္ဌာန် ဘုန်းတော်ကြီးကျောင်းသို့ သွားရောက်ပြီး ဆရာတော်ကြီးအား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။

သတင်းစဉ်

# ပို့ကုန်မှရရှိသည့် နိုင်ငံခြားငွေများကို အချိန်နှင့်တစ်ပြေးညီ ပြည်တွင်းသို့ စီးဝင်နိုင်ရေး အလေးထားဆောင်ရွက်ပေးကြရန် လိုအပ်

ရန်ကုန် ဒီဇင်ဘာ ၁၄




ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်၏ (၃၃)ကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီ အစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ(ရန်ကုန်)၌ ကျင်းပသည်။

အစည်းအဝေးသို့ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုး၊ ဒေါက်တာကံဇော်၊ ဦးထွန်းအုံ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ နိုင်ငံခြားသံရုံးများနှင့် ညီနောင်မိတ်ဖက်အသင်းများမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ သဘာပတိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးအေးဝင်းက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် ပုဂ္ဂလိကကဏ္ဍသည် အဓိကမောင်းနှင်အားတစ်ရပ်အဖြစ် ပါဝင်ပါကြောင်း၊ နိုင်ငံတော်အနေဖြင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ အကျိုးစီးပွားကို အလေးထားဆောင်ရွက်ပေးလျက်ရှိသည့်အတွက် လုပ်ငန်းရှင်များဘက်ကလည်း ပို့ကုန်မှရရှိသည့် နိုင်ငံခြားငွေများကို အချိန်နှင့်တစ်ပြေးညီ ပြည်တွင်းသို့ စီးဝင်နိုင်ရေး အလေးထားဆောင်ရွက်ပေးကြရန် လိုအပ်ပါကြောင်း။

ယခု ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် စီးပွားရေးတိုးတက်မှုနှုန်းကို ၃ ဒသမ ၈ ရာခိုင်နှုန်းရရှိရန် ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိကြောင်း၊ ရာဂီမုန်တိုင်းနှင့် နယ်မြေဒေသ အခြေအနေများကြောင့် အချို့ကဏ္ဍများ၌ ထိခိုက်မှုရှိခဲ့သော်လည်း ဧပြီလမှ စက်တင်ဘာလထိ ပထမခြောက်လကုန်ဆုံးချိန်တွင် GDP တိုးတက်မှုနှုန်း ၂ ဒသမ ၄ ရာခိုင်နှုန်းရရှိခဲ့ပါကြောင်း၊ အသင်းချုပ်အနေဖြင့် မူဝါဒဆိုင်ရာ ကိစ္စရပ်များတွင် ပိုမိုကောင်းမွန်သည့် စီးပွားရေးဝန်းကျင်ဖြစ်လာစေရန် အစိုးရနှင့် ပုဂ္ဂလိက ကဏ္ဍအကြား ပေါင်းကူးသဖွယ် ဆောင်ရွက်ပေးနေခြင်းက များစွာ အထောက်အကူဖြစ်စေပါကြောင်း ပြောကြားသည်။

ထို့နောက်အသင်း၏အထွေထွေအတွင်းရေးမှူးချုပ် ဒေါ်ခိုင်ခိုင်နွယ်က နှစ်ပတ်လည်အစီရင်ခံစာ၊ ဘဏ္ဍာရေးရှင်းတမ်းနှင့် ပြင်ပစာရင်းစစ် JF Group-Certified Public Accountants & Auditors ၏ စာရင်းစစ် အစီရင်ခံစာတို့ကို ဖတ်ကြားရှင်းလင်းပြီး မေးမြန်းအကြံပြုချက်များကို ဖြေကြားပေးကာ နှစ်ပတ်လည်အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းကို အတည်ပြုခြင်းနှင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွက် ပြင်ပစာရင်းစစ် ခန့်အပ်ခြင်းတို့ကို ဆောင်ရွက်ကြသည်။

ယင်းနောက် အသင်းချုပ်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြကာ အမျိုးသားဇာတ်ရုံအတွင်း ခင်းကျင်းပြသထားသည့် ညီနောင်အသင်းများ၏ ပြခန်းများကို လှည့်လည်ကြည့်ရှုကြသည်။

သတင်းစဉ်




အမျိုးသားကန်တော်ကြီးဥယျာဉ် နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် (၁၇)ကြိမ်မြောက် ပန်းပွဲတော်ဖွင့်ပွဲတွင် ရိုးရာယဉ်ကျေးမှုအကများဖြင့် ဖျော်ဖြေတင်ဆက်စဉ်။

❖ ပြင်ဦးလွင်မြို့မှ

ဦးစွာ အမျိုးသားကန်တော်ကြီးဥယျာဉ် နှစ်(၁၀၀)ပြည့် အဖွင့်သီချင်းနှင့် အကတို့ဖြင့် ဂုဏ်ပြုတင်ဆက်ခဲ့သည်။ ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးသိန်းငွေးက အဖွင့်အမှာစကားပြောကြားပြီး ထူးကုမ္ပဏီများအုပ်စု အကြံပေးဦးမြင့်ဆွေက ကျေးဇူးတင်စကားပြောကြားသည်။

### ဖဲကြိုးဖြတ်ဖွင့်လှစ်

ဆက်လက်၍ နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် (၁၇)ကြိမ်မြောက် ပန်းပွဲတော်ဖွင့်ပွဲကို ပြင်ဦးလွင်တပ်နယ်မှူး ဗိုလ်ချုပ်စိုးမြတ်ထွဋ်၊ မန္တလေးတိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးရွှေဇင်၊ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသောင်းနိုင်ဦး၊ ထူးကုမ္ပဏီများအုပ်စု အကြံပေး ဦးမြင့်ဆွေနှင့် ပြင်ဦးလွင်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန့်ဇော်ဦးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ထို့နောက် တေးသံရှင်များက တေးသီချင်းများ၊ အကများဖြင့် သီဆိုဖျော်ဖြေကြသည်။ ဆက်လက်၍ အမျိုးသားကန်တော်ကြီးဥယျာဉ် နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် အထက်တန်းအဆင့်နှင့် အလယ်တန်းအဆင့် စာစီစာကုံး၊ ပန်းချီ၊ ကဗျာပြိုင်ပွဲများတွင် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြပြီး ပြခန်းများနှင့် ပန်းပွဲတော်အတွင်း ကြည့်ရှုအားပေးကြသည်။

အဆိုပါ အမျိုးသားကန်တော်ကြီးဥယျာဉ် နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် ပန်းပွဲတော်ဖွင့်ပွဲတွင် လာရောက်လည်ပတ်သူများဖြင့် စည်ကားလျက်ရှိပြီး ပွဲတော်ကို ဒီဇင်ဘာ ၁၄ ရက်မှ ဇန်နဝါရီ ၁၂ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဝန်ကြီးဌာနအဆင့်နှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားများ ဆက်လက်ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၄**

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော် ဝန်ကြီးဌာနအဆင့်နှင့် ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့် ပြိုင်ပွဲများ၏ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားများကို ယနေ့တွင် နေပြည်တော်ရှိ သက်ဆိုင်ရာ အားကစားကွင်းနှင့် အားကစားရုံများ၌ ကျင်းပသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်ကာယဗလနှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲ အမျိုးသား ၁၇၀ စင်တီမီတာအထက် ကာယကြံ့ခိုင်မှု Athletic Physique ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးအသင်းမှ ပြိုင်ပွဲဝင်အား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်ဖွံ့ဖြိုးပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးအောင်ဇော်သိန်း ဝန်ကြီးဌာနအဆင့် ပြေးခုန်ပစ်ပြိုင်ပွဲ အမျိုးသမီး မီတာ ၁၁၀ တန်းကျော်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာနအသင်းမှ ပြိုင်ပွဲဝင်အား ဆုပေးအပ်ချီးမြှင့်စဉ်။

ဦးစွာ ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော် ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့် ကာယဗလနှင့် ကာယကြံ့ခိုင်မှု ပြိုင်ပွဲပွဲစဉ်များကို မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန - ၂ ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီး၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ လူမှုရေးရာဝန်ကြီးများ၊ သယံဇာတရေးရာဝန်ကြီးနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ မြန်မာနိုင်ငံကာယဗလနှင့်ကာယကြံ့ခိုင်မှုအားကစားအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမားများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ရခိုင်ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးသက်ထွန်းက အမျိုးသား အသက် ၂၁ အောက် ကာယဗလ ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် စစ်ကိုင်းတိုင်း ဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကို လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးတင်သိန်းက အမျိုးသား ၅၅ ကီလိုအထိကာယဗလပြိုင်ပွဲတွင် ပထမဆုရရှိသည့် မွန်ပြည်နယ်၊ ဒုတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီး၊ တတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကို လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးညွန့်ဝင်းအောင်က အမျိုးသား ၆၀ ကီလိုအထိကာယဗလပြိုင်ပွဲတွင် ပထမဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကို လည်းကောင်း၊ ချင်းပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေလင်းအောင်က အမျိုးသား ၆၅ ကီလိုအထိကာယဗလပြိုင်ပွဲတွင် ပထမဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ရခိုင်ပြည်နယ်နှင့် တတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကို လည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်များအား ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးထိန်လင်းက အမျိုးသား ၁၇၀ စင်တီမီတာအထိကာယကြံ့ခိုင်မှု Athletic Physique ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် မန္တလေးတိုင်း ဒေသကြီးနှင့် တတိယဆုရရှိသည့် ရခိုင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိန်းကျော်က အမျိုးသမီး Athletic Physique ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ရခိုင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များကို လည်းကောင်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းက အမျိုးသား Fitness Physique ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ရှမ်းပြည်နယ်နှင့် တတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကို လည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်များအား ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က အမျိုးသား ၁၇၀ စင်တီမီတာအထက် ကာယကြံ့ခိုင်မှု Athletic Physique ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပဲခူးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ရှမ်းပြည်နယ်နှင့် တတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကို ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသား အားကစားပွဲတော် အထိမ်းအမှတ်အရုပ်များအား ပေးအပ်ချီးမြှင့်သည်။

အလားတူ ဝန်ကြီးဌာနအဆင့် ပြေးခုန်ပစ်ပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ကျင်းပရာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးအောင်ဇော်သိန်း၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်း၏၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမားများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဇော်မြင့်နိုင်က အမျိုးသား မီတာ ၁၅၀၀ အပြေးပြိုင်ပွဲတွင် ပထမဆုရရှိသည့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဆုရရှိသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် တတိယဆုရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာနတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့အဖွဲ့ဝင် ဒေါ်ခင်မျိုးမြင့်က အမျိုးသမီး မီတာ ၁၅၀၀ အပြေးပြိုင်ပွဲတွင် ပထမဆုနှင့် ဒုတိယဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာနနှင့် တတိယဆုရရှိသည့် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနတို့မှ ပြိုင်ပွဲဝင်များကို လည်းကောင်း၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးဆန်းမြင့်က အမျိုးသမီး သုံးဆင့်ခုန်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာနနှင့် တတိယဆုရရှိသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ပြိုင်ပွဲဝင်များကိုလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့်အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်များအား ပေးအပ်ချီးမြှင့်ကြသည်။



ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်ရေကူးပြိုင်ပွဲ အမျိုးသမီး မီတာ ၅၀ x ၄ လွှန်းပျံအလွတ်ကူး ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းမှ ပြိုင်ပွဲဝင်များအား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့ဝင် ဦးဉာဏ်ထွန်း ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်ရေကူးပြိုင်ပွဲ အမျိုးသား မီတာ ၅၀ အလွတ်ကူးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းမှ ပြိုင်ပွဲဝင်အား ဆုပေးအပ်ချီးမြှင့်စဉ်။

စာမျက်နှာ ၇ သို့ ☆

☆ စာမျက်နှာ ၆ မှ

ယင်းနောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေက အမျိုးသမီး လုံတံပစ်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဆုရရှိသည့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာနနှင့် တတိယဆုရရှိသည့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်က အမျိုးသား ၂၀ ကီလိုမီတာ လမ်းလျှောက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဆုရရှိသည့် အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာနနှင့် တတိယဆုရရှိသည့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ နေပြည်တော် ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးက အမျိုးသမီး ၂၀ ကီလိုမီတာ လမ်းလျှောက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဆုရရှိသည့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် တတိယဆုရရှိသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်များအား ပေးအပ်ချီးမြှင့်ကြသည်။



ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်း ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် ကာယဗလနှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲ အမျိုးသား Fitness Physique ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းမှ ပြိုင်ပွဲဝင်အား ဆုပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် ကာယဗလနှင့်ကာယကြံ့ခိုင်မှုပြိုင်ပွဲ အမျိုးသမီး Athletic Physique ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းမှ ပြိုင်ပွဲဝင်အား ဆုပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ ဝန်ကြီးဌာနအဆင့် ပြေးခုန်ပစ်ပြိုင်ပွဲ အမျိုးသမီး မီတာ ၄၀၀ အပြေးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာနအသင်းမှ ပြိုင်ပွဲဝင်အား ဆုပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် တိုက်ကွမ်ဒိုပြိုင်ပွဲ အမျိုးသား (၆၃-၆၈) ကီလိုအတိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရှမ်းပြည်နယ်အသင်းမှ ပြိုင်ပွဲဝင်အား ဆုပေးအပ်ချီးမြှင့်စဉ်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက အမျိုးသမီး မီတာ ၄၀၀ အပြေးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာန၊ ဒုတိယရရှိသည့် အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာနနှင့် တတိယဆုရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာနတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ အမျိုးသား မီတာ ၄၀၀ အပြေးပြိုင်ပွဲတွင် ပထမဆုနှင့် ဒုတိယဆုရရှိသည့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် တတိယဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာနတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးအောင်ဇော်သိန်းက အမျိုးသမီး မီတာ ၁၁၀ တန်းကျော်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာနနှင့် တတိယဆုရရှိသည့် ပြည်ထောင်စုစာရင်းစစ်ချုပ်တို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ အမျိုးသားသုံးဆင့်ခုန်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဆုရရှိသည့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် တတိယဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာနတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်များအား ပေးအပ်ချီးမြှင့်ကြသည်။

ထို့အတူ ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့် ရေကူးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ဝဏ္ဏသိဒ္ဓိရေကူးကန်၌ ကျင်းပရာ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံး အဖွဲ့ဝင် ဦးဉာဏ်ထွန်း၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်၊ ရှမ်းပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ်မှ ဒုတိယဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမားများ တက်ရောက်ကြည့်ရှုအားပေးကြသည်။



၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲများကို လာရောက်ကြည့်ရှုအားပေးကြသူများအား တွေ့ရစဉ်။

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ် အတွင်းရေးမှူး ဦးစန်းဝင်းဇော်က အမျိုးသမီး မီတာ ၂၀၀ အလွတ်ကူးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ရှမ်းပြည်နယ်တို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးချိုမောင်က အမျိုးသား မီတာ ၂၀၀ အလွတ်ကူးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ကရင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးတောက်ထွန်းက အမျိုးသမီး မီတာ ၅၀ ပက်လက်ကူးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ရှမ်းပြည်နယ်နှင့် တတိယဆုရရှိသည့် ကရင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ အမျိုးသား မီတာ ၅၀ ပက်လက်ကူးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် မကွေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကို လည်းကောင်း၊ ရှမ်းပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေဝင်းအောင်က အမျိုးသမီး မီတာ ၅၀ ရင်ပေါ်တန်းကူးပြိုင်ပွဲတွင် ပထမဆုနှင့် ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ကရင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ အမျိုးသား မီတာ ၅၀ ရင်ပေါ်တန်းကူးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် စာမျက်နှာ ၈ သို့ ☆

☆ စာမျက်နှာ ၇ မှ

မန္တလေးတိုင်း ဒေသကြီးနှင့် တတိယဆုရရှိသည့် ရှမ်းပြည်နယ်တို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသား အားကစားပွဲတော် အထိမ်းအမှတ်အရုပ်များအား ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးရဲတင့်က အမျိုးသမီး မီတာ ၅၀ လိပ်ပြာကူးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကချင်ပြည်နယ်၊ ဒုတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကို လည်းကောင်း၊ အမျိုးသားမီတာ ၅၀ လိပ်ပြာကူးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကချင်ပြည်နယ်၊ ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်တို့မှ ပြိုင်ပွဲဝင်များကို လည်းကောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးရေး အခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့ဝင် ဦးဉာဏ်ထွန်းက အမျိုးသမီး မီတာ ၅၀ အလွတ်ကူးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရှမ်းပြည်နယ်၊ ဒုတိယဆုနှင့် တတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကို လည်းကောင်း၊ အမျိုးသား မီတာ ၅၀ အလွတ်ကူးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် မကွေးတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကို လည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်များအား ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးက အမျိုးသမီး မီတာ ၅၀ x ၄ လွှန်းပျံ့အလွတ်ကူးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ အမျိုးသား မီတာ ၅၀ x ၄ လွှန်းပျံ့အလွတ်ကူး ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် မကွေးတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် မန္တလေး တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကို လည်းကောင်း တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသား အားကစားပွဲတော် အထိမ်းအမှတ်အရုပ်များအား ပေးအပ်ချီးမြှင့်ကြသည်။

အလားတူ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် တိုက်ကွမ်ဒိုပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို TC-1 - တိုက်ကွမ်ဒိုရုံ၌ ကျင်းပရာ ရှမ်းပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေဝင်းအောင်က အမျိုးသမီး (-၄၆) ကီလိုအတိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် မကွေးတိုင်းဒေသကြီး၊ ပူးတွဲတတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး တိုင်းရင်းသားရေးရာ ဝန်ကြီး ဦးစောလင်းအောင်က အမျိုးသမီး ၄၆-၅၁ ကီလိုအတိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ရှမ်းပြည်နယ်၊ ပူးတွဲတတိယဆုရရှိသည့် ကရင်ပြည်နယ်နှင့် ဧရာဝတီတိုင်း ဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကို လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးခင်မောင်ကြည်က အမျိုးသမီး ၅၁-၅၆ ကီလိုအတိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ရှမ်းပြည်နယ်၊ ပူးတွဲတတိယဆုရရှိသည့် ကယားပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကို လည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်များအား ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ကယားပြည်နယ် လူမှုရေးရာဝန်ကြီး ဦးအောင်မျိုးသိန်းက အမျိုးသား(-၅၄) ကီလိုအတိုက်ပြိုင်ပွဲ ပထမဆုရရှိသည့် ကချင်ပြည်နယ်၊ ဒုတိယဆုရရှိသည့် ရှမ်းပြည်နယ်၊ ပူးတွဲတတိယဆုရရှိသည့် ချင်းပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကို လည်းကောင်း၊ ဒုတိယဝန်ကြီး ဦးဇင်မင်းထက်က အမျိုးသား ၅၄-၅၈ ကီလို အတိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီး၊ ပူးတွဲတတိယဆုရရှိသည့် ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ်တရားသူကြီး ဦးမျိုးတင့်က အမျိုးသမီး ၅၆-၆၂ ကီလို အတိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရှမ်းပြည်နယ်၊ ဒုတိယဆုရရှိသည့် ရခိုင်ပြည်နယ်၊ ပူးတွဲတတိယဆုရရှိသည့် ကချင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များကို လည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသား အားကစားပွဲတော် အထိမ်းအမှတ်အရုပ်များအား ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က အမျိုးသား ၅၈-၆၃ ကီလို အတိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ကယားပြည်နယ်၊ ပူးတွဲတတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ အမျိုးသား ၆၃-၆၈ ကီလိုအတိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရှမ်းပြည်နယ်၊ ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ပူးတွဲတတိယဆုရရှိသည့် ကယားပြည်နယ်နှင့် ဧရာဝတီတိုင်း ဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကို လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက အမျိုးသား ၆၈-၇၄ ကီလို အတိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရခိုင်ပြည်နယ်၊ ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ပူးတွဲတတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ အမျိုးသား ၇၄ ကီလိုအထက် အတိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် မန္တလေးတိုင်း ဒေသကြီး၊ ပူးတွဲတတိယဆုရရှိသည့် ကရင်ပြည်နယ်နှင့် တနင်္သာရီ တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကို လည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသား အားကစားပွဲတော်အထိမ်းအမှတ် အရုပ်များအား ပေးအပ်ချီးမြှင့်ကြသည်။

ထို့အတူ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် ခရစ်ကက်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ဝဏ္ဏသိဒ္ဓိမြားပစ်ကွင်း (၁) ၌ ကျင်းပရာ ရခိုင်ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးသက်ထွန်းက အမျိုးသမီး ခရစ်ကက်ပြိုင်ပွဲတွင် ပူးတွဲတတိယဆုရရှိသည့် ကရင်ပြည်နယ်အသင်းမှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုးက ပူးတွဲတတိယဆုရရှိသည့် ရခိုင်ပြည်နယ်အသင်းမှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမိုးဇော်ထွန်းက ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းမှ ပြိုင်ပွဲဝင်များကို လည်းကောင်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးက ပထမဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးအသင်းမှ ပြိုင်ပွဲဝင်များကိုလည်းကောင်း တစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသား အားကစားပွဲတော် အထိမ်းအမှတ်အရုပ်များအား ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ဧရာဝတီတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးခင်မောင်ကြည်က အမျိုးသား ခရစ်ကက်ပြိုင်ပွဲတွင် ပူးတွဲတတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးအသင်းမှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဦးဇင်မင်းထက်က ပူးတွဲတတိယဆုရရှိသည့် ကရင်ပြည်နယ်အသင်းမှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်လွင်ဦးက ဒုတိယဆုရရှိသည့် ရခိုင်ပြည်နယ်အသင်းမှ ပြိုင်ပွဲဝင်များကို လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက ပထမဆုရရှိသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းမှ ပြိုင်ပွဲဝင်များကို လည်းကောင်း တစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသား အားကစားပွဲတော် အထိမ်းအမှတ် အရုပ်များအား ပေးအပ်ချီးမြှင့်ကြသည်။

အလားတူ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် ဗိုဗီနမ်ပြိုင်ပွဲ ဆုချီးမြှင့်ခြင်း အခမ်းအနားကို ပြည်ထောင်စုနယ်မြေ ရွှေကြာပင်အားကစားရုံ၌ ကျင်းပရာ မြန်မာနိုင်ငံ ဗိုဗီနမ်အဖွဲ့ချုပ် အတွင်းရေးမှူး ဒေါ်ခင်လေးမွန်က အမျိုးသမီး တစ်ကိုယ်တော် ဓားတစ်လက်အပြပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရခိုင်ပြည်နယ်၊ ဒုတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ကရင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များကို လည်းကောင်း၊ မြန်မာနိုင်ငံဗိုဗီနမ်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးရဲမြင့်က အမျိုးသား အမျိုးသမီး အတွဲလိုက် လက်နက်ပါအပြပြိုင်ပွဲတွင် ပထမဆုရရှိသည့် မကွေးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ရှမ်းပြည်နယ်နှင့် တတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး အသင်းတို့မှ ပြိုင်ပွဲဝင်များကို လည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးက အမျိုးသား အမျိုးသမီးအတွဲလိုက် လက်နက်ကာကွယ်နည်း အပြပြိုင်ပွဲတွင် ပထမဆုရရှိသည့် မကွေးတိုင်း ဒေသကြီး၊ ဒုတိယဆုရရှိသည့် ရှမ်းပြည်နယ်နှင့် တတိယဆုရရှိသည့် ကရင်ပြည်နယ်အသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ အမျိုးသားနှစ်ယောက်တွဲ ဓားရှည်အပြပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်များအား ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင် ဦးကျော်စိုးလင်းက အမျိုးသား လေးယောက်တွဲ လက်နက်မဲ့အပြပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကရင်ပြည်နယ်၊ ဒုတိယဆုရရှိသည့် မကွေးတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် မန္တလေးတိုင်း ဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ အမျိုးသား ၅၀-၅၅ ကီလိုတန်း အတိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မန္တလေး တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ရှမ်းပြည်နယ်၊ ပူးတွဲတတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များကို လည်းကောင်း တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသား အားကစားပွဲတော် အထိမ်းအမှတ်အရုပ်များအား ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌဦးအောင်သော်က အမျိုးသမီး ၅၅-၆၀ ကီလိုတန်းအတိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရှမ်းပြည်နယ်၊ ဒုတိယဆုရရှိသည့် ကရင်ပြည်နယ်၊ ပူးတွဲတတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များကို လည်းကောင်း၊ အမျိုးသမီး ၆၀-၆၅ ကီလိုတန်း အတိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ကရင်ပြည်နယ်၊ ပူးတွဲတတိယဆုရရှိသည့် မကွေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်း ဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကို လည်းကောင်း တစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသား အားကစားပွဲတော် အထိမ်းအမှတ်အရုပ်များအား ပေးအပ်ချီးမြှင့်ကြသည်။

**သတင်းစဉ်**



ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးအောင်သော် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် ဗိုဗီနမ်ပြိုင်ပွဲ အမျိုးသမီး ၆၀-၆၅ ကီလိုတန်း အတိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းမှ ပြိုင်ပွဲဝင်အား ဆုပေးအပ်ချီးမြှင့်စဉ်။



နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ဝန်ကြီးဌာနအဆင့် ပြေးခုန်ပစ်ပြိုင်ပွဲ အမျိုးသမီး ၂၀ ကီလိုမီတာ လမ်းလျှောက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းမှ ပြိုင်ပွဲဝင်အား ဆုပေးအပ်ချီးမြှင့်စဉ်။

# ရန်ကုန်စီးပွားရေးတက္ကသိုလ် စတင်ထူထောင်ခြင်း နှစ် (၆၀) ပြည့်အထိမ်းအမှတ် မြတ်ဆရာပူဇော်ပွဲ ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၁၄

ရန်ကုန်စီးပွားရေးတက္ကသိုလ် စတင်ထူထောင်ခြင်း နှစ် (၆၀) ပြည့်အထိမ်းအမှတ် မြတ်ဆရာပူဇော်ပွဲကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်စီးပွားရေးတက္ကသိုလ်၌ ကျင်းပရာ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာကံဇော် တက်ရောက်၍ ဝမ်းမြောက်ကြောင်း ဂုဏ်ပြုအမှာစကား ပြောကြားသည်။

မြတ်ဆရာပူဇော်ပွဲတွင် ပြည်ထောင်စုဝန်ကြီးက ခေတ်အဆက်ဆက် ဦးဆောင်ဆောင်ရွက်ပေးခဲ့ကြသော ဆရာကြီး ဆရာမကြီးများ၏ စွမ်းဆောင်ပေးနိုင်ခဲ့မှုများ၊ စီးပွားရေးပညာရပ်ဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အဆင့်အထိ တာဝန်ထမ်းဆောင်ခဲ့မှုများ၊ စီးပွားရေးပညာရပ်များ အဆင့်ဆင့် တိုးတက်ဖွင့်လှစ်ပေးနိုင်ခဲ့မှုတို့ကို ဂုဏ်ပြုပြောကြားသည်။

ထို့အတူ ရန်ကုန်စီးပွားရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာတင်တင်ထွေးက ဆရာကြီး ဆရာမကြီးများအား ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး နှစ် (၆၀) ပြည့်အထိမ်းအမှတ် အခမ်းအနားကျင်းပဆောင်ရွက်မှုကို ရှင်းလင်းကာ တက်ရောက်လာကြသည့် ဆရာကြီး ဆရာမကြီးများကလည်း မြတ်ဆရာပူဇော်ပွဲအထိမ်းအမှတ်အဖြစ် ဝမ်းမြောက်ကြောင်းအမှာစကားများ ပြောကြားကြသည်။

မြတ်ဆရာပူဇော်ပွဲသို့ ဖိတ်ကြားထားသည့် ဆရာကြီး ဆရာမကြီး ၂၅၆ ဦးမှ ၁၃၄ ဦးတို့သည် ကိုယ်တိုင်တက်ရောက်ကြပြီး အခြားဆရာကြီးဆရာမကြီးများက အွန်လိုင်းမှ ပါဝင်တက်ရောက်ကြကာ မြတ်ဆရာပူဇော်ပွဲ အခမ်းအနားအပြီးတွင် ဖိတ်ကြားထားသည့် ဆရာကြီး ဆရာမကြီးများကို နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံကြသည်။

ယင်းနောက် ရန်ကုန်စီးပွားရေးတက္ကသိုလ် ကျောင်းသား ကျောင်းသူဟောင်းများနှင့် တက်ရောက်နေဆဲ ကျောင်းသား ကျောင်းသူများက စတုဒိသာကျွေးမွေးခြင်း၊ နိုင်ငံကျော်တေးသံရှင်များက ကျောင်းသီချင်းများဖြင့် ဖျော်ဖြေခြင်းတို့ဆောင်ရွက်ကြရာ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် တက်ရောက်လာသူများက ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြသည်။



ရန်ကုန်စီးပွားရေးတက္ကသိုလ် စတင်ထူထောင်ခြင်း နှစ် (၆၀) ပြည့် အထိမ်းအမှတ်အဖြစ် စီးပွားရေးလုပ်ငန်းရှင်များကလည်း လုပ်ငန်းအလိုက် ထုတ်ကုန်များ၊ ဝန်ဆောင်မှုလုပ်ငန်းများ စသည်ဖြင့် ပြခန်းပေါင်း ၈၀ ကျော်ကို ပါဝင်ပြသပေးကြကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ ကူမင်းမြို့ရှိ YEIG နှင့် သိပ္ပံနှင့်နည်းပညာတက္ကသိုလ်၌ နည်းပညာကဏ္ဍပူးပေါင်းမြှင့်တင်ရေး ဆွေးနွေး

နေပြည်တော် ဒီဇင်ဘာ ၁၄

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ ဦးဆောင်သော အဖွဲ့သည် ဒီဇင်ဘာ ၁၀ ရက် နံနက်ပိုင်းက တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့ရှိ ယူနန်စွမ်းအင်ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီအုပ်စု (YEIG)သို့ ရောက်ရှိရာ ဒုတိယ ဥက္ကဋ္ဌနှင့်အဖွဲ့က ကြိုဆိုကြသည်။

ဆွေးနွေးပွဲတွင် ဒုတိယဥက္ကဋ္ဌနှင့် ဗဟိုအဆင့်တာဝန်ခံများက မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှနိုင်ငံများနှင့် ပြည်တွင်း၌ တည်ဆောက်ပြီး လျှပ်စစ်ဓာတ်အားထုတ်စက်ရုံများနှင့် ဓာတ်အားစနစ်များ၊ EV လုပ်ငန်းများ၊ အနာဂတ်တွင် ကာဗွန်လျှော့ချရေး စီမံကိန်းအစီအစဉ်များကို ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးက နည်းပညာဆိုင်ရာ သုတေသနပြုလေ့လာဆန်းစစ်ရန် လိုအပ်ချက်များကို ပြန်လည်ဆွေးနွေးခဲ့သည်။ ထို့နောက် တရုတ်-မြန်မာသံတမန်ဆက်ဆံရေး စိန်ရတုပြည့်နှစ်၌ ပေါက်ဖော်ဆက်ဆံမှုပိုမိုခိုင်မြဲရေး သုတေသနများ ပူးပေါင်းဆောင်ရွက်ရန် ဆွေးနွေးခဲ့ကြပြီး အမှတ်တရလက်ဆောင်ပစ္စည်းများကို အပြန်အလှန် လဲလှယ်ကြသည်။

မွန်းလွဲပိုင်းတွင် ကူမင်းပြည်ပဆက်ဆံရေးဌာနမှ တာဝန်ရှိသူများက ကူမင်းမြို့ရှိ အထင်ကရ Dianchi ရေကန်သို့ လေ့လာရေးပို့ဆောင် ပေးသည်။ ကူမင်းနှင့် ကီလိုမီတာ ၃၀၀၀ ကျော်ဝေးသော ဆိုက်ဘေးရီးယားမှ ထောင်ပေါင်းများစွာသော ဆောင်းခိုပင်လယ်စင်ရော်များသည် နှစ်စဉ်အောက်တိုဘာလ လယ်ကတည်းက ကူမင်းနေရောင်အောက်တွင် လာရောက်ကျက်စားကြကြောင်း သိရသည်။



နေ့လယ်ပိုင်း၌ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် Chenggong မြို့ရှိ ကူမင်းသိပ္ပံနှင့် နည်းပညာတက္ကသိုလ် New Campus သို့ ရောက်ရှိကြရာ အဆင့်မြင့်တာဝန်ရှိသူများက ကြိုဆိုကြသည်။ ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် စက်မှုနှင့်လျှပ်စစ်မဟာဌာနရှိ လျှပ်စစ်ဌာနခွဲတွင် လုပ်ငန်းခွင်သုံးဓာတ်အားစနစ်နှင့် ဓာတ်အားဖြန့်ဖြူးရေးစက်ရုံနှင့်တူညီအောင် High Voltage Lab အပါအဝင် လက်တွေ့ခန်းများကိုပြင်ဆင်ထားရှိမှုများ၊ လျှပ်စစ်စက်လက်တွေ့ခန်းများ၊ Key Laboratory of Artificial Intelligence တွင် တရုတ်-မြန်မာဘာသာစကားတို့ကို AI ကိုအသုံးပြု၍ စာနှင့်အသံတို့ဖြင့် တစ်ပြိုင်နက် ဘာသာပြန်ဆိုနေမှုများ၊ Innovation Manufacturing Laboratory တွင် လက်တွေ့ခန်းအလိုက် စက်ရုပ်နည်းပညာအပါအဝင် အဆင့်မြင့်နည်းပညာများကို အသုံးပြု၍ ကျောင်းသားများ သုတေသနပြုလုပ်နေမှုများကို လှည့်လည်လေ့လာကြပြီး ဌာနမှူးများက ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးက သိလိုသည်များကို မေးမြန်းကာ လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် တက္ကသိုလ်စာကြည့်တိုက်သို့ ရောက်ရှိလာရာ အဆင့်မြင့်တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး စာကြည့်တိုက်အတွင်း မြေညီထပ်တွင် သမိုင်းမှတ်တမ်းများ၊ ဘာသာရေး၊ ယဉ်ကျေးမှုနှင့် တိုင်းရင်းသားဆိုင်ရာ ဓာတ်ပုံများ၊ ပန်းချီများ၊ စာအုပ်များကို ခင်းကျင်းပြသထားမှုများ၊ အထပ်အလိုက် အဆင့်မြင့်နည်းပညာများကို တပ်ဆင်အသုံးပြုမှုများနှင့် စာအုပ်ထားရှိမှုများ၊ ကျောင်းသားများ လေ့လာဖတ်ရှုနေမှုများနှင့် စာကြည့်တိုက်အနီးဝန်းကျင်တို့ကို လေ့လာကြသည်။

ထို့နောက် စာကြည့်တိုက်ရှေ့တွင် ဒုတိယဝန်ကြီးက KUST နှစ် (၇၀) ပြည့်နှစ်ကို ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ တရုတ်-မြန်မာ သံတမန်ဆက်ဆံရေး (၇၅)နှစ်ပြည့် ၂၀၂၅ ခုနှစ်၌ သိပ္ပံနှင့် နည်းပညာကဏ္ဍဖွံ့ဖြိုးရေး ပူးပေါင်းဆောင်ရွက်ရင်း ဆွေမျိုးပေါက်ဖော်ဆက်ဆံရေး ပိုမိုခိုင်မြဲစေရန်အတွက် ဆရာနှင့် ကျောင်းသားများ အပြန်အလှန်စေလွှတ်ရေး အစီအစဉ်များ ဆောင်ရွက်ကာ ယဉ်ကျေးမှုထုံးတမ်းနှင့် ဘာသာစကားများပါ မျှဝေဖလှယ်ကြရန် ပြောကြားပြီး အမှတ်တရလက်ဆောင်ပစ္စည်းများကို အပြန်အလှန်လဲလှယ်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်း(ဗဟို)နှင့် တရုတ်သံရုံးမိသားစုများတွေ့ဆုံပွဲ ကျင်းပ



နေပြည်တော် ဒီဇင်ဘာ ၁၄

(၇၅) နှစ်ပြည့်မြောက်သည့် မြန်မာ-တရုတ် သံတမန်ဆက်ဆံရေးကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်း(ဗဟို) ဥက္ကဋ္ဌ ဦးတင်ဦး၊ နာယက၊ ဒုတိယဥက္ကဋ္ဌများ၊ အမှုဆောင်များ ပါဝင်သောအဖွဲ့နှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Ms.Ma Jia၊ သံမှူးကြီးများ၊ သံရုံးမှ တာဝန်ရှိသူများပါဝင်သော သံရုံးမိသားစုများ တွေ့ဆုံပွဲကို ယမန်နေ့က ရန်ကုန်မြို့ရှိ Pan Paciffic Hotel ၌ ကျင်းပသည်။

ထိုသို့ တွေ့ဆုံရာတွင် တရုတ်ချစ်ကြည်ရေးအသင်း(ဗဟို) ဥက္ကဋ္ဌနှင့် တရုတ်သံအမတ်ကြီးတို့က အမှာစကား ပြောကြားကြသည်။

ယင်းနောက် နှစ်နိုင်ငံချစ်ကြည်ရေးတိုးမြှင့်ဆောင်ရွက်ရေး၊ ကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြပြီး အပြန်အလှန်လက်ဆောင်ပေးအပ်ခြင်း၊ နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး အခွန့်ရှည်ခိုင်မြဲစေရေး စုပေါင်းဆုတောင်းခြင်းတို့ကို ဆောင်ရွက်ကြကာ ချစ်ကြည်ရင်းနှီးစွာ အတူတကွ ညစာသုံးဆောင်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# သတ္တမအကြိမ်မြောက် မြန်မာနိုင်ငံအစာအိမ်၊ အူလမ်းကြောင်းနှင့် အသည်းရောဂါပညာရပ်ဆိုင်ရာညီလာခံဖွင့်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၄**

သတ္တမအကြိမ်မြောက် မြန်မာနိုင်ငံအစာအိမ်၊ အူလမ်းကြောင်းနှင့် အသည်းရောဂါပညာရပ်ဆိုင်ရာ ညီလာခံဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ Wyndham Hotel ၌ ကျင်းပသည်။

**တာဝန်ရှိပုဂ္ဂိုလ်များတက်ရောက်**

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဆေးတက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ပါမောက္ခ/ဌာနမှူးများ၊ ပြည်တွင်း/ပြည်ပမှ အစာအိမ်၊ အူလမ်းကြောင်းနှင့် အသည်းရောဂါအထူးကုဆရာဝန်များ၊ မြန်မာနိုင်ငံဆေးကောင်စီ မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့မှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။




အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက သတ္တမအကြိမ်မြောက် မြန်မာနိုင်ငံအစာအိမ်၊ အူလမ်းကြောင်းနှင့် အသည်းရောဂါပညာရပ်ဆိုင်ရာ ညီလာခံကို "Towards better GI and Liver Health Care" ခေါင်းစဉ်ဖြင့် ကျင်းပသွားမည်ဖြစ်ပြီး ယခုညီလာခံ၌ မြန်မာနိုင်ငံမှ ပညာရှင်များသာမက အိန္ဒိယနိုင်ငံ၊ စင်ကာပူနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဂျပန်နိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ ဟောင်ကောင်(တရုတ်နိုင်ငံ)၊ ဗြိတိန်နိုင်ငံနှင့် အမေရိကန်နိုင်ငံတို့မှ အစာအိမ်၊ အူလမ်းကြောင်းနှင့် အသည်းရောဂါ ဆေးပညာရှင်များ အတွေ့အကြုံ၊ ဗဟုသုတများ အပြန်အလှန်မျှဝေကြမည်ဟုသိရှိရ၍ မြန်မာနိုင်ငံရှိအထွေထွေရောဂါကုဆရာဝန်များ၊ ဆေးပညာရှင်များ၊ အစာအိမ်၊ အူလမ်းကြောင်းနှင့် အသည်းရောဂါ အထူးကုဆရာဝန်များအတွက် ဗဟုသုတနှင့် ကျွမ်းကျင်မှုပိုင်းဆိုင်ရာများကို လေ့လာခွင့်ရရှိကြမည် ဖြစ်သဖြင့် လူနာဗဟိုပြု ဆေးကုသမှုလုပ်ငန်းများကို ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ ပါမောက္ခ၊ ဌာနမှူး(အစာအိမ်၊ အူလမ်းကြောင်း)၊ ပါမောက္ခဒေါက်တာသန်းသန်းအေးနှင့် ပါမောက္ခ ဒုတိယဗိုလ်မှူးကြီး ကျော်စိုးထွန်း(ငြိမ်း)တို့က ညီလာခံကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ပါမောက္ခ ဒေါက်တာသန်းသန်းအေး၊ ပါမောက္ခ ဒုတိယဗိုလ်မှူးကြီးကျော်စိုးထွန်း(ငြိမ်း)နှင့် ပါမောက္ခ F. Blaine Hollinger တို့က ညီလာခံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ခင်းကျင်းပြသထားသည့် ပညာရပ်ဆိုင်ရာညီလာခံပြခန်းနှင့် ဆေးဝါးပြခန်းများကို လှည့်လည်ကြည့်ရှု အားပေးကြရာ ပြခန်းများတွင် ပညာရပ်ဆိုင်ရာပိုစတာ ၂၇ ခုနှင့် ဆေးနှင့် ဆေးပစ္စည်းပြခန်းပေါင်း ၄၁ ခန်းတို့ ခင်းကျင်းပြသထားသည်။

အဆိုပါညီလာခံကို ဒီဇင်ဘာ ၁၄ ရက်မှ ၁၅ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ပြည်ပနိုင်ငံ ရှစ်နိုင်ငံမှ အစာအိမ်၊ အူလမ်းကြောင်းနှင့် အသည်းရောဂါဆေးပညာရှင်များက မြန်မာနိုင်ငံမှ အစာအိမ်၊ အူလမ်းကြောင်းနှင့် အသည်းရောဂါဆေးပညာရှင်များနှင့် အတူ ဆေးပညာရပ်ဆိုင်ရာ ဗဟုသုတမျှဝေခြင်း၊ အတွေ့အကြုံဖလှယ်ခြင်း၊ လက်တွေ့ကုသမှု အတွေ့အကြုံများမျှဝေခြင်းတို့ ဆောင်ရွက်သွားမည်ဖြစ်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ အစာအိမ်နှင့် အူလမ်းကြောင်း ဆေးကုဌာနရှိ ကျန်းမာရေးဝန်ကြီးဌာန၏ နိုင်ငံတကာအဆင့်မီ မှန်ပြောင်းကြည့်ရှုခန်းများတွင် မြန်မာနိုင်ငံမှ ဆေးပညာရှင်များနှင့် နိုင်ငံတကာမှ ညီလာခံသို့ တက်ရောက်လာသော ပါမောက္ခ/အထူးကုဆရာဝန်များနှင့် ပူးပေါင်းဆောင်ရွက်သော အစာအိမ်၊ အူလမ်းကြောင်း မှန်ပြောင်းကြည့်ရှုကုသမှုကို သွားရောက်ကြည့်ရှုအားပေးသည်။

အဆိုပါကုသမှုအစီအစဉ်တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ သင်္ဃန်းကျွန်းပြည်သူ့ဆေးရုံကြီးနှင့် နေပြည်တော်ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)မှ အစာအိမ်၊ အူလမ်းကြောင်းနှင့် သည်းခြေလမ်းကြောင်းဆိုင်ရာ အထူးကုဆရာဝန် ၁၂ ဦးက ထိုင်းနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံတို့မှ အစာအိမ်၊ အူလမ်းကြောင်းနှင့် သည်းခြေလမ်းကြောင်းဆိုင်ရာ အထူးကုဆရာဝန် ခုနစ်ဦးနှင့်အတူ လူနာ ၁၁ ဦးကို ကုသပေးနိုင်ခဲ့ပြီး SpyGlass မှန်ပြောင်းဖြင့် သည်းခြေလမ်းကြောင်းအတွင်းထိ ကြည့်ရှု၍ ကုသခြင်း၊ မှန်ချိုးအိတ်အတွင်း ကျောက်များကို ဖယ်ရှားခြင်း၊ အစာမျိုပြွန်ကြွက်သားရောဂါကြောင့် အစာမျိုချရခက်ခဲခြင်းရောဂါကို မှန်ပြောင်းဖြင့်ခွဲစိတ်ကုသခြင်း၊ အစာအိမ်နှင့် အူမကြီးရှိ အစောပိုင်းကင်ဆာများကို ရှာဖွေခြင်းနှင့် မှန်ပြောင်းဖြင့် ဖြတ်တောက်ကုသခြင်း၊ အထူးပုံရိပ်ဖော်မှန်ပြောင်းကိုအသုံးပြု၍ ရောဂါရှာဖွေကုသခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့သည်။

အဆိုပါကုသမှုများကို ယခင်က နိုင်ငံရပ်ခြားတွင်သာ ကုသနိုင်သော်လည်း ယခုအခါ ပြည်တွင်း၌ပင် မှန်ပြောင်းဖြင့် သက်သာပျောက်ကင်းအောင် ကုသနိုင်ပြီဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်အနီး ပလွေးချောင်း ကမ်းပြိုကာကွယ်ရေးနှင့် ငလိုက်ချောင်းကမ်းပါးတစ်လျှောက် မြေထိန်းနံရံများပြုလုပ်ခြင်း လုပ်ငန်းခွင်စစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၁၄**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်းသည် ယနေ့တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးမြို့နယ် အေလာမြို့သို့သွားရောက်ပြီး ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်ထောင်စုငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသော နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ် ဖွံ့ဖြိုးရေးလုပ်ငန်း ပလွေးချောင်း ကမ်းပါး ရေတိုက်စားကမ်းပြိုမှု ကာကွယ်ရေး Gabion Box ကျောက်ဖြည့် မြေထိန်းနံရံ အလျားပေ ၁၉၀၀ နှင့် Steel Basket ကျောက်ဖြည့်ရေကာများ တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကိုကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေဖြင့် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသော ဇမ္ဗူသီရိမြို့နယ် လွှတ်တော်ဝန်ထမ်းအိမ်ရာ ဝင်းအတွင်း ငလိုက်ချောင်း ကမ်းပါးတွင် Gabion Box ကျောက်ဖြည့် မြေထိန်းနံရံ အလျားပေ ၂၀၀ တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယဝန်ကြီးက လုပ်ငန်းများဆောင်ရွက်ရာတွင် အရည်အသွေး စံချိန်စံညွှန်း ပြည့်မီပြီး လုပ်ငန်းအချိန်ဇယားအတိုင်း အချိန်မီပြီးစီးနိုင်ရေး အလေးထား ဆောင်ရွက်ကြရန်နှင့် လုပ်ငန်းများဆောင်ရွက်ရာတွင် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး၊ လုပ်ငန်းခွင်ဆောင်ရွက်မှု မှတ်တမ်းထားရှိရေး၊ လုပ်ငန်းပြီးစီးမှုများနှင့် ပတ်သက်၍ အရည်အသွေးစစ်ဆေးရေးအဖွဲ့များမှ စစ်ဆေးချက်မှတ်တမ်းများ စနစ်တကျထားရှိရေးနှင့် လုပ်ငန်းခွင်အတွင်း လုံခြုံရေး၊ မီးဘေးအန္တရာယ်ကင်းရှင်းရေး ကိစ္စရပ်များကို စနစ်တကျ စီမံဆောင်ရွက်သွားကြရန် မှာကြားခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**



# မွန်ပြည်နယ်ဥပဒေချုပ်နှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်ဥပဒေရုံးများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**မော်လမြိုင် ဒီဇင်ဘာ ၁၄**

မွန်ပြည်နယ် မော်လမြိုင်မြို့တွင် ပြည်နယ်ဥပဒေချုပ်နှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်ဥပဒေရုံးများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက ပြည်နယ်ဥပဒေချုပ်ရုံး၌ ကျင်းပသည်။

ဦးစွာ မွန်ပြည်နယ် ဥပဒေချုပ် ဦးမြင့်အောင်က ဥပဒေအရာရှိများအနေဖြင့် အဂတိတရားကင်းရှင်းစေရန် လိုအပ်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်က ပြဋ္ဌာန်းထားသော ဥပဒေများ၊ နည်းဥပဒေများ၊ အမိန့်ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများကို တိတိကျကျ လေးစားလိုက်နာကြရမည်ဖြစ်သကဲ့သို့ ဥပဒေအရာရှိများသည် နိုင်ငံ့ဝန်ထမ်းများဖြစ်သည်နှင့်အညီ နိုင်ငံ့ဝန်ထမ်းဥပဒေကို လိုက်နာရမည်ဖြစ်ကြောင်း၊ ဥပဒေအသိပညာပေး လုပ်ငန်းတာဝန်များကိုလည်း ကျယ်ကျယ်ပြန့်ပြန့် လေးလေးနက်နက် အထူးအလေးပေး ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ ပြည်နယ်/ခရိုင်/မြို့နယ်ဥပဒေအရာရှိများက မိမိတို့၏လုပ်ငန်းဆောင်ရွက်ချက်များ၊ အခက်အခဲများ၊ လိုအပ်ချက်များကို တင်ပြဆွေးနွေးခဲ့ကြရာ ပြည်နယ်ဥပဒေအရာရှိက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ပြီး ပြည်နယ်ဥပဒေချုပ်က လိုအပ်သည်များကိုဖြည့်စွက်ရှင်းလင်းဆွေးနွေးကာ နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**စည်သူ(မြန်/ဆက်)**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ဒီဇင်ဘာအားကစားလ လူထုစုပေါင်းလမ်းလျှောက်ပွဲ ပါဝင်ဆင်နွှဲ



**နေပြည်တော် ဒီဇင်ဘာ ၁၄**

ဒီဇင်ဘာအားကစားလ လူထုစုပေါင်းလမ်းလျှောက်ပွဲကို နေပြည်တော်ကောင်စီက ဦးဆောင်၍ ယနေ့နံနက် ၅ နာရီခွဲတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥပ္ပါတသန္တိစေတီတော်အနီးရှိ တပေါင်းကွင်း၌ ကျင်းပသည်။

လူထုစုပေါင်းလမ်းလျှောက်ပွဲသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်ဇနီး၊ နေပြည်တော်ကောင်စီဝင်များနှင့် ဇနီးများ၊ နေပြည်တော်စည်ပင်သာယာရေး ကော်မတီ ဒုတိယမြို့တော်ဝန်၊ ကော်မတီဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ၊ ပြည်သူလူထုများနှင့် ကျောင်းသား ကျောင်းသူများ ပျော်ပျော်ရွှင်ရွှင် ပါဝင်ဆင်နွှဲကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက သေနတ်ပစ်ဖောက်၍တာလွှတ်ပေးရာ ပါဝင်ဆင်နွှဲကြသူများသည် ဥပ္ပါတသန္တိစေတီတော်အနီးရှိ တပေါင်းကွင်းမှ စတင်၍ ဥပ္ပါတသန္တိစေတီတော် ပတ်လမ်းတစ်လျှောက် လက်ယာရစ်ပတ် စုပေါင်းလမ်းလျှောက်၍ တပေါင်းကွင်းအတွင်း ပြန်လည်ဝင်ရောက်ပြီး စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်း အတွဲ(၁)၊ (၂)နှင့် Physical Fitness Dance လေ့ကျင့်ခန်းများကို စုပေါင်းလှုပ်ရှား ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# ကျုံပျော်မြို့၌ ဒီဇင်ဘာအားကစားလ စုပေါင်းလမ်းလျှောက်ပွဲ ကျင်းပ

**ကျုံပျော် ဒီဇင်ဘာ ၁၄**

ဒီဇင်ဘာလူထုအားကစားလ၏ စုပေါင်းလမ်းလျှောက်ခြင်းနှင့် ကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်းများပြုလုပ်ခြင်းကို ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့၌ ယနေ့နံနက် ၅ နာရီက ပြုလုပ်သည်။

ထိုသို့ဆောင်ရွက်ရာတွင် ကျုံပျော်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစောထွန်းဝင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ထွန်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဝန်ထမ်းများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ရပ်ကွက်နေပြည်သူများ စုစုပေါင်း ၄၅၀ ခန့်က ဗိုလ်ချုပ်လမ်းတစ်လျှောက် စုပေါင်းလမ်းလျှောက်ကြကာ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနက ဦးဆောင်၍ မိုးလုံလေလုံအားကစားခန်းမအတွင်း ကိုယ်လက်ကျန်းမာကြံ့ခိုင်ရေး လေ့ကျင့်ခန်းများကို စုပေါင်းပြုလုပ်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မုဒုံမြို့၌ လူထုအားကစားလှုပ်ရှားမှုအထိမ်းအမှတ်လမ်းလျှောက်ပွဲ ကျင်းပ

**မုဒုံ ဒီဇင်ဘာ ၁၄**

မွန်ပြည်နယ် မုဒုံမြို့နယ်၌ ဒီဇင်ဘာ(ဒုတိယပတ်) လူထုအားကစားလှုပ်ရှားမှုအထိမ်းအမှတ် လမ်းလျှောက်ပွဲကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့က ဦးဆောင်၍ ယနေ့နံနက် ၆ နာရီတွင် အားကစားပြိုင်ဝင်းအတွင်းရှိ မီတာ ၄၀၀ ဘောလုံးကွင်း၌ ကျင်းပသည်။

**စုပေါင်းဆောင်ရွက်**

အဆိုပါလမ်းလျှောက်ပွဲသို့ မုဒုံမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးပြည့်သိမ်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ပြည်သူများ စုစုပေါင်း ၆၀၀ ခန့် ပါဝင်ဆင်နွှဲခဲ့ကြပြီး ကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်းများ၊ Physical Fitness Dance Exercise လေ့ကျင့်ခန်းများ စုပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။



**အောင်မျိုးသူ(ပြန်/ဆက်)**



# မိုင်းရှူးမြို့၌ လူထုစုပေါင်းလမ်းလျှောက်ပွဲ ကျင်းပ

**မိုင်းရှူး ဒီဇင်ဘာ ၁၄**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းရှူးမြို့နယ်တွင် ဒီဇင်ဘာအားကစားလ လူထုစုပေါင်းလမ်းလျှောက်ပွဲကို ယနေ့နံနက် ၅ နာရီခွဲက မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနရုံးရှေ့မှ မြို့နယ်အားကစားကွင်းအထိ စုပေါင်းလမ်းလျှောက်ကြပြီး အားကစားကွင်း၌ ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းနှင့် အားကစားပြိုင်ပွဲများ စုပေါင်းဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ လူထုလမ်းလျှောက်ပွဲတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင်လွင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးလင်းထိုက်နှင့်အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်ဌာနဆိုင်ရာများ၊ မြို့ပေါ်ရပ်ကွက်များမှ အုပ်ချုပ်ရေးမှူးများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ပြည်သူများ စုစုပေါင်း၁၂၀၀ ပါဝင်ဆင်နွှဲကြကြောင်း သိရသည်။

**သန်းလူ(ပြန်/ဆက်)**

# တာချီလိတ်မြို့၌ လူထုစုပေါင်းလမ်းလျှောက်ပွဲကျင်းပ

**တာချီလိတ် ဒီဇင်ဘာ ၁၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့၌ ဒီဇင်ဘာလ (ဒုတိယပတ်) စုပေါင်းလူထုလမ်းလျှောက်ပွဲကို ယနေ့နံနက် ၅ နာရီခွဲက ခရိုင်/မြို့နယ် စုပေါင်းရုံးစုရပ်မှ စတင်တာထွက်ခဲ့သည်။

လမ်းလျှောက်ပွဲတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းကိုနှင့် ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တိုင်းရင်းသားပြည်သူများ စုစုပေါင်း ၁၀၀၀ ခန့်တို့က ခရိုင်/မြို့နယ် စုပေါင်းရုံးမှတစ်ဆင့် ဗိုလ်ချုပ်လမ်းမကြီးအတိုင်း မြန်မာ-ထိုင်းချစ်ကြည်ရေး အမှတ်-၂ တံတားအနီးရှိ မြို့မအားကစားကွင်းအတွင်းသို့ လမ်းလျှောက်ကာ ကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်းများ စုပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ကျော်ဇေယျာလင်း(ပြန်/ဆက်)**





# ကန်ကြီးထောင့်မြို့နယ်၌ လူထုစုပေါင်းလမ်းလျှောက်ပွဲ ကျင်းပ

**ကန်ကြီးထောင့် ဒီဇင်ဘာ ၁၄**

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်တွင် ဒီဇင်ဘာအားကစားလ လူထုစုပေါင်းလမ်းလျှောက်ပွဲကို ယနေ့နံနက် ၅ နာရီခွဲတွင် ပြည်သူများ ပျော်ရွှင်စွာကျင်းပကြသည်။

အဆိုပါစုပေါင်းလမ်းလျှောက်ပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်အောင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများ၊ ကျောင်းသား ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့ပေါ်ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ပြည်သူများ စုစုပေါင်း ၃၀၀ ကျော်ခန့် ပါဝင်ဆင်နွှဲခဲ့ကြပြီး ကိုယ်လက်လှုပ်ရှားအားကစားကာယလေ့ကျင့်ခန်းများ၊ Fitness Dance များကို ပျော်ရွှင်စွာ စုပေါင်းပြုလုပ်ခဲ့ကြကြောင်း သိရသည်။

**ကျော်ဇင်စိုး (ပြန်/ဆက်)**

# မိုင်းဖြတ်မြို့နယ်၌ လူထုလမ်းလျှောက်ပွဲ ကျင်းပ



**မိုင်းဖြတ် ဒီဇင်ဘာ ၁၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ်တွင် ဒီဇင်ဘာအားကစားလ လူထုလမ်းလျှောက်ပွဲ ပထမပတ်ကို ဒီဇင်ဘာ ၇ ရက် နံနက်ပိုင်းက မြို့နယ်ပြည်သူ့ပန်းခြံရှေ့ စုရပ်မှ စတင်တာထွက်ခဲ့သည်။

ထိုသို့စုပေါင်းလမ်းလျှောက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလှမျိုးနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်ကွက်နေပြည်သူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၇၀၀ ကျော် စုပေါင်းလမ်းလျှောက်ခဲ့ပြီး ကျောင်းဝင်းအတွင်း မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန၏ ဦးဆောင်မှုဖြင့် ကိုယ်လက်လှုပ်ရှားအားကစား လေ့ကျင့်ခန်းများကို စုပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သန်းထွန်းအေး(မိုင်းဖြတ်)**

# ၂၀၂၄ ခုနှစ် ပဥ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်



ပြည်နယ်နှင့် တိုင်းဒေသကြီး ကာယဗလမောင်ပြိုင်ပွဲ ၅၅ ကီလိုတန်းတွင် ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်နေစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၁၄**

၂၀၂၄ ခုနှစ် ပဥ္စမအကြိမ် အမျိုးသား အားကစားပွဲတော် အားကစားပြိုင်ပွဲပွဲစဉ်များကိုယနေ့ နံနက်ပိုင်းတွင် နေပြည်တော် ကောင်စီနယ်မြေ အတွင်းရှိ သတ်မှတ်ထားသော အားကစား ကွင်း/ရုံများ၌ ဆက်လက်ယှဉ်ပြိုင် ကစားကြသည်။

ဝန်ကြီးဌာနပေါင်းစုံ ပြေးခုန်ပစ် ပြိုင်ပွဲကို ဝဏ္ဏသိဒ္ဓိ အားကစား ကွင်း၌ ကျင်းပရာ အမျိုးသား အမျိုးသမီး ကီလိုမီတာ ၂၀ လမ်းလျှောက်ပြိုင်ပွဲ၊ အမျိုးသမီး လုံတံပစ်ပြိုင်ပွဲ၊ အမျိုးသား အမျိုးသမီး မီတာ ၁၅၀၀ အပြေးပြိုင်ပွဲ၊ အမျိုးသား အမျိုးသမီး သုံးဆင့်ခုန်ပြိုင်ပွဲ၊ အမျိုးသမီး မီတာ ၁၁၀ တန်းကျော်အပြေးပြိုင်ပွဲ၊ အမျိုးသား အမျိုးသမီး မီတာ ၄၀၀ အပြေးပြိုင်ပွဲများကို ယှဉ်ပြိုင်ကစားခဲ့ကြပြီး ပထမ၊ ဒုတိယနှင့် တတိယဆု ရရှိခဲ့ကြသူများကို တာဝန်ရှိသူများက ဂုဏ်ပြုဆုနှင့် ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ထို့ပြင် အမျိုးသားလုံတံပစ်ပြိုင်ပွဲတွင် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ နန်းထက်မောင်က ပထမ၊ အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာနမှ ပြည့်ဖြိုးအောင်က ဒုတိယ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနမှ သူရအောင်က တတိယဆုကိုလည်းကောင်း၊ အမျိုးသမီး မီတာ ၁၀၀ တန်းကျော်ပြေး ပြိုင်ပွဲတွင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဝင်းစန္ဒာထွန်းက ပထမ၊ ပြည်ထဲရေးဝန်ကြီးဌာနမှ နော်မြင့်မြင့်စန်းက ဒုတိယ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်မှ ဂျာစိုင်းပန်က တတိယဆုကိုလည်းကောင်း၊ အမျိုးသား မီတာ ၁၁၀ တန်းကျော်ပြေးပြိုင်ပွဲတွင် အားကစားနှင့်လူငယ်ရေးရာ ဝန်ကြီးဌာနမှ လွင်မိုးက ပထမ၊ ဆောက်လုပ်ရေး ဝန်ကြီးဌာနမှ ပိုင်ကိုဝင်းက ဒုတိယ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ မင်းသိခ်က တတိယဆုကိုလည်းကောင်း ရရှိခဲ့ကြသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး ရေကူးပြိုင်ပွဲကို ဝဏ္ဏသိဒ္ဓိ အားကစားကွင်း ရေကူးကန်၌ ကျင်းပရာ အမျိုးသား အမျိုးသမီး မီတာ ၂၀၀ အလွတ်ကူးပြိုင်ပွဲ၊ အမျိုးသား အမျိုးသမီး မီတာ ၅၀ ပက်လက်ကူးပြိုင်ပွဲ၊ အမျိုးသား အမျိုးသမီး ရင်ပေါင်တန်းကူးပြိုင်ပွဲ၊ အမျိုးသား အမျိုးသမီး မီတာ ၅၀ လိပ်ပြာကူးပြိုင်ပွဲ၊ အမျိုးသား အမျိုးသမီး မီတာ ၅၀ အလွတ်ကူးပြိုင်ပွဲနှင့် အမျိုးသား အမျိုးသမီး ၅၀ x ၄ လွှန်းပျံလေးမျိုးကူးပြိုင်ပွဲများကို ယှဉ်ပြိုင်ကစားခဲ့ကြပြီး ပထမ၊ ဒုတိယနှင့် တတိယဆုရရှိခဲ့ကြသူများကို တာဝန်ရှိသူများက ဂုဏ်ပြုဆုနှင့် ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး ဗိုဗီနမ်ပြိုင်ပွဲကို ရွှေကြာပင် အားကစားရုံ၌ ကျင်းပရာ အမျိုးသား အမျိုးသမီး ၅၀-၅၅ ကီလိုတန်းပြိုင်ပွဲ၊ အမျိုးသား အမျိုးသမီး ၆၀-၆၅ ကီလိုတန်းပြိုင်ပွဲ၊ လက်နက်ကာကွယ် နည်းအပြ (ကျား+မ) စွမ်းရည်ပြ ပြိုင်ပွဲ၊ အမျိုးသား ဓားရှည်နှစ်ယောက်တိုက်အပြ စွမ်းရည်ပြပြိုင်ပွဲ၊ အမျိုးသား လေးယောက်တွဲ လက်နက်မဲ့အပြ စွမ်းရည်ပြပြိုင်ပွဲများကို ယှဉ်ပြိုင်ကစားခဲ့ကြပြီး ပထမ၊ ဒုတိယနှင့် တတိယဆု ရရှိခဲ့ကြသူများကို တာဝန်ရှိသူများက ဂုဏ်ပြုဆုနှင့် ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး ဘိလိယက်/စနူကာပြိုင်ပွဲ ပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိ အားကစားကွင်း ဘိလိယက်ရုံ၌ ကျင်းပရာ စနူကာ 6 Red တစ်ဦးချင်းပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်မှ ချမ်းမင်းကျော်က ကချင်ပြည်နယ်မှ ကျော်စွာတင့်ကို သုံးပွဲ - နှစ်ပွဲ၊ ကယားပြည်နယ်မှ ရဲထွဋ်နိုင်က ပဲခူးတိုင်းဒေသကြီးမှ ငြိမ်းပြည့်ဖြိုးကို သုံးပွဲ- တစ်ပွဲ၊ ဧရာဝတီတိုင်းဒေသကြီးမှ ခင်ဇော်က ပြည်ထောင်စုနယ်မြေ နေပြည်တော်မှ ချစ်မိုးကို သုံးပွဲ - တစ်ပွဲ၊ ရှမ်းပြည်နယ်မှ ဖီးအီက စစ်ကိုင်းတိုင်းဒေသကြီးမှ စိုးခန့်နိုင်ကို သုံးပွဲ- တစ်ပွဲဖြင့် အနိုင်ရရှိခဲ့ကြသည်။

ဘိလိယက် တစ်ဦးချင်းပြိုင်ပွဲ ၁၆ ဦး ရှုံးထွက်ပွဲစဉ်တွင် ဧရာဝတီတိုင်းဒေသကြီးမှ ကျော်စွာဝင်းက ကရင်ပြည်နယ်မှ ကျော်ကျော်ထွန်းကို သုံးပွဲပြတ်၊ မန္တလေးတိုင်းဒေသကြီးမှ အေးမင်းက ကယားပြည်နယ်မှ ကျော်ဆန်းလွင်ကို သုံးပွဲပြတ်၊ ရန်ကုန်တိုင်းဒေသကြီးမှ အောင်နိုင်စိုးက ပဲခူးတိုင်းဒေသကြီးမှ ထိန်ဝင်းကို သုံးပွဲ - တစ်ပွဲ၊ စစ်ကိုင်းတိုင်း ဒေသကြီးမှ ကျော်ဝင်းက မကွေးတိုင်းဒေသကြီးမှ အောင်ဖြိုးဝေကို သုံးပွဲ - နှစ်ပွဲ၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်မှ ကျော်ဌေးက ရှမ်းပြည်နယ်မှ လှထွန်းကို သုံးပွဲ- နှစ်ပွဲ၊ ရန်ကုန်တိုင်းဒေသကြီးမှ ဇော်လင်းနုက မွန်ပြည်နယ်မှ ရဲဝင်းထွဋ်ကို သုံးပွဲပြတ်၊ မကွေး တိုင်းဒေသကြီးမှ လင်းအောင်က ဧရာဝတီတိုင်းဒေသကြီးမှ နေလင်းဦးကို သုံးပွဲ - နှစ်ပွဲ၊ စစ်ကိုင်း တိုင်းဒေသကြီးမှ သီဟံစိုးက မန္တလေးတိုင်းဒေသကြီးမှ ပြည့်ဖြိုးဝင်းကို သုံးပွဲ - နှစ်ပွဲဖြင့် လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

9 Ball Pool တစ်ဦးချင်း ပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်တွင် ရှမ်းပြည်နယ်မှ ကမ္ဘာလင်းက ဧရာဝတီတိုင်းဒေသကြီးမှ မိုးဝင်းကို ခုနစ်ပွဲ- လေးပွဲ၊ မန္တလေးတိုင်းဒေသကြီးမှ ကျော်ဇင်သန့်က ရန်ကုန်တိုင်း ဒေသကြီးမှ အောင်မြင့်ကို ခုနစ်ပွဲ - ခြောက်ပွဲ၊ ကချင်ပြည်နယ်မှ အောင်ကျော်မိုးက ရခိုင်ပြည်နယ်မှ စိုင်းဇာနည်ထွန်းကို ခုနစ်ပွဲ - ခြောက်ပွဲ၊ ဧရာဝတီတိုင်းဒေသကြီးမှ ရာဇာဟန်က မကွေးတိုင်းဒေသကြီး ဟိန်းလတ်ကို ခုနစ်ပွဲ -လေးပွဲဖြင့် အနိုင်ရရှိခဲ့ကြသည်။

စနူကာ 15 Red နှစ်ယောက်တွဲပြိုင်ပွဲတွင် ရှမ်းပြည်နယ်က ပြည်ထောင်စုနယ်မြေ နေပြည်တော်ကို သုံးပွဲ - နှစ်ပွဲ၊ ကချင်ပြည်နယ်က ရခိုင်ပြည်နယ်ကို သုံးပွဲပြတ်၊ ရန်ကုန်တိုင်းဒေသကြီးက ကရင်ပြည်နယ်ကို သုံးပွဲပြတ်၊ မန္တလေးတိုင်းဒေသကြီးက မွန်ပြည်နယ်ကို သုံးပွဲပြတ်၊ မကွေးတိုင်းဒေသကြီးက ဧရာဝတီတိုင်းဒေသကြီးကို သုံးပွဲ - နှစ်ပွဲဖြင့် အနိုင်ရရှိခဲ့ကြသည်။

စနူကာ 6 Red နှစ်ယောက်တွဲပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ် **တွင်** ရန်ကုန်တိုင်းဒေသကြီးက မကွေးတိုင်းဒေသကြီးကို သုံးပွဲ - တစ်ပွဲ၊ ရှမ်းပြည်နယ်က ပြည်ထောင်စုနယ်မြေ နေပြည်တော်ကို သုံးပွဲပြတ်၊ ကရင်ပြည်နယ်က ကယားပြည်နယ်ကို သုံးပွဲ - တစ်ပွဲ၊ ရခိုင်ပြည်နယ်က မွန်ပြည်နယ်ကို သုံးပွဲပြတ်ဖြင့် လည်းကောင်း၊ 9 Ball Pool တစ်ဦးချင်းပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်တွင် ရန်ကုန်တိုင်းဒေသကြီးက မန္တလေးတိုင်းဒေသကြီးကို ခုနစ်ပွဲ - လေးပွဲ၊ ရှမ်းပြည်နယ်က ဧရာဝတီတိုင်းဒေသကြီးကို ခုနစ်ပွဲ - တစ်ပွဲ၊ ရခိုင်ပြည်နယ်က ပဲခူးတိုင်းဒေသကြီးကို ခုနစ်ပွဲ - နှစ်ပွဲ၊ ကချင်ပြည်နယ်က ကရင်ပြည်နယ်ကို ခုနစ်ပွဲ - သုံးပွဲဖြင့် လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး ကာယဗလနှင့် ကာယကြံ့ခိုင်မှု ပြိုင်ပွဲကို မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပရာ အမျိုးသား ၂၁ နှစ်အောက် ကာယဗလပြိုင်ပွဲ၊ အမျိုးသား ၅၅ ကီလိုအထိကာယဗလပြိုင်ပွဲ၊ အမျိုးသား ၆၀ ကီလိုအထိကာယဗလပြိုင်ပွဲ၊ အမျိုးသား ၆၅ ကီလိုအထိကာယဗလပြိုင်ပွဲ၊ အမျိုးသား ၁၇၀ စင်တီမီတာအထိကာယကြံ့ခိုင်မှုပြိုင်ပွဲ၊

**စာမျက်နှာ ၁၃ သို့ ☆**




ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသား ဘိလိယက်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်နေစဉ်။



ပြည်နယ်နှင့် တိုင်းဒေသကြီး ကာယဗလနှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲ အမျိုးသား Fitness Physique ပြိုင်ပွဲ(1st Round) တွင် မန္တလေးတိုင်းဒေသကြီးမှ ဉာဏ်လင်းအောင် ယှဉ်ပြိုင်စဉ်။



ပဥ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲများအား လာရောက်ကြည့်ရှုကြသူများကို တွေ့ရစဉ်။

☆ စာမျက်နှာ ၁၂ မှ
အမျိုးသား ၁၇၀ စင်တီမီတာအထက် ကာယကြံ့ခိုင်မှုပြိုင်ပွဲ၊ အမျိုးသမီး Athletic Physique ပြိုင်ပွဲ၊ အမျိုးသား Fitness Physique ပြိုင်ပွဲများကို ယှဉ်ပြိုင်ကစားခဲ့ကြပြီး ပထမ၊ ဒုတိယနှင့် တတိယဆုရရှိခဲ့ကြသူများကို တာဝန်ရှိသူများက ဂုဏ်ပြုဆုနှင့် ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး အသက်(၂၅)နှစ်အောက် ခရစ်ကက်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း မြားပစ်ကွင်း (၁/၂)၌ ကျင်းပရာ အမျိုးသား ခရစ်ကက်ပြိုင်ပွဲတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက ပထမ၊ ရခိုင်ပြည်နယ်အသင်းက ဒုတိယ၊ ကရင်ပြည်နယ်အသင်းနှင့် ဧရာဝတီတိုင်းဒေသကြီး အသင်းတို့က ပူးတွဲ တတိယဆုကို လည်းကောင်း၊ အမျိုးသမီး ခရစ်ကက်ပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးက ပထမ၊ ရန်ကုန်တိုင်းဒေသကြီးက ဒုတိယ၊ ကရင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်အသင်းတို့က ပူးတွဲ တတိယဆုကို လည်းကောင်း ရရှိခဲ့ကြပြီး တာဝန်ရှိသူများက ဂုဏ်ပြုဆုနှင့် ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး အသက်(၂၁)နှစ်အောက် အမျိုးသားဘောလုံး ကွာတားဖိုင်နယ်ပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း လေ့ကျင့်ရေးကွင်း(၃)/(၄)၊ ဘောဂဝတီကွင်းနှင့် လယ်ဝေးမြို့နယ် အားကစားကွင်းတို့၌ ယှဉ်ပြိုင်ကစားကြရာ ဧရာဝတီတိုင်းဒေသကြီးအသင်းက မွန်ပြည်နယ်အသင်းကို တစ်ဂိုး – ဂိုးမရှိ၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက ကချင်ပြည်နယ်အသင်းကို နှစ်ဂိုး–တစ်ဂိုး၊ ရန်ကုန်တိုင်းဒေသကြီး အသင်းက ပဲခူးတိုင်းဒေသကြီး အသင်းကို ငါးဂိုး – နှစ်ဂိုး၊ မန္တလေးတိုင်းဒေသကြီးအသင်းက ရှမ်းပြည်နယ်အသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြသည်။

ဝန်ကြီးဌာနပေါင်းစုံ အလွတ်တန်း အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ပေါင်းလောင်းအားကစားကွင်း၊ ရွှေကြာပင်အားကစားကွင်းနှင့် လယ်ဝေးTC–2 အားကစားကွင်းတို့၌ ယှဉ်ပြိုင်ကစားကြရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အသင်းက ကျန်းမာရေးဝန်ကြီးဌာန အသင်းကို နှစ်ဂိုး – ဂိုးမရှိ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းက ပညာရေးဝန်ကြီးဌာနအသင်းကို နှစ်ဂိုး– တစ်ဂိုး၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းကို ကိုးဂိုး – ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြသည်။


ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသားနှစ်ယောက်တွဲ တင်းနစ်ပြိုင်ပွဲတွင် ကရင်ပြည်နယ်အသင်းနှင့် ရှမ်းပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။


ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသား တိုက်ကွမ်ဒို (၅၄–၅၈) ကီလိုတန်းပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးမှ ရှိုင်းရဝေဖြိုးနှင့် ပဲခူးတိုင်းဒေသကြီးမှ စောဆာကလူဒိုတို့ ယှဉ်ပြိုင်ကစားကြစဉ်။

ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဖူဆယ်ပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း ဖူဆယ်ရုံ၌ ကျင်းပရာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အသင်းက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာနအသင်းကို ၁၆ ဂိုး – ဂိုးမရှိ၊ စွမ်းအင်ဝန်ကြီးဌာနအသင်းက လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အသင်းကို သုံးဂိုး – နှစ်ဂိုး၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန အသင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အသင်းကို သုံးဂိုး – တစ်ဂိုး၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန အသင်းက ပြည်ထောင်စု စာရင်းစစ်ချုပ်အသင်းကို နှစ်ဂိုး – တစ်ဂိုး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အသင်းက ပြည်ထောင်စုတရားလွှတ်တော်အသင်းကို ၁၇ ဂိုး – ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြသည်။

ဝန်ကြီးဌာနပေါင်းစုံ အမျိုးသား ပိုက်ကျော်ခြင်း နှစ်ယောက်တွဲပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိအား ကစားကွင်း(A) ရုံ၌ကျင်းပရာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အသင်းက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အသင်းကို နှစ်ပွဲပြတ်၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊ ကာကွယ်ရေးဝန်ကြီးဌာန အသင်းက နယ်စပ်ရေးရာဝန်ကြီးဌာန အသင်းကို နှစ်ပွဲ – တစ်ပွဲ၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန အသင်းက မြန်မာနိုင်ငံတော် ဗဟိုဘဏ်အသင်းကို နှစ်ပွဲပြတ်ဖြင့် အနိုင်ရရှိခဲ့ကြပြီး ဆီမီးဖိုင်နယ်ပွဲစဉ်များကို ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ကြရာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အသင်းက ပြည်ထဲရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန အသင်းက ကာကွယ်ရေးဝန်ကြီးဌာန အသင်းကို နှစ်ပွဲ – တစ်ပွဲ၊ တတိယလုပွဲစဉ်တွင် ပြည်ထဲရေးဝန်ကြီးဌာနအသင်းက ကာကွယ်ရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊ ဗိုလ်လုပွဲစဉ်တွင် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အသင်းက ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ် အနိုင်ရရှိခဲ့ပြီး အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အသင်းက ပထမ၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန အသင်းက ဒုတိယ၊ ပြည်ထဲရေးဝန်ကြီးဌာန အသင်းက တတိယဆုကိုလည်းကောင်း ရရှိခဲ့ကြသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး တိုက်ကွမ်ဒိုအတိုက်ပြိုင်ပွဲများကို ဝဏ္ဏသိဒ္ဓိ အားကစားကွင်း တိုက်ကွမ်ဒိုရုံ၌ ကျင်းပရာ အမျိုးသမီး ၄၆ ကီလိုတန်းအောက် အတိုက်ပြိုင်ပွဲ၊ အမျိုးသမီး (၄၆–၅၁) ကီလိုတန်း အတိုက်ပြိုင်ပွဲ၊ အမျိုးသမီး (၅၁–၅၆) ကီလိုတန်း အတိုက်ပြိုင်ပွဲ၊ အမျိုးသား ၅၄ ကီလိုတန်းအောက် အတိုက်ပြိုင်ပွဲ၊ အမျိုးသား (၅၄–၅၈) ကီလို တန်း အတိုက်ပြိုင်ပွဲ၊ အမျိုးသမီး (၅၆–၆၂) ကီလိုတန်း အတိုက်အပြိုင်ပွဲ၊ အမျိုးသား (၅၈–၆၃) ကီလိုတန်း အတိုက်ပြိုင်ပွဲ၊ အမျိုးသား (၆၃–၆၈) ကီလိုတန်း အတိုက်ပြိုင်ပွဲ၊ အမျိုးသား (၆၈– ၇၄) ကီလိုတန်း အတိုက်ပြိုင်ပွဲ၊ အမျိုးသား ၇၄ ကီလိုတန်းအထက် အတိုက်ပြိုင်ပွဲများ ယှဉ်ပြိုင်ကစားခဲ့ကြပြီး ပထမ၊ ဒုတိယနှင့် တတိယဆု ရရှိခဲ့ကြသူများကို တာဝန်ရှိသူများက ဂုဏ်ပြုဆုနှင့် ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး စားပွဲတင်တင်းနစ်ပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များကို တင်းနစ်ကွင်း(ဗဟို) ၌ ကျင်းပရာ အမျိုးသားတင်းနစ်ပြိုင်ပွဲတွင် ကရင်ပြည်နယ်အသင်းက ရှမ်းပြည်နယ်အသင်းကို နှစ်ပွဲ – တစ်ပွဲ၊ ရန်ကုန်တိုင်းဒေသကြီး အသင်းက တနင်္သာရီတိုင်းဒေသကြီး အသင်းကို သုံးပွဲပြတ်၊ ကချင်ပြည်နယ်အသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို နှစ်ပွဲ – တစ်ပွဲ၊ ချင်းပြည်နယ်အသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲ– တစ်ပွဲ၊ ဧရာဝတီတိုင်းဒေသကြီးအသင်းက မကွေးတိုင်းဒေသကြီးအသင်းကို သုံးပွဲပြတ်၊ အမျိုးသမီး တင်းနစ်ပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးအသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို သုံးပွဲပြတ်၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက ကရင်ပြည်နယ်အသင်းကို နှစ်ပွဲ– တစ်ပွဲ၊ ပဲခူးတိုင်းဒေသကြီး အသင်းက ကယားပြည်နယ်အသင်းကို သုံးပွဲပြတ်ဖြင့် အနိုင်ရရှိခဲ့ကြသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး အလေးမပြိုင်ပွဲကို ဝဏ္ဏသိဒ္ဓိ အားကစားကွင်း အလေးမပြိုင်ပွဲရုံ၌ ကျင်းပရာ အမျိုးသား ၆၁ ကီလိုတန်းပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးမှ မြတ်ကျော်သူက ပထမ၊ ရန်ကုန်တိုင်းဒေသကြီးက မျိုးမင်းလတ်က ဒုတိယ၊ စစ်ကိုင်းတိုင်းဒေသကြီးက ဝမ်ကြားလယ်က တတိယဆုကို လည်းကောင်း၊ အမျိုးသမီး ၄၉ ကီလိုတန်းပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးမှ ထက်ထက်ထွန်းက ပထမ၊ ဧရာဝတီတိုင်းဒေသကြီးက နော်အယ်ကညောဂျော့က ဒုတိယ၊ ပဲခူးတိုင်းဒေသကြီးက ဇင်ငြိမ်းအေးက တတိယဆုကိုလည်းကောင်း ရရှိခဲ့ကြသည်။

ဝန်ကြီးဌာနပေါင်းစုံ အလွတ်တန်းအမျိုးသားဘော်လီဘောပြိုင်ပွဲ အုပ်စုပတ်လည် ပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိ အားကစားကွင်း ဘော်လီဘောရုံ၌ ကျင်းပရာ အမျိုးသား ဘော်လီဘောပြိုင်ပွဲတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအသင်းက သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန အသင်းကို သုံးပွဲ–နှစ်ပွဲ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အသင်းက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အသင်းက ကျန်းမာရေးဝန်ကြီးဌာန အသင်းကို သုံးပွဲပြတ်၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်၊ ပြည်ထဲရေးဝန်ကြီးဌာန အသင်းက နယ်စပ်ရေးရာဝန်ကြီးဌာန အသင်းကို သုံးပွဲပြတ်၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းက လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန အသင်းကို သုံးပွဲပြတ်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအသင်းကဆောက်လုပ်ရေးဝန်ကြီးဌာန အသင်းကို သုံးပွဲ– နှစ်ပွဲဖြင့် အနိုင်ရရှိခဲ့ကြသည်။

အမျိုးသမီး ဘော်လီဘောပြိုင်ပွဲတွင် ပြည်ထဲရေးဝန်ကြီးဌာန အသင်းက သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အသင်းကို သုံးပွဲပြတ်၊ နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းက ပညာရေးဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်၊ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန အသင်းက ကျန်းမာရေးဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်ဖြင့် အနိုင်ရရှိခဲ့ကြသည်။

ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော်တွင် ယနေ့အချိန်ထိ အဆင့်လိုက်ရပ်တည်မှုအနေဖြင့် ဝန်ကြီးဌာနအဆင့် အားကစား ပြိုင်ပွဲများတွင် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနက ရွှေ ခုနစ်ခု၊ ငွေငါးခု၊ ကြေး နှစ်ခုဖြင့် အဆင့်(၁) နေရာတွင်လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနက ရွှေ ခြောက်ခု၊ ငွေခုနစ်ခု၊ ကြေးခြောက်ခုဖြင့် အဆင့်(၂) နေရာတွင် လည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာနက ရွှေခြောက်ခု၊ ငွေ နှစ်ခု ၊ ကြေး ငါးခုဖြင့် အဆင့် (၃) နေရာတွင်လည်းကောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးက ရွှေ ၅၄ ခု၊ ငွေ ၂၅ ခု ၊ ကြေး ၂၃ ခုဖြင့် အဆင့်(၁) နေရာတွင် လည်းကောင်း၊ ရှမ်းပြည်နယ်က ရွှေ ၂၀ ခု၊ ငွေ ၂၄ ခု၊ ကြေး အခု ၃၀ ဖြင့် အဆင့် (၂) နေရာတွင်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးက ရွှေ ၁၇ ခု၊ ငွေ ၁၁ ခု ၊ ကြေး ၁၅ ခုဖြင့် အဆင့် (၃) နေရာတွင်လည်းကောင်း ရပ်တည်လျက်ရှိသည်။

ယနေ့ကျင်းပသည့် အားကစားပြိုင်ပွဲများသို့ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ အားကစားနည်းအလိုက် အဖွဲ့ချုပ်များမှ တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် အားကစားဝါသနာရှင် ပြည်သူများ စိတ်ပါဝင်စားစွာလာရောက်ကြည့်ရှု အားပေးခဲ့ကြသည်။

**သတင်းစဉ်**

## ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဝန်ကြီးဌာနအဆင့် အားကစားပြိုင်ပွဲ ၁၄-၁၂-၂၀၂၄ ရက်နေ့အထိ ဆုရရှိမှုအခြေအနေ

| စဉ် | ဝန်ကြီးဌာန | ရွှေ | ငွေ | ကြေး | ပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁ | အားကစား/လူငယ် | ၇ | ၅ | ၂ | ၁၄ | |
| ၂ | ပြည်ထဲရေး | ၆ | ၇ | ၆ | ၁၉ | |
| ၃ | ကာကွယ်ရေး | ၆ | ၂ | ၅ | ၁၃ | |
| ၄ | ဆောက်လုပ်ရေး | ၃ | ၃ | ၄ | ၁၀ | |
| ၅ | ပို့ဆောင်/ဆက်သွယ် | ၂ | ၂ | | ၄ | |
| ၆ | သယံဇာတ/ပတ်ဝန်းကျင် | ၁ | ၂ | ၁ | ၄ | |
| ၇ | စီမံ/ဘဏ္ဍာ | | ၂ | | ၂ | |
| ၈ | စိုက်မွေး/ဆည် | | ၁ | ၂ | ၃ | |
| ၉ | ဟိုတယ်/ခရီး | | ၁ | | ၁ | |
| ၁၀ | ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | | | ၁ | ၁ | |
| ၁၁ | သာသနာ/ယဉ်ကျေးမှု | | | ၁ | ၁ | |
| ၁၂ | သမ/ကျေးလက် | | | ၁ | ၁ | |
| ၁၃ | အလုပ်သမား | | | ၁ | ၁ | |
| ၁၄ | စီးပွား/ကူးသန်း | | | ၁ | ၁ | |
| စုစုပေါင်း | | ၂၅ | ၂၅ | ၂၅ | ၇၅ | |

# ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲများ ယှဉ်ပြိုင်မှုမြင်ကွင်း



ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသမီး ၇၅ ကီလိုတန်း ပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးမှ နော်အယ်ကညောဂျော့ ယှဉ်ပြိုင်နေစဉ်။



ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသမီး ၅၃ ကီလိုတန်း ပြိုင်ပွဲတွင် ရှမ်းပြည်နယ်မှ ရွှန်းလဲ့ဝေ ယှဉ်ပြိုင်နေစဉ်။



ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသား ဘိလိယက်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်နေစဉ်။



ဝန်ကြီးဌာနပေါင်းစုံ အမျိုးသား ဖူဆယ်ပြိုင်ပွဲတွင် စွမ်းအင်ဝန်ကြီးဌာနအသင်းနှင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။



ဝန်ကြီးဌာနပေါင်းစုံ အမျိုးသား ဘော်လီဘောပြိုင်ပွဲတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအသင်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။



ဝန်ကြီးဌာနပေါင်းစုံ အမျိုးသား ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနအသင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။



ဝန်ကြီးဌာနပေါင်းစုံ အမျိုးသား ဖူဆယ်ပြိုင်ပွဲတွင် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနအသင်းနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။





ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲများအား လာရောက်ကြည့်ရှုကြသူများကို တွေ့ရစဉ်။

ဓာတ်ပုံ-လင်းရာမ၊ အလင်းသစ်

# ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲများ ယှဉ်ပြိုင်မှုမြင်ကွင်း




ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲများအား လာရောက်ကြည့်ရှုကြသူများကို တွေ့ရစဉ်။



ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသမီး မီတာ(၁၁၀)တန်းကျော်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်နေစဉ်။



ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသမီး မီတာ(၅၀)အလွတ်ကူးပြိုင်ပွဲတွင် ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်နေစဉ်။



ပြည်နယ်နှင့် တိုင်းဒေသကြီး ကာယဗလမောင်ကြွခိုင်မှုပြိုင်ပွဲတွင် ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်နေစဉ်။



ဝန်ကြီးဌာနပေါင်းစုံ အလွတ်တန်းဘောလုံးပြိုင်ပွဲတွင် ပညာရေးဝန်ကြီးဌာနအသင်းနှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။



ပြည်နယ်နှင့် တိုင်းဒေသကြီး ကာယဗလနှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲ အမျိုးသား Fitness Physique (1st Round) တွင် ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်နေစဉ်။



ပြည်နယ်နှင့် တိုင်းဒေသကြီး ကာယဗလမယ်ကြံ့ခိုင်မှုပြိုင်ပွဲတွင် ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်နေစဉ်။



ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသား မီတာ(၄၀၀)အပြေးပြိုင်ပွဲတွင် ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်နေစဉ်။

# အမျိုးသားအားကစားပွဲတော်ကျင်းပပေးခြင်းအားဖြင့် မျိုးဆက်သစ်လူငယ်ကစားသမားတွေ အများကြီးထွက်ပေါ်လာလိမ့်မယ်။ အဲဒီထဲကမှ အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက် အားကစားသမားကောင်းတွေကို စိတ်ကြိုက်ရွေးထုတ်လို့ရမှာ ဖြစ်ပါတယ်။

ဦးချစ်ကိုကိုလွင်

**ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကို ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ သတ်မှတ်နေရာအသီးသီးတွင် ဆက်လက်ကျင်းပလျက်ရှိရာ သက်ဆိုင်ရာအားကစားနည်းအလိုက် တာဝန်ရှိသူများနှင့် ပါဝင်ယှဉ်ပြိုင်ကြသူများအား တွေ့ဆုံမေးမြန်းထားသည်များကို ပြန်လည်ဖော်ပြလိုက်ပါသည်-**


ဗိုလ်ကြီးသီဟန်


ဦးထက်ဇော်


မထက်ထက်ထွေး


ဦးချစ်ကိုကိုလွင်

**ဗိုလ်ကြီးသီဟန်**
**အထွေထွေအတွင်းရေးမှူး**
**မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်**

အခုယှဉ်ပြိုင်တဲ့ အလေးမအားကစားနည်းကတော့ အမြန်မနဲ့ နှစ်ဆင့်မပါ။ အမြန်မ၊ နှစ်ဆင့်မ နှစ်မျိုးလုံးပြိုင်ရတဲ့အတွက် နှစ်မျိုးလုံးဟာ နည်းစနစ်ပိုင်းအရေးကြီးပါတယ်။ လေ့ကျင့်မှုခြင်းတူရင်တောင်မှ နည်းစနစ်ပိုင်းသာတဲ့ကစားသမားက အနိုင်ရမှာဖြစ်ပါတယ်။ ပြိုင်သွားတဲ့ပြိုင်ပွဲတိုင်းမှာ နည်းစနစ်မှန်မှန်နဲ့ ကစားသွားနိုင်ဖို့ဆိုရင် အကြိမ်ကြိမ်၊ အနှစ်နှစ်အလလလေ့ကျင့်ပြီးတော့မှ အရှေ့တောင်အာရှအားကစားပြိုင်ပွဲကိုသွားပြိုင်ရတာပါ။ အလေးမအဖွဲ့ချုပ်အနေနဲ့ နိုင်ငံတကာသွားပြိုင်မယ့် ကစားသမားတွေကို နည်းစနစ်မှန်မှန်ကန်ကန်နဲ့ ဖြစ်အောင် လေ့ကျင့်ပေးပါတယ်။ ဒိုင်၊ နည်းပြသင်တန်းတွေမှာ အလေးမနည်းဘယ်နှစ်နည်းရှိတယ်။ နည်းစနစ်မှန်မှန်နဲ့ ဘယ်လိုလေ့ကျင့်ရတယ်ဆိုတာကို အလေးမအဖွဲ့ချုပ်တင်မဟုတ်ဘဲ ပြည်နယ်နဲ့ တိုင်းဒေသကြီးအသီးသီးကသိဖို့ အားကစားနဲ့ကာယပညာလေ့ကျင့်ရေးဦးစီးဌာနကရော၊ အဖွဲ့ချုပ်ကရော အပြည်ပြည်ဆိုင်ရာက ချမှတ်ထားတဲ့ စည်းမျဉ်းတွေကို သင်တန်းမှာလည်း ပို့ချပေးပါတယ်။ မနှစ်ကရော၊ ဒီနှစ်ရော ပြိုင်ပွဲဝင်တွေရဲ့ စွမ်းရည်အများကြီး တိုးတက်တယ်။ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်အတွက် ၂၀၂၄ ခုနှစ်ဖေဖော်ဝါရီလလောက်ကတည်းက ကစားသမားတွေစုစည်းခဲ့တာဆိုတော့ ကစားသမားတွေအတွက် လေ့ကျင့်ချိန်ပိုရတယ်။ အဲဒါကြောင့် စံချိန်တွေမှာ တိုးတက်မှုရှိတယ်။ ပြိုင်ပွဲဝင်တွေရဲ့ နည်းစနစ်ပိုင်းဆိုင်ရာလည်း ပိုကောင်းလာတာတွေ့ရတယ်။ အမျိုးသားအားကစားပွဲတော်ကို နှစ်နှစ် တစ်ကြိမ်၊ ပြည်နယ်နဲ့ တိုင်းဒေသကြီးပြိုင်ပွဲတွေကို နှစ်စဉ်ကျင်းပမယ်ဆိုရင် မျိုးဆက်သစ်တွေ ပိုထွက်လာမှာ ဖြစ်ပါတယ်။

**မောင်ဝေယံပိုင်**
**အမျိုးသားရေကူးပြိုင်ပွဲဝင်**
**ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြု**

ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြု အမျိုးသားရေကူးပြိုင်ပွဲမှာ မီတာ ၂၀၀ IM နဲ့ မီတာ ၁၀၀ ပြိုင်ပွဲတွေမှာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့တာဖြစ်ပါတယ်။ အခုပြိုင်ပွဲမတိုင်ခင်က ထိုင်းနိုင်ငံ ဗန်ကောက်မြို့မှာ ကျင်းပတဲ့ အရှေ့တောင်အာရှ ရေကူးပြိုင်ပွဲမှာလည်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပါတယ်။ အဲဒီပြိုင်ပွဲမှာ ဆုတံဆိပ်မရခဲ့ပေမယ့် ပြိုင်ပွဲဝင်အဆင့်ကတော့မြင့်ပါတယ်။ အခုလိုပြိုင်ပွဲဝင် ကစားသမားကောင်းတစ်ဦးဖြစ်ဖို့အတွက် ပြင်းပြင်းထန်ထန်လေ့ကျင့်ခဲ့ရပါတယ်။ ရေကူးပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ဖို့အတွက် တစိုက်မတ်မတ်လေ့လာသင်ယူခဲ့တာကတော့ သုံးနှစ်လောက်ရှိပါပြီ။ ရေကူးအားကစားကို စတင်သင်ယူခဲ့တာကတော့ အသက် ခုနစ်နှစ်လောက်ကတည်းကပါ။ ပြိုင်ပွဲယှဉ်ပြိုင်တဲ့အချိန်မှာ သိပ်ပြီးစိတ်လှုပ်ရှားလို့မရဘူး။ စိတ်လှုပ်ရှားရင် ပြိုင်ပွဲမှာ ယှဉ်ပြိုင်ရတာ အဆင်မပြေဘူး။ အခုလို အမျိုးသား အားကစားပွဲတော်ကြီးကို ကျင်းပပေးတဲ့ တာဝန်ရှိသူတွေနဲ့ မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ်ကိုလည်း ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့လည်း လက်စွမ်းပြလို့ ရတာပေါ့။ ပြိုင်ပွဲရှိမှလည်း လေ့ကျင့်ဖြစ်တာဖြစ်ပါတယ်။

**ဦးထက်ဇော်**
**ပိုက်ကျော်ခြင်းနည်းပြချုပ်**
**ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနကိုယ်စားပြု**

စခန်းသွင်းလေ့ကျင့်ချိန် နည်းပေမယ့် ပြိုင်ပွဲဝင်ကစားသမားတွေရဲ့ ပင်ကိုစွမ်းရည်ကြောင့် အမျိုးသားနှစ်ယောက်တွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲမှာ ဗိုလ်လုပွဲအထိ တက်လှမ်းခဲ့တာဖြစ်ပါတယ်။ မန္တလေး ရွှေမန်းတောင်ကွင်းမှာ ၁၅ ရက် စခန်းသွင်းလေ့ကျင့်ခဲ့ပါတယ်။ နေပြည်တော်မှာ ၁၅ ရက် လေ့ကျင့်တယ်။ စုစုပေါင်း ၂၅ ရက်နဲ့ ဒီပြိုင်ပွဲကို ဝင်ပြိုင်ခဲ့တာပါ။ ဆီမီးဖိုင်နယ်မှာတွေခဲ့တဲ့ ကာကွယ်ရေးအသင်းက အတော်လေးကောင်းတယ်။ ဒါပေမဲ့ ကျွန်တော်တို့အသင်းက ပြိုင်ပွဲဝင်တွေရဲ့ နိုင်လိုစိတ် ပြင်းထန်တာကြောင့်သာ အနိုင်ရရှိခဲ့တာပါ။ ကျွန်တော်တို့ ဟိုတယ်နှင့် ခရီးသွားလာရေးအသင်းက ပိုက်ကျော်ခြင်းပြိုင်ပွဲမှာ အနိုင်ရရှိတာနည်းတယ်။ ပြိုင်ပွဲဝင်ကစားသမားတွေက စည်းစည်းလုံးလုံးလည်းရှိတယ်။ ကျွန်တော်တို့အသင်းရဲ့ အာသာချက်ကတော့ နိုင်လိုစိတ်ပြင်းထန်တာရယ်၊ စိတ်ဓာတ်ပိုင်းဆိုင်ရာရယ်ကြောင့် ဒီရလဒ်ထွက်ပေါ်ခဲ့တာဖြစ်ပါတယ်။ မန္တလေးတိုင်းဒေသကြီး ပိုက်ကျော်ခြင်းအသင်းမှာလည်း နည်းပြအဖြစ်တာဝန်ယူခဲ့ပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ် ပွဲစဉ်တွေပြီးမှ ဟိုတယ်နှင့် ခရီးသွားလာရေးအသင်းမှာ ပြန်လည်တာဝန်ထမ်းဆောင်တာ ဖြစ်ပါတယ်။ မန္တလေး အမျိုးသားပိုက်ကျော်ခြင်းအသင်းနဲ့အတူ ရွှေတစ်ခု၊ ကြေးတစ်ခု ရရှိထားပါတယ်။ ပွဲကျင်းပပေးတဲ့ တာဝန်ရှိသူတွေကို ကျေးဇူးတင်တယ်ဆိုတာကတော့ ပွဲတွေများများကျင်းပပေးမှ ကစားသမားတွေ အလေ့အကျင့် မပျက်တာကြောင့်ဖြစ်ပါတယ်။ မဟုတ်ရင် ကျွန်တော့်ကစားသမားတွေက ပုံမှန်မလေ့ကျင့်ဖြစ်ဘူး။ တိုင်းဒေသကြီးနဲ့ ပြည်နယ်အားကစားပွဲနဲ့ အခုအမျိုးသား အားကစားပွဲတော်နဲ့က သိပ်မဝေးတော့၊ လေ့ကျင့်ယှဉ်ပြိုင်ရတဲ့ အတွေ့အကြုံ ဆက်တိုက်ရှိတော့ ပြိုင်ပွဲဝင်တွေအတွက် ပိုပြီးကောင်းပါတယ်။ မြန်မာ့လက်ရွေးစင် ကစားသမားတွေ များများထွက်ပေါ်လာမယ်။ အခြားနိုင်ငံတွေနဲ့ ယှဉ်ပြိုင်ရတဲ့အခါ ပိုက်ကျော်ခြင်းက နိမ့်ကျမှာမဟုတ်ပါဘူး။


မောင်ပြည့်ဖြိုးအောင်


ကိုအောင်နိုင်စိုး

**မထက်ထက်ထွေး**
**အမျိုးသမီးအလေးမပြိုင်ပွဲဝင်**
**စစ်ကိုင်းတိုင်းဒေသကြီးကိုယ်စားပြု**

အခုလို တိုင်းဒေသကြီးကိုယ်စားပြု အမျိုးသမီးအလေးမပြိုင်ပွဲမှာ ရွှေတံဆိပ်ဆုရတာ အများကြီးဝမ်းသာပါတယ်။ ၄၉ ကီလိုတန်းမှာ ရွှေတံဆိပ်ဆုရခဲ့တာပါ။ အလေးမအားကစားကို ဝါသနာပါလို့ အသက်၁၃ နှစ်အရွယ်ကတည်းကလေ့လာသင်ယူခဲ့တာဖြစ်ပါတယ်။ အခုပြိုင်ပွဲမှာ နောက်ဆုံးဗိုလ်လုခဲ့ရတဲ့ နော်အယ်ကညောဂျော့နဲ့က မကြာခဏဆိုသလို ရင်ဆိုင်တွေ့ခဲ့သူဖြစ်ပါတယ်။ အမြဲတမ်းယှဉ်ပြိုင်ဘက်လို့တောင် ပြောလို့ရတယ်။ အရင်က တိုင်းဒေသကြီးအဆင့် ၂၀၁၉ ခုနှစ်မှာ တစ်ပွဲ၊ ၂၀၂၂ ခုနှစ်မှာ တစ်ပွဲ၊ ၂၀၂၃ ခုနှစ်မှာ တစ်ပွဲပြိုင်ခဲ့ပါတယ်။ ၂၀၂၂ ခုနှစ်ကတော့ ရွှေတစ်ခုနဲ့ အကောင်းဆုံးဆုတစ်ခုရခဲ့ပါတယ်။ ၂၀၂၃ ခုနှစ်မှာတော့ ငွေတံဆိပ်ဆုပဲ ရခဲ့တာဖြစ်ပါတယ်။ အလေးမပြိုင်ပွဲဝင်နိုင်ဖို့ကတော့ တစ်နှစ်လောက်လေ့ကျင့်မှ ဝင်ပြိုင်နိုင်တာဖြစ်ပါတယ်။ တခြားပြိုင်ပွဲဝင် အားကစားသမားတွေက အလေးမကို ဝင်မပြိုင်နိုင်ကြဘူး။ အလေးမ အားကစားသမားတွေကသာ တခြားအားကစားနည်းတွေကို ဝင်ပြိုင်ကြတာဖြစ်ပါတယ်။

**ဦးချစ်ကိုကိုလွင်**
**ဘော်လီဘောလက်ထောက်နည်းပြ**
**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနကိုယ်စားပြု**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဘော်လီဘောအသင်းကို အောက်တိုဘာ ၁ ရက်ကတည်းက စခန်းသွင်းလေ့ကျင့်ခဲ့တာဖြစ်ပါတယ်။ ဒီနေ့ယှဉ်ပြိုင်ခဲ့တာကတော့ ဒုတိယအုပ်စု ပတ်လည်ဖြစ်ပါတယ်။ ကျွန်တော်တို့အသင်းမှာ အသက် ၁၈၊ ၁၉ အရွယ်ကစားသမားတွေများပါတယ်။ ဒါပေမဲ့ ဘယ်အသင်းနဲ့ တွေ့တွေ့ အကောင်းဆုံး ယှဉ်ပြိုင်ကစားသွားမှာဖြစ်ပါတယ်။ အရင်ပွဲတွေမှာလည်း သုံးပွဲပြတ်တွေနဲ့ချည်း အနိုင်ရရှိခဲ့ပါတယ်။ ပြိုင်ဘက်အသင်းတွေကလည်း တော်တော်ကောင်းပါတယ်။ ကျွန်တော်တို့အသင်းလည်း ခက်ခက်ခဲခဲကစားပြီးမှ အနိုင်ရခဲ့တာဖြစ်ပါတယ်။ အမျိုးသားအားကစားပွဲတော်ကျင်းပပေးခြင်းအားဖြင့် မျိုးဆက်သစ် လူငယ်ကစားသမားတွေအများကြီးထွက်ပေါ်လာလိမ့်မယ်။ အဲဒီထဲကမှ အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် အားကစားသမားကောင်းတွေကို စိတ်ကြိုက်ရွေးထုတ်လို့ရမှာ ဖြစ်ပါတယ်။

**မောင်ပြည့်ဖြိုးအောင်**
**ပြေးခုန်ပစ်အားကစားပြိုင်ပွဲဝင်**
**ပဲခူးတိုင်းဒေသကြီးကိုယ်စားပြု**

အမျိုးသားမီတာ ၂၀၀ ပြိုင်ပွဲမှာ ပဲခူးတိုင်းဒေသကြီး ကိုယ်စားပြုအနေနဲ့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့တာ ဖြစ်ပါတယ်။ ပြိုင်ပွဲဝင်ဖို့အတွက် နှစ်လလောက် ပြင်းပြင်းထန်ထန် လေ့ကျင့်ခဲ့ရတာဖြစ်ပါတယ်။ အရင်က ပြိုင်ပွဲဝင်အတွေ့အကြုံမရှိပေမယ့် အခုပြိုင်ပွဲမှာ အဆင့် ၄ ဝင်ခဲ့ပါတယ်။ အခုလိုပြိုင်ပွဲတွေ ကျင်းပပေးတဲ့အတွက် အတွေ့အကြုံတွေလည်း အများကြီးရပါတယ်။ ပထမဆုံး ဝင်ပြိုင်တာဆိုတော့ စိတ်တော့လှုပ်ရှားတာပေါ့။ ဒါပေမဲ့ အခုလို ဝင်ပြိုင်လိုက်ရတော့ နောက်လာမယ့် ပြေးခုန်ပစ်ပြိုင်ပွဲတွေမှာ ပါဝင်ယှဉ်ပြိုင်သွားဖို့လည်း စိတ်ကူးထားပါတယ်။

**ကိုအောင်နိုင်စိုး**
**ဘီလီယက်ကစားသမား**
**ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြု**

ဒီပြိုင်ပွဲဝင်ဖို့အတွက် အချိန်နှစ်လခွဲ သုံးလလောက် လေ့ကျင့်ပြီးမှ ဝင်ပြိုင်ဖြစ်တာပါ။ အခု ဘီလီယက်/စနူကာ ပြိုင်ပွဲမှာ ရန်ကုန်တိုင်းဒေသကြီး ကိုယ်စားပြုကစားသမား ၁၁ ဦး ပါဝင်ယှဉ်ပြိုင်တာဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီးအနေနဲ့ ရွှေရှစ်ခုရအောင်ယူမယ်ဆိုပြီး အားခဲပြီးလာခဲ့တာဖြစ်ပါတယ်။ အခုလိုပွဲတွေပြုလုပ်ပေးခြင်းအားဖြင့် အမျိုးသားအားကစားပွဲတော်ကမှတစ်ဆင့် နိုင်ငံ့လက်ရွေးစင်ဖြစ်လာမယ်။ နိုင်ငံတကာပွဲတွေ ဝင်ပြိုင်ခွင့်တွေရရှိမှာဖြစ်ပါတယ်။ နှစ်စဉ်ဒီလိုပွဲတွေကို တစ်နှစ်တစ်ကြိမ်လောက် ယှဉ်ပြိုင်ရမယ်ဆိုရင်တော့ ကစားသမားတွေအတွက် အခွင့်အလမ်းတွေရှိမှာ ဖြစ်ပါတယ်။ ။

**တွေ့ဆုံမေးမြန်းနှင့်ဓာတ်ပုံ**
**အလင်းသစ်၊ လင်းရာမ**

# ထွန်းတောက်လင်းလက် တို့သမအနာဂတ်

**■ မေရှင်းသန့် - သမဝါယမကောလိပ်(ဖောင်ကြီး)**

သမဝါယမဟူသောစကားရပ်သည် ပါဠိဘာသာစကားဖြစ်သည့် သမနှင့်ဝါယမ ပေါင်းစပ်ထားသော ဝေါဟာရဖြစ်သည်။ သမဝါယမဆိုသည်မှာ “အတူတကွ ပူးပေါင်းဆောင်ရွက်ခြင်း” ဟုအဓိပ္ပာယ်ရသည်။ သမဝါယမ၏ဆောင်ပုဒ်မှာ One for all, All for one ဖြစ်ပြီး အဓိပ္ပာယ်အားဖြင့် “တစ်ဦးစီ၏အကျိုးကို အများက၊ အများအကျိုးကို တစ်ဦးစီက ပူးပေါင်းဆောင်ရွက်ခြင်း” ပင်ဖြစ်သည်။ မြန်မာနိုင်ငံရှိ ဗဟိုသမဝါယမအသင်းသည် ၁၉၉၃ ခုနှစ် စက်တင်ဘာလ ၇ ရက်နေ့တွင် အပြည်ပြည်ဆိုင်ရာ သမဝါယမအဖွဲ့ချုပ်၏ အဖွဲ့ဝင်အဖြစ် စတင်ဝင်ရောက်ခဲ့သည်။

“တိုင်းပြည်၏ ကုန်ထုတ်အရင်းအနှီးများကို နိုင်ငံတော်ကသော်လည်းကောင်း၊ သမဝါယမနှင့် စုပေါင်းအဖွဲ့များကသော်လည်းကောင်း ပိုင်ဆိုင်ရမည်”ဟု ပြဋ္ဌာန်းထားသည်။ သမဝါယမအသင်းသည် လူတို့၏စီးပွားရေးအခြေအနေများ တိုးတက်အောင် မြှင့်တင်ရန်အလို့ငှာ လူတန်းစားခွဲခြားမှုမရှိဘဲသာတူညီမျှစနစ်ဖြင့် လူသားအချင်းချင်း ဆက်ဆံပေါင်းသင်း၍ မိမိတို့၏ ဆန္ဒအလျောက် အတူတကွ ပူးပေါင်းဆောင်ရွက်သော အဖွဲ့အစည်းပင်ဖြစ်သည်။

သမဝါယမ၏စကားလုံးကို ခွဲခြားသုံးသပ်လျှင် သမ = မျှတခြင်း၊ ဝါ + ယမ = လုံ့လအားထုတ်ခြင်းဟူ၍အနက်ရသည်။ သမဝါယမစနစ်သည် ညီမျှခြင်း၊ မျှတခြင်း၊ အများဆန္ဒကို လေးစားခြင်း၊ မိမိဆန္ဒအလျောက် ပါဝင်ဆောင်ရွက်ခြင်း၊ အပြန်အလှန် ရိုင်းပင်းကူညီခြင်း၊ စီးပွားရေး၊ လူမှုရေးဒုက္ခများမှ လွတ်မြောက်အောင် အလေးအနက် ခံယူကျင့်သုံးခြင်းဟူသည့် အခြေခံမူများနှင့် ဆောင်ရွက်သည့်စနစ်သာဖြစ်သည်။

**အဓိပ္ပာယ်ဖွင့်ဆိုထား**

သမဝါယမစကားရပ်ကို မြန်မာအဘိဓာန်က အများစုပေါင်း၍ ကုန်ထုတ်/ကုန်ရောင်း စသည့် လုပ်ကိုင်၍ တရားသဖြင့်ရသည့်အကျိုးအမြတ်ကို မျှတစွာခံစားသည့်လုပ်ငန်းဟု အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။ သမဝါယမအသင်းများသည် မည်သည့်လုပ်ငန်းများကို ဆောင်ရွက်ကြပါသနည်းဆိုသော် သမဝါယမအသင်းတွင်ပါဝင်ကြသည့် အသင်းဝင်၊ အသင်းသားတို့၏ စီးပွားရေးနှင့် လူမှုရေးလုပ်ငန်းများကို ဆောင်ရွက်ကြပါသည်။ လူတိုင်းသည် မွေးဖွားလာစဉ်ကတည်းက တစ်သီးပုဂ္ဂလရပ်တည်၍မရဘဲ ပတ်ဝန်းကျင်လောကအပေါ် မှီခိုအားထားနေထိုင်ရလေရာ ကမ္ဘာဦးမှ ယနေ့တိုင် သမဝါယမသဘောမျိုး စုပေါင်းနေထိုင် လုပ်ငန်းဆောင်ရွက်သည့် ဓလေ့ရှိခဲ့ပါသည်။ မြန်မာနိုင်ငံလွတ်လပ်ရေးရရှိပြီးနောက် သမဝါယမဌာနသည် သမဝါယမသင်တန်းကျောင်းများကိုဖွင့်လှစ်၍ သမဝါယမပညာရပ်များကိုသင်ကြားပို့ချခဲ့သည်။

**❛ သမဝါယမဟူသည် ကိုယ့်အားကိုယ်ကိုးခြင်း၊ ကိုယ့်တာဝန်ကိုယ်ယူခြင်း၊ ဒီမိုကရေစီစနစ်ဖြင့် အုပ်ချုပ်သောအဖွဲ့အစည်းဖြစ်ခြင်း၊ တန်းတူညီမျှခြင်း၊ တရားမျှတစာနာထောက်ထားခြင်း၊ စည်းလုံးညီညွတ်ခြင်းနှင့် မှန်ကန်ဖြောင့်မတ်သည့် လူ့ကျင့်ဝတ်တန်ဖိုးများရှိခြင်း၊ ရိုးသားပွင့်လင်းခြင်း၊ လူမှုတာဝန်ရှိပြီး အခြားသူများကို ပြုစုစောင့်ရှောက်ခြင်းဆိုသည့် မိမိတို့၏ လူထုအခြေပြုစီးပွားရေးပုံစံသည် မည်သို့ရှိသည်ဆိုသည်ကို ကမ္ဘာအနှံ့ သိရှိအောင်ဆောင်ရွက်ရန် ကမ္ဘာ့နေရာအသီးသီးတွင်ရှိသည့် သမဝါယမလောကသားများအားလုံးကို ဖိတ်ခေါ်ကမ်းလှမ်းထားရှိမှုသည် ပိုမိုကောင်းမွန်သည့်ကမ္ဘာကြီးကို တည်ဆောက်နေခြင်းဖြစ် ❜**

သို့ရာတွင် အဆိုပါသင်တန်းများသည် သမဝါယမအရာရှိများ၊ အလုပ်သင်အရာရှိလောင်းများ၊ သမဝါယမဝန်ထမ်းများအတွက်သာလျှင် အများဆုံးဖြစ်ခဲ့သည်။ အသင်းဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ အမှုဆောင်ကော်မတီဝင်များနှင့် အသင်းမန်နေဂျာ စသည့်အသင်းဝန်ထမ်းများအတွက် သင်တန်းများအနည်းအကျဉ်းရှိခဲ့သည်။ သို့သော်လည်း အဆိုပါသင်တန်းများအတွက် သမဝါယမအသင်းများ၏ တာဝန်ခံပုဂ္ဂိုလ်များအား သမဝါယမစိတ်ဓာတ်ကိန်းအောင်း၍ သမဝါယမခံယူချက် ပြည့်ဝခိုင်မာလာအောင်နှင့် ပြည်သူလူထုအား ကျယ်ကျယ်ပြန့်ပြန့် ပညာပေးလုပ်ဆောင်ချက်များကို ဖော်ဆောင်ရာတွင် အားနည်းမှုများရှိခဲ့ပါသည်။

အပြည်ပြည်ဆိုင်ရာ သမဝါယမအဖွဲ့ချုပ်က သမဝါယမဟူသည် ကိုယ့်အားကိုယ်ကိုးခြင်း၊ ကိုယ့်တာဝန်ကိုယ်ယူခြင်း၊ ဒီမိုကရေစီစနစ်ဖြင့် အုပ်ချုပ်သောအဖွဲ့အစည်းဖြစ်ခြင်း၊ တန်းတူညီမျှခြင်း၊ တရားမျှတစာနာထောက်ထားခြင်း၊ စည်းလုံးညီညွတ်ခြင်းနှင့် မှန်ကန်ဖြောင့်မတ်သည့် လူ့ကျင့်ဝတ်တန်ဖိုးများရှိခြင်း၊ ရိုးသားပွင့်လင်းခြင်း၊ လူမှုတာဝန်ရှိပြီး အခြားသူများကို ပြုစုစောင့်ရှောက်ခြင်းဆိုသည့် မိမိတို့၏ လူထုအခြေပြုစီးပွားရေးပုံစံသည် မည်သို့ရှိသည်ဆိုသည်ကို ကမ္ဘာအနှံ့ သိရှိအောင်ဆောင်ရွက်ရန် ကမ္ဘာ့နေရာအသီးသီးတွင်ရှိသည့် သမဝါယမလောကသားများအားလုံးကို ဖိတ်ခေါ်ကမ်းလှမ်းထားရှိမှုသည် ပိုမိုကောင်းမွန်သည့် ကမ္ဘာကြီးကို တည်ဆောက်နေခြင်းဖြစ်သည်။

**ယိမ်းယိုင်ဖောက်ပြန်ခြင်းကို ကာကွယ်**

သမဝါယမအသင်းကို ဖွဲ့စည်းတည်ထောင်ခြင်းသည် အရင်းရှင်ကုမ္ပဏီကဲ့သို့ အမြတ်ငွေရရှိမှုကို ကျဉ်းမြောင်းစွာရှေးရှု၍ ဖွဲ့စည်းတည်ထောင်ခြင်း မဟုတ်ချေ။ အသင်းသားတို့၏ စား၊ ဝတ်၊ နေ၊ ရေး ပြဿနာများ ပြေလည်ပပျောက်ရေး၊ သက်သာချောင်ချိရေးအတွက်သာလျှင် အဓိကရှေးရှု၍ တည်ထောင်ကြခြင်းဖြစ်သည်။ ထို့ကြောင့် အမြတ်ရရှိရေးကိုသာ ရှေးရှုကြသောအရင်းရှင်များ အသင်းထဲဝင်ချင်အောင် တစ်ဖက်ကအဟန့်အတားဖြစ်စေ၍ အခြားတစ်ဖက်တွင် သမဝါယမအသင်းသည် အမြတ်ရရှိရေးကိုသာ ရှေးရှုလုပ်ကိုင်သော အရင်းရှင်စနစ်သို့ ယိမ်းယိုင်ဖောက်ပြန်သွားခြင်းကို ကာကွယ်တားဆီးရန် လိုအပ်ပါသည်။

**စုပေါင်းတာဝန်ယူလုပ်ဆောင်**

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ စီးပွားရေးတိုးတက်ရေးအတွက် ပြည်ထောင်စု မြန်မာနိုင်ငံသားများသည် အသင်းအဖွဲ့ဖြင့် လုပ်ကိုင်ဆောင်ရွက်ရန် လိုအပ်သည်ဖြစ်ရာ တစ်ဦးချင်းလုပ်ကိုင်သည်ထက် သမဝါယမအသင်းဖွဲ့စည်း၍ လုပ်ကိုင်ဆောင်ရွက်နိုင်ကြစေရန် သမဝါယမစီမံကိန်းဖြင့် ဦးတည်ဆောင်ရွက်ရာတွင် သွယ်ဝိုက်သောနည်းဖြင့် ချမှတ်သည့် ရည်ရွယ်ချက်ဖြစ်သည်။ ထို့ကြောင့် သမဝါယမစီမံကိန်းသည် ပြည်သူလူထုအား အသင်းအဖွဲ့ဖြင့် စုပေါင်းတာဝန်ယူ၍ လုပ်ဆောင်ကြသည့် အလေ့အကျင့်ရရှိစေရန် ရည်ရွယ်သည်။ သမဝါယမ၏ ရှင်သန်နိုးထမှုနှင့် လူမှုစီးပွားဘဝမြင့်မားရေး၊ ငြိမ်းချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်၊ ဆင်းရဲမှုလျှော့ချရေးနှင့် ကျား-မတန်းတူညီမျှရှိမှုတို့ကို ဝိုင်းဝန်းတည်ဆောက်ခြင်းကို အလေးပေးထားပါသည်။

တိုင်းပြည်အတွင်းရှိ အစိုးရအရာရှိအားလုံး သမဝါယမစိတ်ဓာတ် ကိန်းအောင်းလာအောင် နည်းအမျိုးမျိုးဖြင့် ဆောင်ရွက်သင့်ပါသည်။ ထို့ကြောင့် “နှမ်းတစ်စေ့ဖြင့်ဆီမဖြစ်နိုင်” ဟု ဆိုရိုးစကားရှိသော်ငြားလည်း ယခုအချိန်တွင် အမှန်လိုအပ်နေသည့် လိုအပ်ချက်တစ်ရပ်ကို နှမ်းတစ်စေ့နှင့်တူသော ဤဆောင်းပါးဖြင့် ဖြည့်ဆည်းပေးရခြင်းဖြစ်ပါသည်။ ။

## ဗီယက်နမ်နိုင်ငံ Cao Bang ပြည်နယ်အတွင်း အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားနှစ်ဦးအား ပြန်လည်ခေါ်ဆောင်

**ရန်ကုန် ဒီဇင်ဘာ ၁၄**

နိုင်ငံတော် အစိုးရအနေဖြင့် ပြည်ပတွင်ရောက်ရှိနေသည့် အမိနိုင်ငံသားများ အခက်အခဲကြုံတွေ့ရပါက နိုင်ငံသားများအပေါ် အလေးအနက် တန်ဖိုးထားသည့်အနေဖြင့် မည်သို့သော အခြေအနေနှင့် တွေ့ကြုံရသည်ဖြစ်စေ မြန်မာသံရုံး၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံးတို့သည် သက်ဆိုင်ရာသံရုံးများနှင့်ချိတ်ဆက်၍ အမိနိုင်ငံသားများ မြန်မာနိုင်ငံသို့ အမြန်ဆုံးအေးချမ်းလုံခြုံစွာ ပြန်လည်ရောက်ရှိနိုင်ရေးစီစဉ် ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ဗီယက်နမ်နိုင်ငံ Cao Bang ပြည်နယ်အတွင်း အလုပ်လုပ်ကိုင်စဉ် အခက်အခဲများ ကြုံတွေ့နေရသည့် မြန်မာနိုင်ငံသူ မနွယ်နီဝင်းနှင့် မချစ်စုစုကျော် နှစ်ဦးတို့အား အမိနိုင်ငံသို့ အမြန်ဆုံး ပြန်လည်ပို့ဆောင်နိုင်ရန် မြန်မာသံရုံးသည် ဗီယက်နမ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများနှင့် ချိတ်ဆက်၍ ညှိနှိုင်းဆောင်ရွက် ပေးခဲ့ပြီး တပ်မတော်လေယာဉ်အကြုံဖြင့် ယနေ့ ညနေပိုင်းတွင် နေပြည်တော်သို့ ရောက်ရှိကြသည်။



နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံသားများ ပြည်ပတွင် အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့ရပါက မြန်မာသံရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးတို့၏ ညှိနှိုင်းကူညီဆောင်ရွက်ပေးမှုဖြင့် အမိနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ပေးလျက်ရှိရာ ပြန်လည်ရောက်ရှိလာသည့် နိုင်ငံသားများနှင့် မိဘဆွေမျိုးများသည် ယခုကဲ့သို့ ကူညီဆောင်ရွက်ပေးမှု အတွက် နိုင်ငံတော်အစိုးရ၊ မြန်မာသံရုံးနှင့် မြန်မာ ကောင်စစ်ဝန်ချုပ်ရုံးတို့အား လှိုက်လှဲစွာ အထူးကျေးဇူးတင်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



## ကံမမြို့နယ်၌ ဆောင်းနေကြာအထွက်နှုန်း မြင့်မားရေး ကွင်းဆင်းဆောင်ရွက်

**ကံမ ဒီဇင်ဘာ ၁၄**

မကွေးတိုင်းဒေသကြီး ကံမမြို့နယ်၌ နေကြာသီးနှံ၏အရည်အသွေးနှင့် အထွက်နှုန်းမြင့်မားစေရေးအတွက် ယနေ့နံနက်ပိုင်းတွင် သရက်ခရိုင်နှင့်ကံမမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် ပျားလုပ်ငန်းဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးမျိုးတင့်နှင့် အဖွဲ့ဝင်များ၊ သရက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်စိုး၊ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ကံမမြို့နယ် ခြောက်ပင်ကျေးရွာအုပ်စုရှိ ဆောင်းနေကြာစိုက်ခင်းများတွင် ပျားပုံးများချထားရေးနှင့် ပျားများဝတ်မှုန်ကူးပေးခြင်းများ ဆောင်ရွက်နိုင်ရန် ကွင်းဆင်းဆောင်ရွက်ကြသည်။

ထို့ပြင် နေကြာသီးနှံအရည်အသွေးကောင်းမွန်ရေးနှင့် အထွက်နှုန်းမြင့်မားစေရေး နေကြာစိုက်ခင်းများစုဝေးတည်ရှိမှုနှင့် ပန်းဖူးပွင့်မှုများကို ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ငွေကြယ်**

# အွန်လိုင်းအန္တရာယ် တို့ကာကွယ်

ဝေယံလူ(ဆိုက်ဘာ)

> မြန်မာနိုင်ငံရဲတပ်ဖွဲ့က ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆ (ဂ) ဖြင့် အရေးယူ ဆောင်ရွက်ခဲ့သောအမှုများအနက်မှ ဆုံးရှုံးနစ်နာမှုငွေကြေးပမာဏအများဆုံးဖြစ်သော အမှုမှာ အိမ်ဆောက်ပစ္စည်းဆိုင်တစ်ခုမှ လူသုံးကုန်ပစ္စည်းများ ရောင်း / ဝယ်ရေးအတွက် အွန်လိုင်းမှတစ်ဆင့် ဆက်သွယ်ရာမှ ခင်မင်ရင်းနှီးခဲ့သူက ၎င်းသည်ငွေလဲလှယ်သည့် လုပ်ငန်းလုပ်ကိုင်ကြောင်း၊ အဆိုပါလုပ်ငန်းမှ အကျိုးအမြတ်များစွာ ရရှိနိုင်မည်ဖြစ်ကြောင်း ယုံကြည်အောင်ပြောဆိုပြီး KBZ၊ CB၊ AYA ဘဏ်အကောင့်နှင့် KBZ Pay စသည့်ဘဏ်အကောင့်အသီးသီးတို့မှ ငွေလွှဲပြောင်းစေ၍ ငွေကျပ် သိန်းပေါင်း ၁၅၀၀၀ ကျော်ခန့် လိမ်လည်ရယူသွားသဖြင့် အရေးယူဆောင်ရွက်မှုဖြစ်

မြန်မာနိုင်ငံ၌ လက်ရှိအခြေအနေတွင် လူကုန်ကူးမှုပုံစံအသစ် Job Scam (အလုပ်အကိုင်အခွင့်အလမ်းဖြင့် ဆွဲဆောင်လိမ်လည်ခြင်း) နည်းလမ်းဖြင့် ပစ်မှတ်ရှာဖွေကြသည်ကို တွေ့ရသည်။ မသိနားမလည်သူ၊ အလုပ်အကိုင် ရှာဖွေနေသူများ အနေဖြင့် ငွေကြေးမက်လုံးကြောင့် လူကုန်ကူးမှု ခံနေကြရကြောင်း လက်တွေ့မျက်မြင်သိရှိရပါသည်။ အွန်လိုင်းပေါ်တွင် လိမ်လည်မှုများသည် Job Scam သာမက အခြားသောလိမ်လည်မှုများ၊ ခြိမ်းခြောက်ခံရမှု၊ လိမ်လည်ခံရမှုများစွာ ရှိနေသည်။

ထိုကဲ့သို့ Online Scam (အင်တာနက်ပေါ်တွင် လိမ်လည်ခံရမှု)များကို ဆန်းစစ်လေ့လာရာ၌ မြန်မာနိုင်ငံတွင် အဖြစ်အများဆုံး လိမ်လည်ခံရမှု ၁၁ မျိုးရှိကြောင်း တွေ့ရသည်။ ၎င်းအမှု အမျိုးအစား ၁၁ မျိုးမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) Phishing Scam (Social Media နှင့် Email များသို့ Link များပေးပို့၍ ဆွဲဆောင်လိမ်လည်ခြင်း)။
(ခ) Fake Call Center Scam (လိမ်လည်သူက မိုဘိုင်းငွေကြေး ဝန်ဆောင်မှုလုပ်ငန်း သို့မဟုတ် အခြားဝန်ဆောင်မှုလုပ်ငန်းများ၏ Call Center အယောင်ဆောင်၍ OTP Code နှင့် ကိုယ်ရေးအချက်အလက်များ တောင်းခံကာ ငွေလိမ်လည် ထုတ်ယူခြင်း)။
(ဂ) E-Commerce Scam (Social Media နှင့် Website များမှတစ်ဆင့် အွန်လိုင်းဈေးဝယ်သူများအား လိမ်လည်ခြင်း)။
(ဃ) Social Media Impersonation Scam (Social Media များနှင့် Website များအား ထိန်းချုပ်ရယူခြင်း သို့မဟုတ် ပုံစံတူအတုများ ပြုလုပ်၍ လိမ်လည်ခြင်း)။
(င) Prize Draw Scams (ကံစမ်းမဲနှင့် စုကြေးများ ပေါက်သည်ဟု ပြောဆိုလိမ်လည်ခြင်း)။
(စ) Loan Scam (ချေးငွေအမည် အသုံးပြုထားသည့် Social Media နှင့် Application များမှတစ်ဆင့် လိမ်လည်ခြင်း)။
(ဆ) Internet Love Scam (မိသားစုဝင်၊ ချစ်သူရည်းစားကဲ့သို့ ချစ်ခင်နှစ်သက်ကြောင်း ပြသကာ ပစ္စည်းဥစ္စာတစ်ခုခုဖြင့် ဆွဲဆောင်လိမ်လည်ခြင်း)။
(ဇ) Credit for Sex Scam (Social Media မှတစ်ဆင့် လိင်ပိုင်းဆိုင်ရာကိစ္စဖြင့် ဆွဲဆောင်၍ ခြိမ်းခြောက်လိမ်လည်ခြင်း)။
(ဈ) Fake Gambling Platforms Scam (လောင်းကစားအမည် Website နှင့် social media အတုများဖြင့် လိမ်လည်ခြင်း)။
(ည) Job Scam (အလုပ်အကိုင်အခွင့်အလမ်းဖြင့် ဆွဲဆောင်လိမ်လည်ခြင်း)။
(ဋ) Investment Scam (ရင်းနှီးမြှုပ်နှံမှုဖြင့် ဆွဲဆောင်လိမ်လည်ခြင်း) တို့ဖြစ်သည်။

၂၀၂၃ ခုနှစ်နှင့် ၂၀၂၄ ခုနှစ် ဇွန်လအထိ မြန်မာနိုင်ငံရဲတပ်ဖွဲ့သို့ တိုင်ကြားလာသည့် အွန်လိုင်းလိမ်လည်မှု ဖြစ်စဉ်ပုံစံများအနေဖြင့် မိုဘိုင်းဖုန်း အသုံးပြု၍ ယုံကြည်အောင်ပြောဆိုကာ ငွေကြေးလိမ်လည်ခြင်း၊ Facebook Account / Page များမှတစ်ဆင့် ငွေကြေးလိမ်လည်ခြင်း၊ Mobile Pay Agent ဝန်ထမ်းများ အယောင်ဆောင်၍ Mobile Pay Account များမှငွေကြေးလိမ်လည်ထုတ်ယူခြင်း စသည့် Fake Call Center Scam (လိမ်လည်သူက မိုဘိုင်းငွေကြေးဝန်ဆောင်မှုလုပ်ငန်း သို့မဟုတ် အခြားဝန်ဆောင်မှုလုပ်ငန်းများ၏ Call Center အယောင်ဆောင်ပြီး OTP Code နှင့် ကိုယ်ရေးအချက်အလက်များ တောင်းခံကာ ငွေလိမ်လည်ထုတ်ယူခြင်း) ငွေကြေးလိမ်လည်မှု ၂၃၉ မှု၊ ကုန်ပစ္စည်းရောင်းချရငွေများအား Mobile Banking များမှတစ်ဆင့် လိမ်လည်ရယူခြင်း၊ နိုင်ငံခြားငွေကြေး လဲလှယ်မှုမှတစ်ဆင့် ငွေကြေးလိမ်လည်ရယူခြင်း စသည့် E-Commerce Scam (Social Media နှင့် Website များမှတစ်ဆင့် အွန်လိုင်းဈေးဝယ်သူများအား လိမ်လည်ခြင်း) ငွေကြေးလိမ်လည်မှု ၁၇ မှု၊ အများပိုင်ကုမ္ပဏီတည်ထောင်၍ အစုရှယ်ယာငွေများအား လိမ်လည်ရယူခြင်း၊ တရားမဝင်အဖွဲ့အစည်းဖွဲ့၍ ငွေကြေးစုဆောင်းခြင်းမှတစ်ဆင့် စုကြေးငွေများလိမ်လည်ရယူခြင်း စသည့် Loan Scam (ချေးငွေအမည် အသုံးပြုထားသည့် Social Media နှင့် Application များမှတစ်ဆင့် လိမ်လည်ခြင်း) ငွေကြေးလိမ်လည်မှု ၁၀ မှု၊ Fake Gambling Platforms Scam (လောင်းကစားအမည် Website နှင့် Social Media အတုများဖြင့် လိမ်လည်ခြင်း) ငွေကြေးလိမ်လည်မှု ခုနစ်မှု၊ မူပိုင်ခွင့်ရရှိထားသော ရုပ်ရှင်/ ဗီဒီယို ဇာတ်လမ်းများအား ခွင့်ပြုချက်မရှိဘဲ တရားမဝင်ကူးယူခြင်း၊ ငွေကြေးရယူ၍ ဖြန့်ချိခြင်း၊ ပြသခြင်း စသည့်အမှုဖြစ်စဉ် ငါးမှု၊ ငွေတုရောင်းဝယ်ရေးလုပ်ငန်းအမည်များဖြင့် ငွေကြေးလိမ်လည်မှု သုံးမှု စုစုပေါင်း ၂၈၁ မှုတို့ကို တွေ့ရပြီး တိုင်ကြားထားခြင်းမရှိသော အမှုများစွာလည်း ရှိနေနိုင်သည်။

တွေ့ရှိရသည့် အမှုအမျိုးအစားများအနက် အမှုဖြစ်စဉ် ၁၀ ခုကို စစ်ဆေးတွေ့ရှိချက်နှင့် ဆောင်ရန်၊ ရှောင်ရန်တို့ကို ဖော်ပြသွားပါမည် -

**မြန်မာနိုင်ငံရဲတပ်ဖွဲ့သို့ တိုင်ကြားလာသည့် အွန်လိုင်းလိမ်လည်မှုဖြစ်စဉ်၊ အမှုအမျိုးအစားများအနက် အမှုဖြစ်စဉ် ၁၀ ခုနှင့် စိစစ်တွေ့ရှိချက်များ**

**အမှုဖြစ်စဉ်(၁) အကျဉ်းချုပ်**

နိုင်ဂျီးရီးယားနိုင်ငံသား Obarinu Oluwatobi Daivd က KBZ Bank ၏ Website ပုံသဏ္ဌာန်ကို တုပထားသည့် admin@spectra-laser.pl Account အား အသုံးပြုပြီး KBZ Bank Account ဆိုင်ရာ လုံခြုံရေးသတိပေးချက်ဟူသော စာသားဖြင့် Login ဝင်ရောက်ရန်အတွက် User Name နှင့် Password တို့ကိုတောင်းခံ၍ ၎င်း Account တွင် ဖြည့်သွင်းစေကာ ဖုန်းအတွင်း ဖွင့်လှစ်ထားရှိသည့် KBZ Bank Mobile Bank Account မှ ငွေကျပ်သိန်း ၁၀၂၀ လွှဲပြောင်းရယူသွားမှုဖြစ်ပါသည်။

**စိစစ်တွေ့ရှိချက်**

xxxxx နှင့်ဇနီးတို့သည် နိုင်ငံသားစိစစ်ရေးကတ်များကို တရားမဝင်ဝယ်ယူခြင်း၊ အချို့နိုင်ငံသားစိစစ်ရေးကတ်များကို Picsart Application ဖြင့်အတုပြုလုပ်၍ KBZ Pay Account များဖွင့်လှစ်၍ မ xxxxx ထံသို့ ရောင်းချခဲ့သည်။ နိုင်ဂျီးရီးယားနိုင်ငံသား Obarinu Oluwatobi Daivd နှင့် မ xxxxx တို့သည် ငွေကြေးလိမ်လည်မှုများမှရရှိသည့် ငွေများကို ဝယ်ယူရရှိထားသည့် KBZ ဘဏ်ငွေစာရင်းအမှတ်များသို့ လွှဲပြောင်းရယူသည်။ Phishing Scam (Social Media နှင့် Mail များသို့ Link များ ပေးပို့၍ ဆွဲဆောင်လိမ်ညာခြင်း)ဖြစ်သည်။ **(နည်းပညာအသိ၊ သတိမရှိသဖြင့် မိမိအကောင့်၏ လုံခြုံမှုအခြေအနေအပေါ် စိုးရိမ်စိတ်ဖြင့် User Name & Password တို့ကို အခြားသူထံ အလွယ်တကူပေးခဲ့သောကြောင့် အကောင့်အတွင်းရှိ ငွေများဆုံးရှုံးခဲ့ခြင်းဖြစ်သည်။)**

**အမှုဖြစ်စဉ်(၂) အကျဉ်းချုပ်**

၀၉xxxxx ဖြင့်ဖွင့်လှစ်ထားသည့် Viber Account မှ YouTube Channel တစ်ခုကို Subscribe ပြုလုပ်လျှင် ငွေကျပ် ၁၀၀၀ ရရှိမည်ဖြစ်ပြီး Like and Subscribe ပြုလုပ်ရုံမျှဖြင့် အပိုဝင်ငွေရရှိမည်ဟု စတင်မက်လုံးပေးခဲ့ပြီး စုစုပေါင်း ငွေကျပ် ၉၈၃ သိန်း လိမ်လည်မှုဖြစ်ပါသည်။

**စိစစ်တွေ့ရှိချက်**

Like and Subscribe ပြုလုပ်ရုံမျှဖြင့် အပိုဝင်ငွေရရှိမည်ဟု မက်လုံးပေးလာသဖြင့် ပေးပို့ထားသည့် Mission 1 / Mission 2 စသည့် YouTube Channel များအား Subscribe ပြုလုပ်ခဲ့ရာ တရားလို၏ KPay အတွင်း ငွေကျပ် ၄၀၀၀ ရောက်ရှိလာသည်။ Mission 3 YouTube Channel Thadar Moe Oo Channel Link သို့ ဝင်ရောက်ခဲ့ပြီး အဆိုပါအကောင့်မှ ထည့်ပေးခဲ့သည့် 4401 Fortune Myanmar Telegram Group ၌ ငွေကျပ် ၃၅၀၀၀ သွင်းလျှင် ၄၅၀၀၀၊ ငွေကျပ် ၂၀၀၀၀၀ သွင်းလျှင် ၂၇၀၀၀၀၊ ငွေကျပ် ၅၀၀၀၀၀ သွင်းလျှင် ၆၇၅၀၀၀၊ ငွေကျပ် ၈၀၀၀၀၀ သွင်းလျှင် ၁၀၈၀၀၀၀ ရရှိမည်ဟု မက်လုံးပေးဖော်ပြထားသဖြင့် တရားလိုက ငွေကျပ် ၃၅၀၀၀၊ သုံးသိန်း စသည်ဖြင့် ပေးသွင်းခဲ့ရာ မက်လုံးပေးသည့်အတိုင်း အရင်းငွေနှင့် အတိုးငွေများ ရရှိခဲ့သည်။

ဆက်လက်၍ SVIPFT 13011 Telegram Group ၌ Mission များ ဖော်ပြထားသဖြင့် တရားလိုက ငွေကျပ်သိန်း ၁၇၀ ပေးသွင်းခိုင်းသည့် အကောင့်များသို့ ပေးသွင်းခဲ့ရာ Mission မှားယွင်းနေသဖြင့် ပြန်ဆယ်ယူလိုပါက ငွေကျပ် ၁၇၃ သိန်း ထပ်မံပေးသွင်းရမည်ဖြစ်ပြီး ပေးသွင်းခြင်းမရှိပါက ငွေများဆုံးရှုံးမည်ဟု စတင်လှည့်ဖြားသည်။

တရားလိုက ငွေများဆုံးရှုံးမည်ကို စိုးရိမ်သဖြင့် ငွေကျပ်၁၇၃ သိန်းအား လွှဲပေးခဲ့သော်လည်း ငွေကျပ်သိန်း ၂၄၀ ထပ်မံထည့်သွင်းမှသာ withdraw code ရရှိပြီး ယခင်ထည့်သွင်းခဲ့သည့် ငွေကျပ် ၃၄၃ သိန်းနှင့် အတိုးငွေ ၃၉၅ ဒသမ ၈၄ သိန်း ရရှိမည်ဖြစ်ကြောင်းနှင့် ပေးသွင်းခြင်းမရှိပါက ငွေများအားလုံးဆုံးရှုံးမည်ဟု ထပ်မံလှည့်ဖြားသည်။ တရားလိုက ငွေကျပ်သိန်း ၂၄၀ ကို ပေးသွင်းခိုင်းသည့် အကောင့်များသို့ ပေးသွင်းခဲ့ရာ Mission မှားယွင်းနေသဖြင့် Credit Score 80 သာရှိသဖြင့် ငွေများထုတ်ယူ၍ မရကြောင်းနှင့် Credit Score 100 ပြည့်ရန် ငွေကျပ်သိန်း ၄၀၀ ပေးသွင်းခိုင်းသဖြင့် ပေးသွင်းခဲ့သော်လည်း အကြောင်းအမျိုးမျိုးပြ၍ ငွေများပြန်လည်လွှဲပြောင်းပေးခြင်းမရှိတော့ပေ။ **(မက်လုံးပေးလာရာမှ မိမိ၏ လောဘစိတ်ကြောင့် ငွေများဆုံးရှုံးခဲ့ခြင်းဖြစ်သည်။)**

**အမှုဖြစ်စဉ်(၃) အကျဉ်းချုပ်**

တရားလို ဒေါ်xxxxx အသုံးပြုသည့် xxxxx Facebook အကောင့်သို့ xxxxx အစ်ကိုဖြစ်သူ ဦးxxxxxx အသုံးပြုသည့် xxxxx Facebook အကောင့်မှ ၀၉xxxxx ဖြင့် ဖွင့်လှစ်ထားသည့် xxxxx အမည် KPay အကောင့်သို့ ငွေကျပ် ၁၅ သိန်း တစ်ကြိမ်၊ ငွေကျပ် သိန်း၂၀ နှစ်ကြိမ် စုစုပေါင်း ငွေကျပ် ၅၅ သိန်း ပေးပို့ခဲ့ပြီးရာမှ လိမ်လည်ခံရမှန်း သိရသဖြင့် တိုင်တန်းမှုဖြစ်ပါသည်။

**စိစစ်တွေ့ရှိချက်**

တရားလို ဒေါ်xxxxx အသုံးပြုသည့် xxxxx Facebook အကောင့်သို့ အစ်ကိုဖြစ်သူ ဦးxxxxxx အသုံးပြုသည့် xxxxx Facebook အကောင့်မှ ငွေကြေးလိုအပ်နေကြောင်း ပြောဆိုသဖြင့် ယခင်ကလည်း အမြဲတမ်းငွေလွှဲပြောင်းပေးလေ့ရှိသဖြင့် ၀၉ xxxxx ဖြင့် ဖွင့်လှစ်ထားသည့် xxxxx အမည် KPay အကောင့်သို့ ငွေကျပ် ၁၅ သိန်း တစ်ကြိမ်၊ ငွေကျပ် သိန်း ၂၀ နှစ်ကြိမ် စုစုပေါင်း ငွေကျပ် ၅၅ သိန်း လွှဲပြောင်းပေးခဲ့သည်။ ထို့နောက် ငွေလွှဲပြီးကြောင်း ဦးxxxxx ထံ ဖုန်းဆက်သွယ်ပြောဆိုခဲ့ရာ Facebook အကောင့်ခိုးယူခံထားရကြောင်းနှင့် ငွေများတောင်းခံခဲ့ခြင်းမရှိဟု သိရှိခဲ့ရသည်။ **(မိမိ Social Media Account များ လုံခြုံမှုအားနည်းခြင်းကြောင့် အခြားသူက ခိုးယူသုံးစွဲ၍ အယောင်ဆောင် ငွေကြေးလိမ်လည်ခြင်းဖြစ်သည်။)**

**အမှုဖြစ်စဉ်(၄) အကျဉ်းချုပ်**

တရားလိုက ......... Electronic ရောင်းဝယ်ရေး Facebook Page မှ လျှပ်စစ်ပစ္စည်းများ ရောင်းရန်ရှိသည်ဟု ကြော်ငြာထားသည်ကို တွေ့ရှိသဖြင့် အဆိုပါ Page တွင် ဖော်ပြထားသည့် Viber နံပါတ် ၀၉xxxxx ၌ QD Like A 80 250 Watt မီးသီးဖိုး ငွေကျပ် ၁၄၄၀၀၀၀ ကို KBZ Special Bank Account: xxxxxxx သို့ ပေးသွင်းခဲ့ပြီးနောက် မီးသီးများရောက်ရှိလာခြင်းမရှိသဖြင့် တိုင်တန်းမှုဖြစ်ပါသည်။

**စိစစ်တွေ့ရှိချက်**

တရားလိုက .... Electronic ရောင်းဝယ်ရေး Facebook Page မှ လျှပ်စစ်ပစ္စည်းများ ရောင်းရန်ရှိသည်ဟု ကြော်ငြာထားသည်ကို တွေ့ရှိသဖြင့် အဆိုပါ Page တွင် ဖော်ပြထားသည့် Viber နံပါတ် ၀၉ xxxxxx သို့ ဆက်သွယ်၍ QD Like A 80 250 Watt မီးသီးဈေးနှုန်းကို မေးမြန်းသည်။ ဆိုင်မှာ မန္တလေးမြို့၌ တည်ရှိပြီး QD Like A 80 250 Watt မီးသီးတစ်လုံးမှာ ငွေကျပ် ၁၆၀၀၀ ဖြစ်ကြောင်း၊ ပစ္စည်းများအား ကားဂိတ်မှတစ်ဆင့် ပေးပို့ပေးသည်ဟု ဖြေကြားခဲ့ကြောင်း၊ တရားလိုက မီးသီးအလုံး ၉၀ အတွက် ငွေကျပ် ၁၄၄၀၀၀၀ အား Daw xxxxx ၏ KBZ Special Bank Account- xxxxxx သို့ Viber ၌ ငွေလွှဲပြေစာအားပေးပို့ခဲ့ရာ Block ပြုလုပ်သွားခဲ့သည်။ **(အွန်လိုင်းပေါ်၌ တွေ့ရှိရသည့် Facebook Page များအား မြေပြင်၌ ဦးစွာ မစူးစမ်းမဆင်ခြင်ဘဲ ငွေကြေးလွှဲပို့ခဲ့ရာမှ ငွေများဆုံးရှုံးခဲ့ခြင်းဖြစ်သည်။)**

**အမှုဖြစ်စဉ်(၅) အကျဉ်းချုပ်**

တရားလို ဒေါ် xxxxx ၏ ၀၉ xxxxx သို့ ၀၉ xxxxxx ကိုင်ဆောင်သူက ကမ္ဘောဇဘဏ်မှ မန်နေဂျာ ကိုxxxxxx ဖြစ်ကြောင်း၊ KBZ Pay အား ၂၀၂၄ ခုနှစ်အတွက် အကောင့်မြှင့်ရန် လိုအပ်သဖြင့် မှတ်ပုံတင်အမှတ်နှင့် ကုတ်နံပါတ်ပေးရန် ယုံကြည်အောင် ပြောဆိုသဖြင့် ပြောပြခဲ့ပြီးနောက် ၎င်း၏ KBZ Pay အတွင်း ငွေကျပ် ၂၀၆၈၈၇၅ ကျပ်ကို U xxxxx အမည် KBZ Pay အကောင့်သို့ လွှဲပြောင်းခြင်းခံရသဖြင့် အရေးယူပေးပါရန် တိုင်တန်းမှုဖြစ်ပါသည်။

**စိစစ်တွေ့ရှိချက်**

တရားလို ဒေါ် xxxxx ၏ ၀၉ XXXXX သို့ ၀၉ XXXXX ကိုင်ဆောင်သူက ကမ္ဘောဇဘဏ်မှ မန်နေဂျာ ကိုxxxxx ဖြစ်ကြောင်းပြောဆိုပြီး KBZ Pay အား ၂၀၂၄ ခုနှစ်အတွက် အကောင့်မြှင့်ရန် လိုအပ်သဖြင့် မှတ်ပုံတင်အမှတ်နှင့် ကုတ်နံပါတ်ပေးရန် ယုံကြည်အောင် ပြောကြားသည်။ ထို့နောက် ဒေါ် xxxxxx ၏ KBZ Pay အကောင့်မှ U xxxxxx အမည် KBZ Pay အကောင့်သို့ ငွေကျပ် ၁၀ သိန်း နှစ်ကြိမ်၊ ၆၈၈၇၅ ကျပ် တစ်ကြိမ် စုစုပေါင်း ငွေကျပ် ၂၀၆၈၈၇၅ ကျပ် လွှဲပြောင်းပေးပို့ခဲ့သည်။ **(မိမိထံ ဖုန်းဆက်သွယ်လာသူ၏ ပြောဆိုချက်များကို မစူးစမ်း မဆင်ခြင်ဘဲ ယုံကြည်ခဲ့ရာမှ ငွေများဆုံးရှုံးရခြင်းဖြစ်သည်။ )**

စာမျက်နှာ ၁၉ သို့ ❖

❖ စာမျက်နှာ ၁၈ မှ

**အမှုဖြစ်စဉ်(၆) အကျဉ်းချုပ်**

တရားလို ဦးxxxxx ၏ ဂ၉ xxxxxxx သို့ ဂ၉ xxxxxxx ကိုင်ဆောင်သူက ကမ္ဘောဇဘဏ်မှ မန်နေဂျာ ကို xxxxx ဖြစ်ကြောင်း KBZ Pay အကောင့်မြှင့်ရန် လိုအပ်သဖြင့် မှတ်ပုံတင်အမှတ်နှင့် ကုတ်နံပါတ်ပေးရန် ယုံကြည်အောင် ပြောဆိုသဖြင့် ပြောပြခဲ့ပြီးနောက် ၎င်း၏ KBZ Pay အတွင်း ငွေကျပ် သိန်း ၄၀ ကို U xxxxxxx အမည် KBZ Pay အကောင့်သို့ လွှဲပြောင်းခြင်းခံရသဖြင့် အရေးယူပေးပါရန် တိုင်တန်းမှုဖြစ်ပါသည်။

**စိစစ်တွေ့ရှိချက်**

တရားလို ဦး xxxxxx ၏ ဂ၉ xxxxxx သို့ ဂ၉ xxxxxx ကိုင်ဆောင်သူက ကမ္ဘောဇဘဏ်မှ မန်နေဂျာ ကိုxxxxx ဖြစ်သည်။ KBZ Pay အကောင့်မြှင့်ရန်လိုအပ်သဖြင့် မှတ်ပုံတင်အမှတ်နှင့် ကုတ်နံပါတ်ပေးရန် ယုံကြည်အောင် ပြောဆိုသဖြင့် ပြောပြသည်။ ထို့နောက် ဦးxxxxx ၏ xxxxx KBZ Pay အကောင့်မှ U xxxxx အမည် KBZ Pay အကောင့်သို့ ငွေကျပ် သိန်း ၄၀ အား လွှဲပြောင်းပေးပို့ခဲ့သည်။ **(မိမိထံဖုန်းဆက်သွယ်လာသူ၏ ပြောဆိုချက်များအား မစူးစမ်းမဆင်ခြင်ဘဲ ယုံကြည်ခဲ့ရာမှ ငွေများပျောက်ဆုံးခဲ့ခြင်းဖြစ်သည်။ Bank ဝန်ထမ်းအယောင်ဆောင်ကာ ငွေများလိမ်လည်ခြင်းဖြစ်သည်။)**

**အမှုဖြစ်စဉ် (၇) အကျဉ်းချုပ်**

တရားလို ကိုxxxxx သည် xxxxx Facebook Page Internet Plan တစ်ခုအား ငွေကျပ် ၉၀၀၀ ဖြင့် တစ်လ သုံးစွဲနိုင်သည်ဟု ဖော်ပြထားသဖြင့် အဆိုပါ Page မှ Register ပြုလုပ်ပေးမည်ဟု ပြောဆိုလာပြီး ဖုန်းနံပါတ်နှင့် မှတ်ပုံတင်အမှတ်တို့အား တောင်းယူ၍ Android Remote Support Software အား Install ပြုလုပ်ခိုင်းသဖြင့် ပြုလုပ်ခဲ့ရာမှ ၎င်း၏ U xxxxx KBZ Pay အကောင့်မှ ဂ၉xxxxxx ဖြင့် ဖွင့်လှစ်ထားသည့် xxxxx KBZ Pay အကောင့်သို့ ငွေကျပ် ၁၁၃၇၀၀၀ လွှဲပြောင်းပေးပို့ထားသည်ကို တွေ့ရှိရသဖြင့် တိုင်တန်းမှုဖြစ်ပါသည်။

**စိစစ်တွေ့ရှိချက်**

တရားလို ကိုxxxxx သည် xxxxx Facebook Page Internet Plan တစ်ခုအား ၉၀၀၀ ဖြင့် တစ်လ သုံးစွဲနိုင်သည်ဟု ဖော်ပြထားသဖြင့် အဆိုပါ Internet Plan အား ဝယ်ယူခဲ့သည်။ အဆိုပါ Facebook Page မှ Internet Plan အတွက် Register ပြုလုပ်ပေးမည်ဟုပြောဆိုပြီး ဖုန်းနံပါတ်နှင့် မှတ်ပုံတင်အမှတ်တို့အား တောင်းလာသဖြင့် ပေးအပ်ခဲ့ပြီး Android Remote Support Software အား Install ပြုလုပ်ခိုင်းသဖြင့် ပြုလုပ်ခဲ့သည်။ ထို့နောက် တရားလို U xxxxx KBZ Pay အကောင့်မှ ဝ၉xxxxx ဖြင့် ဖွင့်လှစ်ထားသည့် xxxxx KBZ Pay အကောင့်သို့ ငွေကျပ် ၁၁၃၇၀၀၀ လွှဲပြောင်းပေးပို့ထားသည်ကို တွေ့ရှိရသည်။ **(ဖုန်း Remote Control ဆော့ဖ်ဝဲလ်များအကြောင်း မသိရှိခြင်းကြောင့် ငွေများဆုံးရှုံးရခြင်းဖြစ်သည်။ Phishing Software များအသုံးပြု၍ ဘဏ်အကောင့် အချက်အလက်များ ရယူအသုံးပြုကာ ငွေများဆုံးရှုံးရခြင်းဖြစ်သည်။)**

**အမှုဖြစ်စဉ်(၈) အကျဉ်းချုပ်**

တရားလို ဒေါ်xxxxx သည် Facebook ၌ စုကြေးလုပ်ငန်းများ၊ စုမဲအရောင်း / အဝယ်လုပ်ငန်းများ လုပ်ကိုင်သူ ဒေါ်xxxxx နှင့် အွန်လိုင်း၌ ခင်မင်ရင်းနှီးခဲ့ပြီး စုမဲများဝယ်ယူခဲ့ရာမှ ဒေါ်xxxxx က အကြောင်းအမျိုးမျိုးပြ၍ တိမ်းရှောင်နေသဖြင့် အရေးယူပေးပါရန် တိုင်တန်းမှုဖြစ်ပါသည်။

**စိစစ်တွေ့ရှိချက်**

အွန်လိုင်း၌ ခင်မင်ရင်းနှီးခဲ့ပြီး စုမဲများဝယ်ယူခဲ့ရာမှ လိမ်လည်ခံရသဖြင့် ငွေများဆုံးရှုံးရခြင်းဖြစ်သည်။

**အမှုဖြစ်စဉ်(၉) အကျဉ်းချုပ်**

တရားလို ဦးxxxxx သည် Telegram Account, @KYAWYE 11 BOT မှ ငွေလဲလှယ်ကြောင်း ကြေညာထားသည်ကိုတွေ့ရှိသဖြင့် အမေရိကန်ဒေါ်လာ ၁၀၀၀၀ ဖိုး လဲလှယ်လိုကြောင်း ပြောဆိုခဲ့ရာ တစ်ဒေါ်လာလျှင် ငွေကျပ် ၃၅၅၁ ကျပ် ဖြစ်ကြောင်း ပြောဆိုသဖြင့် ဒေါ်လာ ၁၀၀၀၀ ဖိုး လဲလှယ်မည်ဖြစ်ကြောင်း မက်ဆေ့ချ်ပို့ခဲ့ရာ အဆိုပါ Telegram Account မှ KBZ Banking အကောင့်နံပါတ် xxxxx (xxxxx) သို့ ငွေကျပ် ၃၅၅၁၀၀၀၀ အား လွှဲပြောင်းပေးခဲ့သော်လည်း ဒေါ်လာများပြန်လည်ပေးပို့ခြင်း မရှိသဖြင့် အရေးယူပေးပါရန် တိုင်တန်းမှုဖြစ်ပါသည်။

**စိစစ်တွေ့ရှိချက်**

တရားလို ဦးxxxxx သည် Telegram Account; @KYAWYE 11 BOT ၌ အမေရိကန် ဒေါ်လာ ၁၀၀၀၀ ဖိုး လဲလှယ်လိုကြောင်းပြောဆိုခဲ့ရာ တစ်ဒေါ်လာလျှင် ၃၅၅၁ ကျပ်ဖြစ်ကြောင်း ပြောဆိုသဖြင့် ဒေါ်လာ ၁၀၀၀၀ ဖိုး လဲလှယ်မည်ဖြစ်ကြောင်း မက်ဆေ့ချ်ပို့ခဲ့ရာ အဆိုပါ Telegram Account မှ KBZ Banking အကောင့်နံပါတ် xxxxxx (xxxxx) သို့ ငွေကျပ် ၃၅၅၁၀၀၀၀ အား လွှဲပြောင်းပေးခဲ့သည်။ အဆိုပါ Telegram Account မှ အမေရိကန်ဒေါ်လာ ၁၀၀၀၀ ပြန်လည်ပေးပို့ခြင်းမရှိခဲ့။ **(မစူးစမ်းမဆင်ခြင်ဘဲ ငွေများအား လွှဲပြောင်းပေးပို့ခဲ့ရာမှ ငွေများဆုံးရှုံးရခြင်းဖြစ်သည်။ အကျိုးအမြတ်အားမက်လုံးပေးလိမ်လည်၍ Social Media မှတစ်ဆင့် ငွေကြေးများလိမ်လည်ရယူခြင်းဖြစ်သည်။)**

> ❝ Social Engineering Attack **၏ သဘောတရားမှာ အများယုံကြည်နိုင်လောက်အောင် တည်ဆောက်၍ ဖွဲ့စည်းပြင်ဆင်မှုများ ကြိုတင်စီမံထားရှိကာ ယုံကြည်အောင် အယုံသွင်းနိုင်လောက်သည့်အချိန်တွင် ၎င်းတို့၏** Account / Page **အားဖျက်၍** Sim Card **လွှင့်ပစ်ပြီး ငွေကြေးရယူသည့် နည်းလမ်းများပင်ဖြစ်ပါသည်။ အထူးသဖြင့် ငွေတုရောင်းဝယ်မှုများတွင် ၎င်းနည်းလမ်းများ အဓိကအသုံးပြုကြကြောင်း တွေ့ရှိရ** ❞

**အမှုဖြစ်စဉ်(၁၀) အကျဉ်းချုပ်**

တရားလို ဦးxxxxxx သည် အစ်မဖြစ်သူထံသို့ စင်ကာပူဒေါ်လာပို့ရန်အတွက် CB Bank မှ စင်ကာပူဒေါ်လာ ၁၇၀၀ အား xxxxxx Money Exchange သို့ ငွေလွှဲပြောင်းပေးပို့သည့် လိမ်လည်မှုကို တိုင်တန်းမှုဖြစ်ပါသည်။

**စိစစ်တွေ့ရှိချက်**

တရားလို ဦးxxxxx သည် မြန်မာငွေနှင့် စင်ကာပူဒေါ်လာ လဲလှယ်၍ရသည်ဟု သိရှိရသော xxxxx Money Exchange အမည် Facebook Account သို့မေးမြန်းခဲ့ပြီး စင်ကာပူဒေါ်လာ ၁၇၀၀ နှင့်ညီမျှသော မြန်မာငွေကျပ် ၄၁၁၄၀၀၀ ကို CB Bank မှ xxxxx (xxxxx) သို့ ပေးပို့ခဲ့ပြီးနောက် xxxxx Money Exchange Facebook Account ပိတ်သွား၍ ငွေကြေးလိမ်လည်မှုပြုလုပ်ခံခဲ့ရသည်။ **(Money Exchange အမည်ဖြင့် နာမည်တူ Facebook Page အတုများပြုလုပ်၍ တရားဝင်ဆိုင်များအဖြစ် အသွင်ယူ၍ ငွေကြေးလိမ်လည်ခြင်းဖြစ်သည်။)**

မြန်မာနိုင်ငံရဲတပ်ဖွဲ့က ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၆၆ (ဂ) ဖြင့် အရေးယူဆောင်ရွက်ခဲ့သော **အမှုများအနက်မှ ဆုံးရှုံးနစ်နာမှုငွေကြေးပမာဏ အများဆုံးဖြစ်သောအမှုမှာ အိမ်ဆောက်ပစ္စည်းဆိုင်တစ်ခုမှ လူသုံးကုန်ပစ္စည်းများ ရောင်း/ဝယ်ရေးအတွက် အွန်လိုင်းမှတစ်ဆင့် ဆက်သွယ်ရာမှ ခင်မင်ရင်းနှီးခဲ့သူက ၎င်းသည်ငွေလဲလှယ်သည့်လုပ်ငန်းလုပ်ကိုင်ကြောင်း၊ အဆိုပါလုပ်ငန်းမှ အကျိုးအမြတ်များစွာ ရရှိနိုင်မည်ဖြစ်ကြောင်း ယုံကြည်အောင်ပြောဆိုပြီး KBZ ၊ CB ၊ AYA ဘဏ် အကောင့်နှင့် KBZ Pay စသည့် ဘဏ်အကောင့်အသီးသီးတို့မှ ငွေလွှဲပြောင်းစေ၍ ငွေကျပ် သိန်းပေါင်း ၁၅၀၀၀ ကျော်ခန့် လိမ်လည်ရယူသွားသဖြင့် အရေးယူဆောင်ရွက်မှု ဖြစ်သည်။**

ထို့ပြင် နိုင်ငံအလိုက်ဖြစ်ပေါ်နေသည့် ဆိုက်ဘာမှုခင်းပြစ်မှုများအနေဖြင့် ဆုချီးမြှင့်မှု အကျိုးခံစားခွင့်ဆိုင်ရာ လိမ်လည်မှုများ၊ Call Center လိမ်လည်မှုများ၊ ငွေစုငွေချေးလိမ်လည်မှုများ၊ Online Banking ဆိုင်ရာ Fake Application များဖြင့် လိမ်လည်မှုများ၊ ဆက်သွယ်ရေးလိမ်လည်မှုများ၊ ငွေကြေးလိမ်လည်မှုများ၊ ကုန်သွယ်ရေးလိမ်လည်မှုများ၊ ရင်းနှီးမြှုပ်နှံမှုလိမ်လည်မှုများ၊ Facebook Account အတုများဖြင့် အွန်လိုင်းအရောင်းအဝယ်လိမ်လည်မှုများ၊ Website အသုံးပြု၍ လိမ်လည်မှုများ၊ အွန်လိုင်းလောင်းကစားများ အစရှိသဖြင့် နိုင်ငံအလိုက်ဖြစ်ပေါ်နေသော ဆိုက်ဘာမှုခင်းပြစ်မှုများမှာ တူညီမှုမရှိနိုင်သော်လည်း ဘုံတူညီနေသည့် ဆိုက်ဘာမှုခင်းများမှာ အွန်လိုင်းမှတစ်ဆင့် လိမ်လည်လှည့်ဖြားနေသည့် Social Engineering Attack ပင်ဖြစ်သည်။

**ထို Social Engineering Attack ၏ သဘောတရားမှာ အများယုံကြည်နိုင်လောက်အောင် တည်ဆောက်၍ ဖွဲ့စည်းပြင်ဆင်မှုများ ကြိုတင်စီမံထားရှိကာ ယုံကြည်အောင် အယုံသွင်းနိုင်လောက်သည့် အချိန်တွင် ၎င်းတို့၏ Account / Page အားဖျက်၍ Sim Card လွှင့်ပစ်ပြီး ငွေကြေးရယူသည့် နည်းလမ်းများပင်ဖြစ်ပါသည်။ အထူးသဖြင့် ငွေတုရောင်းဝယ်မှုများတွင် ၎င်းနည်းလမ်းများ အဓိကအသုံးပြုကြကြောင်း တွေ့ရှိရသည်။**

အဆိုပါ လိမ်လည်မှုများနှင့်ပတ်သက်၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မှုခင်းရဲတပ်ဖွဲ့မှ စုံစမ်းစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ရာ အွန်လိုင်းကုန်ပစ္စည်းရောင်းချမှု၊ ငွေတုရောင်းဝယ်ရေးအကြောင်းပြု လိမ်လည်မှုများတွင် အသုံးပြုသည့် အချို့ဖုန်းနံပါတ်များ၊ Profile များနှင့် မှတ်ပုံတင်များမှာ အတုများကို အသုံးပြုထားခြင်းကြောင့် ဖော်ထုတ်ရာတွင် အခက်အခဲများ ဖြစ်ပေါ်လျက်ရှိပါသည်။ ထို့ကြောင့် အွန်လိုင်းလိမ်လည်မှုများကို ဆောင်ရွက်ခွင့်ရနေသည့် မိမိတို့နိုင်ငံ၏အားနည်းချက်မှာ တယ်လီဖုန်း Sim Card များအပေါ် မှတ်ပုံတင်နိုင်မှုကို မြန်ဆန်စွာ ဆောင်ရွက်နိုင်မှုမရှိခြင်း၊ မှတ်ပုံတင်များဖြင့် လိမ်လည်မှုမရှိနိုင်စေရန်၊ eID (ခေါ်) မှတ်ပုံတင်ရေးကိစ္စရပ်များ ယခုထိ နှောင့်နှေးကြန့်ကြာမှုများ မဖြစ်စေရန်၊ အချိန်မီပူးပေါင်းဆောင်ရွက် ကုစားကြရန် လွန်စွာအရေးကြီးပါသည်။

ထို့ပြင် နိုင်ငံသားစိစစ်ရေးကတ်အတုဖြင့် ဘဏ်ငွေစာရင်း (သို့မဟုတ်) Mobile Pay စာရင်းများ ဖွင့်လှစ်ခြင်းမရှိစေရန် ပြည်ထဲရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့က စိစစ်ကြပ်မတ်ရမည်ဖြစ်ပြီး ဆက်သွယ်ရေးကွန်ရက်ကို အသုံးပြုသည့် ငွေကြေးလိမ်လည်မှုဖြစ်စဉ်များမှ တရားခံဖော်ထုတ်ဖမ်းဆီးရာတွင် ပြစ်မှုကျူးလွန်သူ၏ သတင်းအချက်အလက်များ အချိန်နှင့်တစ်ပြေးညီ ရရှိစေရန် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့အတွက် နည်းပညာ အထောက်အကူပြုပစ္စည်း အားနည်းနေသေးသည့်အတွက် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် လိုအပ်လျက်ရှိပါသည်။

အဆိုပါမိုဘိုင်းငွေပေးချေမှုလမ်းကြောင်းများမှ ငွေကြေးလိမ်လည်မှု မှုခင်းများ ဖြေရှင်းဆောင်ရွက်ရာတွင် ဒေသတွင်းနိုင်ငံများနည်းတူ Anti-Scam Center (လိမ်လည်မှုတိုက်ဖျက်ရေးစင်တာ) များ ဖွင့်လှစ်နိုင်မှုမရှိသေးသဖြင့် ထိုမှုခင်းများအား ထိရောက်စွာ ကိုင်တွယ်ဖြေရှင်းနိုင်မှု မရှိသေးကြောင်းကိုလည်း တွေ့ရှိရပါသည်။ သို့ရာတွင် မြန်မာနိုင်ငံအနေဖြင့် ငွေကြေးလိမ်လည်မှုများအား အချိန်မီတားဆီးရေးနှင့် အရေးယူမှုမြန်ဆန်ရေးဆိုင်ရာ လုပ်ငန်းအဖွဲ့ (Action Task Force) ကို ဖွဲ့စည်းပြီး မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ဦးဆောင်၍ စောင့်ကြည့်ထိန်းသိမ်းလျက်ရှိပါသည်။

အွန်လိုင်းမှတစ်ဆင့် ဆောင်ရွက်လျက်ရှိသည့် တရားမဝင် ငွေရေးကြေးရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ Social Media [Facebook ၊ TikTok ၊ X (Twitter)] များတွင် စောင့်ကြည့်ခြင်း၊ သံသယဖြစ်ဖွယ် ဝက်ဘ်ဆိုက် (Website) များနှင့် တရားမဝင် နိုင်ငံခြားငွေ ဈေးကစားလျက်ရှိသော ဝက်ဘ်ဆိုက် (Website) များ၊ လောင်းကစား Page များ၊ တရားမဝင်ဆောင်ရွက်လျက်ရှိသည့် Viber Group များ၊ Application များ၊ Link များအား အချိန်ပြည့် စောင့်ကြည့်စိစစ်ဖော်ထုတ်ပြီး ပိတ်သိမ်းနိုင်ရေးနှင့် ၎င်းနှင့်ဆက်စပ်လျက်ရှိသော ဖုန်းနံပါတ်၊ ငွေစာရင်းများနှင့် မိုဘိုင်းငွေကြေးစာရင်းများအား တားဆီးပိတ်သိမ်းခြင်းများ ဆောင်ရွက်ရန် အွန်လိုင်းမှတစ်ဆင့် ဆောင်ရွက်လျက်ရှိသည့် တရားမဝင် ငွေရေးကြေးရေးလုပ်ငန်းများကို စုံစမ်းဖော်ထုတ်၊ တားဆီးအရေးယူမှုဆိုင်ရာ လုပ်ငန်းအဖွဲ့အား နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ ခွင့်ပြုချက်ဖြင့် ဖွဲ့စည်း၍ ဆောင်ရွက်လျက်ရှိပါသည်။

ထို့ပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အစည်းအဝေးအမှတ်စဉ် (၃/၂၀၂၄) ဖြင့် ထုတ်ပြန်ထားရှိခဲ့သည့် အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းအမှားများတင်ခြင်း၊ မဖွယ်မရာများတင်ခြင်း၊ နိုင်ငံရေးအရ တိုက်ခိုက်ပြောဆိုခြင်းအပေါ် ဥပဒေကြောင်းအရ တားမြစ်အရေးယူဆောင်ရွက်နိုင်ရေး ကော်မတီ၏ လုပ်ငန်းစဉ်များကိုလည်း အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသော်လည်း နည်းပညာ အထောက်အကူပြုပစ္စည်း မရှိသည့်အတွက် လျင်မြန်တိကျစွာ ဆောင်ရွက်နိုင်ရေး နှောင့်နှေးမှုများ ရှိနေပါသည်။

မြန်မာနိုင်ငံအနေဖြင့် မိုဘိုင်းငွေရေးကြေးရေး ဝန်ဆောင်မှုပေးသူများနှင့်ပတ်သက်၍ မိုဘိုင်းငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းများဆိုင်ရာ စည်းမျဉ်းနှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေတို့ကို ထုတ်ပြန်ထားရှိပြီး Payment Frauds နှင့်ပတ်သက်၍ ဥပဒေပြဋ္ဌာန်းထားခြင်း မရှိသေးသော်လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ၂၀၂၃ ခုနှစ် အောက်တိုဘာလတွင် ထုတ်ပြန်ခဲ့ပြီးဖြစ်သည့် ဆက်သွယ်ရေးကွန်ရက်မှတစ်ဆင့် ငွေကြေးလိမ်လည်မှုများနှင့်စပ်လျဉ်း၍ တားဆီးကာကွယ်ရန် သတင်းအချက်အလက်ရယူခြင်းနှင့် စစ်ဆေးဖော်ထုတ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများအတိုင်း ဆောင်ရွက်လျက်ရှိသည့်အပြင် ၎င်းမှုခင်းများအပေါ် ရာဇသတ်ကြီးဥပဒေ၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေ (၂၀၀၄) နှင့် ဆက်သွယ်ရေးဥပဒေ (၂၀၁၃) တို့ဖြင့် အရေးယူဆောင်ရွက်လျက်ရှိပြီး ဆိုက်ဘာလုံခြုံရေးဥပဒေကို ရေးဆွဲလျက်ရှိရာ မူကြမ်းအဆင့်မှ အတည်ပြုနိုင်ရေးဆောင်ရွက်လျက်ရှိပါသည်။

ဆိုက်ဘာလုံခြုံရေးဥပဒေ (Cyber Security Law )ကို မြန်ဆန်စွာ အတည်ပြုနိုင်ပါက ပြည်သူအပေါ် သတင်းအဆိပ်ခတ်နေသည့် တစ်ဖက်ပိတ်မီဒီယာများ၏ သတင်းတု၊ သတင်းမှားများအပေါ်တွင် ဟန့်တားလာနိုင်ဖွယ်ရှိသည့်အပြင် အွန်လိုင်းပေါ်တွင်ကျူးလွန်သည့်အမှုများကို ထိန်းသိမ်းကာကွယ်နိုင်မည်ဖြစ်ပါသည်။

နိဂုံးချုပ်တင်ပြလိုသည်မှာ ပြည်သူလူထုအနေဖြင့် မိုဘိုင်းငွေရေးကြေးရေးလိမ်လည်မှုများကို ကာကွယ်တားဆီးနိုင်ရန်နှင့် မိုဘိုင်းငွေကြေးလိမ်လည်မှုများနှင့်စပ်လျဉ်းပြီး အထက်ပါအကြောင်းအရာ၊ အချက်အလက်များကို ထပ်ဆင့်ဝေမျှသွားရန် တိုက်တွန်းလိုပါသည်။

မသမာသူများက လိမ်လည်မှု ကျူးလွန်ရာတွင် မိုဘိုင်းငွေပေးချေမှုလမ်းကြောင်းများ အသုံးပြုလာမှုအပေါ် မိုဘိုင်းငွေရေးကြေးရေး ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများအနေဖြင့် အသိပညာနည်းပါးနေသေးသည့် ပြည်သူများ၏ အကျိုးစီးပွားအလို့ငှာ နည်းပညာလုံခြုံရေး (IT Security) မြှင့်တင်ပေးခြင်းဖြင့် ကူညီဆောင်ရွက်ပေးကြပါရန် တိုက်တွန်းရေးသားတင်ပြလိုက်ရပါသည်။ ။

**(နောင်တွင် လက်ကမ်းစာစောင်၊ TikTok ၊ Telegram ၊ YouTube တို့တွင် ပြည်သူများ သတိပြုနိုင်ရန် အွန်လိုင်းအန္တရာယ် အသိပညာပေးမှုများကို ဖော်ပြပေးသွားပါမည်။)**

ဝတ္ထုတို

## ချစ်သက်(မြန်မာစာ)




(၁)

တိမ်ညိုတိမ်မည်းတို့သည် ကောင်းကင်တစ်ခွင်လုံးကို နေရာယူထား၏။ နေမင်း၏ အလင်းရောင်ကို တိမ်ညိုတိမ်မည်းတို့က ဝါးမျိုထားကြသည်။ အလင်းရောင်မှိန်ပြပြအောက်ဝယ် ဒေါ်အိချို တစ်ယောက် ထမင်းချက်ရန် မီးမွှေးနေ၏။ ဇရာ၏ အထောင်းအထုကို ကြံ့ကြံ့ခံရင်း ဆန်ဆေးရန် အားယူလိုက်သည်။

"အား ကျွတ်ကျွတ်"

ညည်းတွားသော အသံနှင့်အတူ ထမင်းအိုးထဲသို့ ဆန်ကို ရေတွက်၍ ထည့်လိုက်၏။

"တစ်လုံး၊ နှစ်လုံး"

သမီးကြီးနှင့် သမီးငယ် မနက်စာ အဆာပြေစားရန် နို့ဆီဘူး တစ်လုံးကို အပိုထည့်လိုက်၏။ ဒေါ်အိချို၏ အသက်မှာ ၇၀ နီးပါးခန့် ရှိချေပြီ။ သမီးကြီးနှင့် သမီးငယ်တို့၏ လုပ်အားခကိုမှီ၍ စားသောက်ရသောသူဖြစ်သည်။ ယခင်က အမျိုးသား ဦးအောင်ဝင်း၏ လက်သမားလုပ်အားခဖြင့် မိဖုရားလုပ်ခွင့်ရှိသည်။ ယခုအခါတွင် သမီးများကို အားကိုးနေရရှာသည်။ သားကြီးက ဘေးအိမ်တွင်ရှိသော်လည်း အားကိုးဖော်မရ။ ချွေးမ၏ မျက်နှာကရှိသေးသည်။ ဒေါ်အိချို ထမင်းချက်ရန် မီးမွှေးနေစဉ် မိုးက ရုတ်တရက် ရွာချလာသည်။ မိုးပေါက်များ များလာသည်နှင့် မီးဖိုချောင်အမိုးမှ မိုးပေါက်များ ယိုစီးလာတော့သည်။

"ဒုက္ခပါပဲ၊ ဒီမိုးနဲ့ ငါဘယ်လို ထမင်းချက်ရပ့ါ"

ဒေါ်အိချိုသည် ဘေးအိမ်တွင်ရှိသော သားကြီးကို အကူအညီလှမ်းတောင်းလိုက်သည်။

"သားကြီးရေ... သားကြီး"

ဒေါ်အိချို၏ အသံသည် မိုးပေါက်များကို အံတုလျက် အပြိုင်ထွက်ပေါ်လာသည်။ တစ်ဖက်အိမ်မှ မိုးပေါက်သံနှင့် သားဖြစ်သူ၏အသံကို ကြားလိုက်ရသည်။

"အမေ့ မအားဘူးဗျ၊ မိုးထဲက ထင်းတွေ အိမ်ထဲသွင်းနေတာ မမြင်ဘူးလား၊ အားအားရှိ ခေါ်ခိုင်းဖို့ပဲ"

သားဖြစ်သူ၏အသံကို ပီပြင်စွာ မကြားရသော်လည်း သားဖြစ်သူ၏ အမူအရာကြောင့် ဒေါ်အိချို သဘောပေါက်လိုက်သည်။ မျက်ဝန်းမှ မျက်ရည်များ အလိုလို ကျဆင်းလာတော့သည်။

"အောင်ဝင်းရေ၊ သွားလေသူကြီး၊ ရှင့်သားသမီးတွေက အားမကိုးရဘူးရှင့်"

(၂)

"အောင်ဝင်း မီးဖိုးထဲမှာ အမိုးပေါက်နေတာ ရှင်မမြင်ဘူးလား၊ ကျွန်မကတော့ ချက်ရပြုတ်ရနဲ့၊ ထင်းလည်းရှာရသေး၊ ဟူး...မောလိုက်တာ"

ဒေါ်အိချို၏ ပြောစကားများကို ဦးအောင်ဝင်း ဂရုတစိုက် နားထောင်နေသည်။ အလုပ်က ပြန်လာသည်မို့ အိတ်ကပ်ထဲမှ ၁၀၀၀၀ တန် တစ်ရွက်ကို ဇနီးဖြစ်သူအား ပေးလိုက်၏။

"အေးပါ မိန်းမရယ် ငါ လုပ်ပေးပ့ါမယ်၊ နောက်မီးဖိုချောင် မိုးမယိုစေရဘူးသိလား၊ အာဘွား..."

ဦးအောင်ဝင်းသည် ဇနီးဖြစ်သူ၏ ပါးပြင်ကို ဖွဖွလေးနမ်းကာ မိုးယိုနေသော အပေါက်ကို ဝါးပတ်ဖြင့် ဖာထေးနေတော့သည်။

"အမေ သားကို ဆန်ချေးဦး ညစာ မရှိတော့ဘူး၊ အမေ့ချွေးမ ပြန်မလာခင် ထမင်းချက်ထားမှ"

ဒေါ်အိချိုသည် သားအား ဆန်ဖိုး ပေးရန် လက်က တွန့်ဆုတ်နေ၏။

"သားကြီးရယ် နင်တို့ကို ချေးတိုင်း ဘယ်နှခါ ပြန်ပေးလို့လဲ၊ သဲထဲရေသွန် သလိုပဲ ငါ မပြောလိုက်ချင်ဘူး"

အမိုးဖာနေသော ဦးအောင်ဝင်းက သားအမိ၏အခြေအနေကိုအကဲခတ်ကာ...

"ချိုရယ် စောစောက ငါပေးတဲ့ပိုက်ဆံ ပေးလိုက်ပါ၊ သားလည်း အဆင်ပြေတာ မဟုတ်ဘူး၊ ပေးလိုက် ပေးလိုက် ခဏနေ ပိုက်ဆံ ငါရှာပေးမယ်"

သားဖြစ်သူသည် ပိုက်ဆံရပြီမို့ မိဘကိုနှုတ်မဆက်ဘဲ အိမ်ထဲမှ ထွက်သွားလေသည်။

(၃)

ဦးအောင်ဝင်းသည် မိမိတတ်သော လက်သမားအလုပ်ဖြင့် မိသားစုဝမ်းရေးကို ကြိုးစား၍ ဖြေရှင်းနေရသူဖြစ်သည်။ အလုပ်နှင့်လက် မပြတ်သော်လည်း ပိုက်ဆံက ရှာသလောက် မလောက်ခဲ့ပေ။ အိမ်ဆောက်ရမလား၊ ဗီဒို၊ မှန်တင်ခုံ စသည့် လက်သမားနှင့် ပတ်သက်သမျှကို ဦးအောင်ဝင်း အကုန်လုပ်တတ်သည်။ လုပ်အားနှင့်လုပ်ခ မညီမျှသော်လည်း ဦးအောင်ဝင်းတစ်ယောက် မည်သည့် အလုပ်ရှင်ကိုမှ စောဒကမတက်ခဲ့ပေ။ ပေးသလောက်သာယူသည်။ ဒါကြောင့် ဦးအောင်ဝင်းမှာ အလုပ်နှင့်လက် မပြတ်ခဲ့ပေ။ တစ်နေ့ ဦးအောင်ဝင်း အလုပ်လုပ်ပြီး အိမ်သို့ ပြန်ခဲ့လေသည်။ အိမ်ရှေ့တံခါးဝ ရောက်လျှင်ရောက်ခြင်း ဒေါ်အိချိုနှင့် သမီးနှစ်ယောက်၏ အသံမျိုးစုံကို ကြားရပြန်သည်။

"နင်တို့ ညီအစ်မနှစ်ယောက်ကို အဝတ်အစားတွေ အကြွေးမဝယ်ပါနဲ့လို့ ပြောထားတာ၊ ခုတော့ အကြွေးရှင်က လာတောင်းပြီ၊ ဘယ်ပိုက်ဆံနဲ့ ပေးရပ့ါ၊ စားဖို့တောင် အနိုင်နိုင်၊ နင်တို့ လုပ်အားခကို ဈေးဖိုးပေးပါလို့ တစ်ခါမတောင်းဖူးဘူး၊ ခုကြည့် လစာလည်းမလောက် အကြွေးတောင်တင်နေသေး၊ အံ့ပါရဲ့ ဒီသမီးတွေကို ဘယ်အချိန်အားကိုးရ"

စိတ်ပျက်လက်ပျက်နှင့် ပြောနေသော ဒေါ်အိချို၏ အသံမှာ ဦးအောင်ဝင်း၏ နားထဲသို့ လျှောခနဲ ဝင်သွား၏။

"အမေရေ မွေးထားရင် ကျွေးရမှာပဲ၊ မကျွေးချင်ရင် မမွေးနဲ့၊ ခုအဝတ်ဝယ်တာလည်း တန်လို့၊ သမီးတို့ အသက် ၂၀ ကျော်ပြီ လှလှပပလေး ဝတ်ချင်စားချင်တယ်၊ တကတည်း ဒီအိမ်မှာနေရတာ အကုသိုလ်များတယ်၊ ဖြစ်နိုင်ရင် တစ်နေရာရာပဲ သွားနေချင်တော့တယ်၊ ဒီမိသားစုမှာ လူလာဖြစ်ရတယ်လို့"

အကြီးမ၏ မကျေနပ်သံကိုလည်း ကြားရပြန်သည်။ ဦးအောင်ဝင်းသည် သမီးနှင့်ဇနီးအနား ဝင်ထိုင်လိုက်သည်။

"ကြားတယ်နော် အောင်ဝင်း၊ ရှင့်သမီးတွေ ပြောပုံ၊ အရွယ်သာရောက်တယ် အားမကိုးရဘူး၊ ရှင့်ကိုလည်း ပြောဦးမယ်၊ ကိုယ့်လုပ်အားနဲ့ လုပ်ခ တန်အောင်ယူပါဆို နားကိုမထောင်ဘူး၊ ခုဖြစ်နေတဲ့ ပြဿနာဇာစ်မြစ်ကိုရှာရင် ရှင့်ကြောင့်၊ ရှင်အသုံးမကျလို့ ကျွန်မတို့မိသားစု ဆင်းဆင်းရဲရဲနေရတာ၊ ခုသမီးတွေက ၂၀ ကျော်၊ ရှင့်အသက်အရွယ်နဲ့ ရေရှည်ကို မတွေးရဲသလောက်ပဲ သေသာသေလိုက်ချင်တယ်"

ဇနီး၏ပြောစကားများကိုကောင်းသည် ဆိုးသည် ခွန်းတုံ့မပြန်ဘဲ ရေတစ်ခွက်ကို မော့သောက်လိုက်သည်။

"သမီး... ရော့ပိုက်ဆံ၊ လိုတာ နောက်နေ့ အဖေပေးမယ်လို့ ပြောထား"

သမီးနှစ်ယောက်သည် ဖခင်ပေးသော ပိုက်ဆံကို လှမ်းယူကာ...

"အဖေ သမီးတို့ချိုးဖို့ ရေခပ်ထားဦး"

"အောင်ဝင်း ကျွန်မဖို့ရော"

"နေပါဦးကွာ။ ငါရေခပ်ပြီး ရွာထဲ လျှောက်ပါဦးမယ်"

ဦးအောင်ဝင်းသည် သမီးများရေချိုးရန် အိမ်ရှေ့ရေတွင်းမှ ရေခပ်ရန် ဟန်ပြင်လိုက်လေတော့သည်။

(၄)

ဦးအောင်ဝင်းသည် ရွာဆေးပေးခန်းသို့ ရောက်ရှိလာလေသည်။

"ဆရာမ ကျွန်တော် ခုတလော ခေါင်းက မူးမူးနေတယ်၊ အဲဒါ ဘာဖြစ်လို့လဲ မသိဘူးဗျာ၊ ကြည့်ပေးပါဦး"

ဆရာမလေးသည် ဦးအောင်ဝင်း အား အဖျားရှိ၊ မရှိ စစ်ဆေးသည်။ သွေးပေါင်ချိန်တိုင်းပေးသည်။

"ဦးလေးရေ သွေးပေါင် တက်နေတယ်၊ သွေးပေါင်းကျဆေး နေ့တိုင်း သောက်မှ အဆင်ပြေမယ် ဦးလေး၊ အငန်တွေ လျှော့စား"

"ဆရာမ သွေးပေါင်ကျဆေးက နေ့တိုင်းသောက်ရမှာလား၊ မသောက်လို့ မရဘူးလား"

"မရဘူး ဦးလေးရေ၊ နေ့တိုင်းသောက်ရမယ်"

"တစ်ကတ် ဘယ်လောက်ကျလဲ ဆရာမ"

"ဘူးလိုက်ဆို ၃၀၀၀၀ ကျော်တယ်။ တစ်ကတ်ဆို ၃၆၀၀ ပါ"

"နေပါစေ ဆရာမ၊ ဦးလေးတို့က စားဖို့တောင် အနိုင်နိုင်"

ဦးအောင်ဝင်းသည် ဆေးပေးခန်းမှ ချက်ချင်းဆိုသလို ထွက်ခွာလာခဲ့၏။

(၅)

"ချိုရေ ငါ့ကို ဒန့်သလွန် ဟင်းချိုလေး ချက်တိုက်ပါလား၊ ငါ ခုတလော ဒန့်သလွန် ဟင်းချို သောက်ချင်နေလို့"

"ကြံ့ကြံ့ဖန်ဖန်တော်၊ အိမ်စရိတ်က မရှိရတဲ့အထဲ၊ ဟင်းချိုက သောက်ချင်ရသေး၊ ဟင်းချိုအစား ရေသောက်ပေ့ါရှင်၊ အချိုမှုန့်ဈေးက ကြီးကကြီးနဲ့၊ တစ်နေ့တစ်နေ့ ချက်ရပြုတ်ရ လွယ်တယ်ထင်နေလား"

"အေးပါကွာ အေးပါ၊ ချို ချက်တိုက်မလားလို့ပြောကြည့်တာ၊ ချို့ သဘော၊ အဆင်ပြေတာချက်"

"ဒါနဲ့ ဆန်ကုန်နေပြီ ဆန်ဝယ်ပေးဦး၊ ပိုက်ဆံရော ရှိရဲ့လား"

ဦးအောင်ဝင်းသည် အိတ်ကပ်ကို စမ်းလိုက်၏။ ဆေးခန်းသွားစဉ် ယူသွားသော ၁၀၀၀၀ တန် ခုနစ်ရွက်ကို ထုတ်လိုက်၏။ ထို့နောက်...

"သားကြီးရေ.... သားကြီး"

ဘေးအိမ်မှ သားကြီး ရောက်လာသည်။

"အဖေ ဘာကိစ္စ"

"ဘာမှမဟုတ်ပါဘူးကွာ၊ အဖေ့ကို ဆန်စက်မှာ ဆန်တစ်အိတ်လောက် ဝယ်ပေးဦး၊ ရော့ ပိုက်ဆံ"

"ဟုတ်ကဲ့ အဖေ၊ သား ခုသွားလိုက်မယ်"

ဆန်အိတ်နှင့် သားတော်မောင် ချက်ချင်းဆိုသလို ပြန်ရောက်လာသည်။

"အဖေရေ ဆန်တစ်အိတ် ၈၀၀၀၀ တဲ့ ဈေးတွေတက်သွားပြီ၊ သားကို ဆိုင်ကယ် ဆီဖိုးပေးဦး၊ ၁၀၀၀၀ တောင် သားစိုက်ထားတာ"

"အေးပါကွာ၊ မနက် အဖေပေးပ့ါမယ်"

(၆)

"ချိုရေ ခုတလော ခေါင်းကမူးမူးနေတယ် ဘာဖြစ်တယ် မသိဘူး"

"ရှင်ကလည်း နေဒီလောက်ပြင်းနေတာ ခေါင်းမူးတာ အဆန်းလား၊ ကျွန်မတို့တောင် မူးတာပဲ အရေးမပါတာတွေ လာပြောနေတယ်၊ ရှင့်ပြောရဦးမယ်၊ မနေ့က ရှင့်သားဝယ်ပေးတဲ့ ဆန်အိတ်က ၆၀၀၀၀ တဲ့၊ ဘေးအိမ်ကဝယ်လို့ မေးကြည့်တော့ ပြောလိုက်တာ၊ ရှင့်သားကလည်း ကိုယ့်အဖေ့ပစ္စည်းတောင် စားရက်တယ်၊ ဒါကြောင့် ရှေးလူကြီးသူမတွေပြောတာ ကျွန်မယုံတစ်ဖက်ကမ်း သားသမီးယုံ စုံလုံးကန်းတဲ့၊ အံ့ပါရဲ့တော် စားထိုက်ရင် စားကြ၊ သားသမီးလုပ်စာ စားရဖို့မပြောနဲ့ အိုကြီးအိုမလုပ်စာပဲ ကပ်စားနေကြတယ်"

"မပြောပါနဲ့ ချိုရယ်၊ ငါ အားလုံးသိတယ်၊ ရွာကျွေးရမယ့်တာဝန်က ငါ့တာဝန်၊ စားစား ငါ့သားသမီးတွေပဲ၊ သူတို့အားလုံးအဆင်ပြေရင် ငါကျေနပ်တယ်၊ ငါ ဘယ်လိုနေရနေရ"

"အင်းပါ ရှင်က ဒုတိယ ဝေဿန္တရာပဲ၊ ကျွန်မထမင်းချက်ဖို့ ထင်းပေါက်ပေးဦး"

ဦးအောင်ဝင်းသည် ထင်းပေါက်ရန် အိမ်အပြင်ဘက်သို့ ထွက်လိုက်သည်။ ပေါက်စိန်ကိုမြှောက်ကာ ထင်းခွဲဖို့ ဟန်ပြင်လိုက်စဉ် ပေါက်စိန်ရော လူပါ လဲကျသွား၏။ ဒေါ်အိချိုသည် ချက်ချင်းဆိုသလို ဦးအောင်ဝင်းအား ပွေ့ဖက်လိုက်၏။ ထို့နောက်...

"သားကြီးရေ လာပါဦး၊ နင့်အဖေ ဘာဖြစ်သွားတယ် မသိဘူး"

ဘေးအိမ်မှ သားကြီးသည် အပြေးအလွှား ရောက်လာ၏။ ဦးအောင်ဝင်းကို ပွေ့ချီကာ အိမ်ပေါ်သို့ တင်လိုက်သည်။

"အဖေ သတိထားပါဦး အဖေ"

"အောင်ဝင်း ထပါဦး အောင်ဝင်း"

သားကခေါ်လိုက်၊ ဒေါ်အိချိုက ခေါ်လိုက် သိပ်မကြာခင် ဦးအောင်ဝင်း သတိလည်လာ၏။"

"ချို ငါ ခြေထောက်၊ လက်တွေ လှုပ်မရတော့ဘူး၊ ဒုက္ခပါပဲ၊ ငါ လေငန်းဖြစ်လို့ မဖြစ်ဘူး၊ လေငန်းဖြစ်လို့ မဖြစ်ဘူး ချို"

ဦးအောင်ဝင်း၏ မျက်ဝန်းတို့မှ မျက်ရည်များ စီးကျလာ၏။ ဦးအောင်ဝင်း တစ်ဖန် သတိလစ်သွားပြန်သည်။ အိမ်နီးချင်းများ ရောက်လာကြသည်။ ဦးအောင်ဝင်းကို ကြည့်ကြသည်။ ထို့နောက် လူကြီးတစ်ယောက်က

"အိချိုရေ အောင်ဝင်း မျှော်လင့်ချက် မရှိတော့ဘူး"

(၇)

"အမေ ငိုနေလို့လည်း အဖေပြန်ရှင်မလာဘူး၊ ကူငွေ ယူမှာလား မယူဘူးလားတဲ့၊ အုပ်ချုပ်ရေးမှူးက မေးနေပြီ"

သမီးကြီးကမေးသောအခါ ဒေါ်အိချိုက...

"နင်တို့သဘော ကြိုက်သလိုလုပ်"

"ကူငွေ ယူရမယ် အမေ၊ အဖေမသေခင် အကြွေးတွေက အများကြီး၊ ကူငွေနဲ့ ပြန်ဆပ်မှ၊ သမီးတို့ လုပ်အားခနဲ့ အဆင်မပြေဘူး"

ဦးအောင်ဝင်း၏ အသုဘတွင် လူများ စည်ကားနေ၏။ ရွာနီးခြောက်စပ်မှ လာကြ၏။ ကူငွေများဖြင့် ဦးအောင်ဝင်း ယူထားသော အကြွေးများ ကျေသည့်အပြင် အပိုငွေပါ ထွက်လာခဲ့လေသည်။

(၈)

သမီးကြီး၏ ခေါ်သံကိုကြားမှ ဒေါ်အိချို သတိပြန်ဝင်လာသည်။ ထို့နောက် မီးဖိုချောင် အမိုးပေါက်ကို မိမိကိုယ်တိုင် ဝါးပတ်ဖြင့် ဖာထေးနေတော့သည်။ ။

## ကျေးလက်နံနက်ခင်း

❖ လေးချက်တီးလို့ အုန်းမောင်းသံ
ရွာဦးကျောင်းက အချိန်မှန်။
လင်းကြက်ကညံ နရီတေး
တို့တောရွာက နှိုးစက်လေး။
❖ ကြည်လင်ချိုအေး နိဗ္ဗာန်ဆော်
ဆွမ်းချက်ထဖို့ ဘွန္တောအော်။
ဘွားလေးဂွက်ထော် မိညိုမြ
ဆွမ်းပွဲစုံလင် ပြင်ဆင်ကြ။
❖ ရောင်နီဦးက ထိုးဖြာလာ
ကျေးငှက်တွေလည်း တေးသံသာ။
မြတ်သောသံဃာ ကြွချီမြန်း
လောင်းလှူကြပေ့ ဒါနဆွမ်း။
❖ မြိုင်ရဂုံတန်း ပန်းမျိုးစုံ
ဖူးပွင့်ဝေဆာ ရနံ့ထုံ။
လေညင်းသုန်သုန် ရှစ်တိုင်းခွင်
လေးကျွန်းပတ်ရံ ရိုက်ဆော်သွင်း။
ကျေးတောရွာရဲ့ နံနက်ခင်း။ ။

ရင်ခတ်ပန်း(စွယ်တော်)

---

## တိုင်းပြည်အားထား လူငယ်များ

❑ တို့တိုင်းပြည် တိုးတက်လမ်းမှာ
ဝန်ထမ်းကြ လူငယ်တွေ။
လမ်းမှန်ဆို ဘယ်သို့ကြမ်းလည်း
လျှောက်လှမ်းကြလေ။
❑ ပညာများ သင်ကြားစေ
မေတ္တာဝေ ဖြူစိတ်ထား။
ကောင်းကျိုးတွေ အတူကမ်းလို့
အေးချမ်းစေသား။
❑ ညီညာစွာ လက်တွဲထား
ကွဲပြားကြ ကဏ္ဍစုံ။
ပါဝင်ကာ ဝန်ကိုထမ်းလို့
လန်းဆန်းစိတ်ယုံ။
❑ အရောင်သွေး အစုံ
ဦးလည်မသုန် ညီညွတ်ထား။
မြန်မာပြည် စည်ပင်တိုးအောင်
ကျိုးဆောင်စေသား။
❑ ကိုယ့်မြန်ပြည် တိုးတက်ရေး
အလေးပေး ပါဝင်ကာ။
စည်းကမ်းကို အရေးထား
လေးစားရမှာ။
❑ မူးယစ်ဆေး ရှောင်ရှားကာ
ဆင်ခြင်ကာ သတိထား။
တိုင်းပြည်နေ ပြည်သူများတွက်
အားဖြစ်စေသား။

ခင်မောင်မြင့်

---

ဆောင်းပါး

# ယနေ့ခေတ်လူငယ်နှင့် စာရိတ္တဗလဖွံ့ဖြိုးရေး

**မောင်ချမ်းမြေ့ (ပညာရေး)**

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

လူငယ်လူရွယ် တစ်ယောက်စီတိုင်းတွင် ပြုစုပျိုးထောင်ရမည့် ကာယဗလ၊ ဉာဏဗလ၊ စာရိတ္တဗလ၊ မိတ္တဗလ၊ ဘောဂဗလဟူသည့် ဗလငါးပါးတွင် စာရိတ္တဗလသည် အမွန်မြတ်ဆုံး အရေးကြီးဆုံးမဏ္ဍိုင် ဖြစ်သည်။ စာရိတ္တဟူသော ကိုယ်ကျင့်တရားသည် လူတစ်ဦးချင်း၏ အသက်သွေးခဲဖြစ်သည်။ စာရိတ္တကောင်းသူသည် လူကောင်းဖြစ်၍ နိုင်ငံတော်က အားထားရမည့်သူဖြစ်သည်။ စာရိတ္တယိုယွင်းနေသူသည် လူဆိုးလူသွမ်းဖြစ်၍ အများပြည်သူတို့အား အနှောင့်အယှက်ပေးနိုင်သူ နိုင်ငံတော်အား အန္တရာယ်ပြုနိုင်သူဖြစ်သည်။ စာရိတ္တမဏ္ဍိုင်ကြံ့ခိုင်မှသာလျှင် အခြားသော ဗလစွမ်းအားတို့သည် နိုင်ငံတော်ကို အကျိုးပြုနိုင်ကြပေမည်ဖြစ်သည်။ စာရိတ္တမဏ္ဍိုင် ယိမ်းယိုင်နေပါလျှင် ကျန်ဗလလေးတန်တို့၏ခွန်အားတို့သည် အဖျက်လုပ်ငန်းဆီသို့ ဦးတည်သွားကြပေလိမ့်မည်ဖြစ်သည်။ စာရိတ္တကောင်းခြင်းသည်ကား လွန်စွာအရေးကြီးလှပါသည်။

ယနေ့လူငယ်များသည် အနာဂတ်တွင် နိုင်ငံတော်ကအားထားရမည့် လူတော်လူကောင်း မျိုးဆက်သစ်ရတနာများဖြစ်သည့်အလျောက် စာရိတ္တမဏ္ဍိုင် ကြံ့ခိုင်ဖို့ အထူးလိုအပ်ပေသည်။ နိုင်ငံတော်က မျှော်လင့်ထားသော နိုင်ငံ့သားကောင်း သမီးကောင်း ရတနာများ ဖြစ်မြောက်လာရေးအတွက် ကျောင်းသားကျောင်းသူအရွယ်မှစတင်ကာ အသိပညာ၊ အတတ်ပညာတို့ကို သင်ယူဆည်းပူးရင်း စာရိတ္တကောင်းမွန်အောင် ကျင့်ကြံနေထိုင်သွားရပေမည်။ ထို့အတူ စာရိတ္တတန်ဖိုးကိုသိမြင်ကာ စာရိတ္တကိုချစ်မြတ်နိုး၍ စာရိတ္တကောင်းခြင်းဂုဏ်နှင့်ပြည့်စုံအောင် ကြိုးစားဆောင်ရွက်ကြရပေမည်။

နိုင်ငံတော်အတွင်း ငြိမ်းချမ်းသာယာမှုကို ပျက်ပြားစေပြီး နိုင်ငံတော်၏အကျိုးနှင့် ဂုဏ်သိက္ခာကို ဆုတ်ယုတ်ပျက်စီးစေသော သူတစ်ပါး၏ အသက်အိုးအိမ်များကို ထိခိုက်နစ်နာစေခြင်း၊ သူတစ်ပါးတို့၏ ပစ္စည်းဥစ္စာကို ခိုးဝှက်လုယူခြင်း၊ ကာမဂုဏ်တို့၌ မှားယွင်းစွာကျင့်ခြင်း၊ မူးယစ်ဆေးဝါးများကို သယ်ဆောင်သုံးစွဲခြင်း စသည်တို့သည် တရားဥပဒေကို ချိုးဖောက်သော အကျင့်စာရိတ္တပျက်ပြားသော ဒုစရိုက်မှုများဖြစ်သည်။

ရောမအင်ပါယာကြီး လျှောကျပျက်စီးခဲ့ရချိန်၌ ပညာရှင် Titus(တိုက်တပ်စ်) ပြောကြားခဲ့သော စကားကို စာရေးသူမှတ်သားဖူးပါသည်။

"ရောမအင်ပါယာကြီး လျှောကျပျက်စီးရတာဟာ အစာရေစာခေါင်းပါးချို့တဲ့လို့လည်းမဟုတ်ဘူး။ ပြင်ပကရန်သူတွေ ဝင်ရောက်တိုက်ခိုက်လို့လည်း မဟုတ်ဘူး။ တကယ့်အကြောင်းအရင်းက ပြည်သူပြည်သားတွေ အကျင့်စာရိတ္တပျက်စီးသွားကြလို့ပဲ" ဟူ၍ပင်ဖြစ်သည်။

မှတ်သားဖွယ်ရာကောင်းသော စကားပင်ဖြစ်ပါသည်။ နိုင်ငံအတွင်းရှိ ပြည်သူပြည်သားများ အကျင့်စာရိတ္တပျက်စီးသွားမည်ဆိုလျှင် နိုင်ငံတော်၏ အနာဂတ်သည် စိုးထိတ်လန့်ဖွယ်ဖြစ်၍ ဆုတ်ယုတ်မည်မှာ မလွဲကေန်ဖြစ်ပါသည်။ ထို့ကြောင့် နိုင်ငံတော်တစ်ဝန်းလုံး ငြိမ်းချမ်းသာယာ၍ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ တိုင်းရင်းသားအချင်းချင်း ခင်မင်ချစ်ကြည်ရေး၊ ပြည်ထောင်စုကြီးတည်တံ့ဝပြောရေးတို့ကို အလိုရှိသော ပြည်သူအပေါင်းတို့သည် မင်းမဲ့စရိုက်ဖြစ်သည့် ထိုဒုစရိုက်မှုများကို တားဆီးနှိမ်နင်းကြရပေမည်။

ထိုဒုစရိုက်မှုများကို တားဆီးကြရာတွင် အကောင်းဆုံးနည်းသည်ကား မျိုးဆက်သစ်ရတနာ လူငယ်မောင်မယ်တို့၏ နှလုံးသည်းပွတ်များတွင် မြတ်ဗုဒ္ဓ၏အဆုံးအမဩဝါဒများ ကိန်းဝပ်အောင် လုပ်ဆောင်ပေးခြင်းပင်ဖြစ်ပါသည်။ မြတ်ဗုဒ္ဓ၏ အဆုံးအမပဏ္ဍိတဝဂ်တွင် ဆုံးမရာ၏။ ကြိုတင်ဆုံးမရာ၏။ မကောင်းသောအပြုအမူတို့မှလည်း တားမြစ်ရာ၏ဟူ၍ ဟောညွှန်ထားပါသည်။

လူငယ်မောင်မယ်များသည် အရာရာကို စူးစမ်းလေ့လာလိုစိတ်များ ပြင်းထန်နေသည့်အရွယ်ပင်ဖြစ်သည်။ ထိုအရွယ်သည်ဘဝအတွက် အလွန်ပင်အရေးကြီးပါသည်။ နေ့စဉ်မြင်တွေ့နေရသောအရာများက မကောင်းမှုချည်းသာဖြစ်နေပါက မကောင်းသည့်အရောင်အသွေးများက မိမိတို့၏ဘဝတွင် စွန်းထင်းသွားနိုင်ပေသည်။ ငယ်စဉ်ကတည်းက စာရိတ္တမကောင်းသူ၊ ဆိုးမိုက်သူ၊ စကားကို ရိုင်းစိုင်းကြမ်းတမ်းစွာ ပြောဆိုတတ်သူ စသည့်အပြောအဆို အပြုအမူနှင့် အကျင့်စာရိတ္တပိုင်းဆိုင်ရာတွင် ပျက်စီးနေသူများနှင့် ပေါင်းဖက်မိသည့် လူငယ်များသည် လူတော်လူကောင်းများဖြစ်လာရန် အကြောင်းမရှိပေ။ အားလပ်ချိန်တွင် စာကြည့်တိုက်သို့သွား၍စာပေလေ့လာလိုက်စားသူ၊ အများအကျိုး ပရဟိတလုပ်သူများနှင့် ပေါင်းဖက်မိသည့်အခါ မိမိကိုယ်တိုင်လည်း ဆောင်ရွက်လိုစိတ်များ ဖြစ်ပေါ်လာကာ လူတော်လူကောင်း ဖြစ်လာမည်ဖြစ်သည်။ ထို့ကြောင့် မြတ်ဗုဒ္ဓက လူ့လောကတွင် မိတ်ဆွေအပေါင်းအသင်းတို့ကို ရွေးချယ်ပေါင်းသင်းကာ လူမိုက်နှင့်မပေါင်းသင်းဘဲ ပညာရှိလူလိမ္မာများနှင့်သာ ပေါင်းသင်းရန် ဟောကြားညွှန်ပြထားခဲ့သည်။

မျိုးဆက်သစ်ရတနာ လူငယ်မောင်မယ်များ အကျင့်စာရိတ္တကောင်းမွန်ရေးတွင် မိဘများသည် အခရာပင်ဖြစ်ပါသည်။ မိဘများကိုယ်တိုင် အကျင့်စာရိတ္တများကောင်းမွန်၍ လမ်းမှန်လျှောက်ပြနိုင်မှသာလျှင် မိမိ၏ရင်သွေးငယ်များ လမ်းမှန်ရောက်နိုင်ပေမည်။ မိဘများကိုယ်တိုင် အကျင့်စာရိတ္တပျက်ပြားပါက မိမိ၏ရင်သွေးများသည်လည်း လမ်းမှားသို့ရောက်ခြင်းဖြင့် ပတ်ဝန်းကျင်၏ ဝေဖန်ရှုတ်ချမှု၊ ပြစ်တင်ပြောဆိုမှုတို့ဖြင့် လူရာမသွင်း အပယ်ခံဘဝသို့ ရောက်သွားနိုင်ပါသည်။

အကျင့်စာရိတ္တမကောင်း၍ ပတ်ဝန်းကျင်၏ လျစ်လျူရှုခြင်းခံရသော မိသားစုတစ်စုအား စာရေးသူ တင်ပြလိုပါသည်။ စာရေးသူနေထိုင်ရာ ရပ်ကွက်ထဲရှိ မိသားစုပင် ဖြစ်ပါသည်။ ဖခင်ဖြစ်သူသည် နေ့စဉ်နှင့်အမျှ အရက်သောက်၍ အိမ်ပြန်လာသည်။ အိမ်သို့ရောက်လျှင် မိသားစုအား ပြဿနာရှာပါတော့သည်။ ထိုသို့ ပြဿနာရှာခြင်းများလာသောအခါ သားသမီးများသည် မခံမရပ်နိုင်ဖြစ်၍ ဖခင်ကိုဖခင်မှန်းမမြင်နိုင်တော့ဘဲ ညစ်ညမ်းသောဆဲဆိုမှု၊ ဖခင်အား လုံးထွေးရိုက်ပုတ်မှုတို့ဖြင့် ရပ်ကွက်အတွင်း ဆူညံသွားပါတော့သည်။ ရပ်ကွက်သူရပ်ကွက်သားများ ပြောဆိုဖြေဖြန်မှုတို့ကိုလည်း ကြမ်းတမ်းသောအပြုအမူ၊ ညစ်ညမ်းသောစကားအသုံးအနှုန်းတို့ဖြင့် ပြန်လည်ချေပမှုတို့ကြောင့် ပါဝင်ပတ်သက်ခြင်းမပြုလုပ်ကြတော့ပေ။ ကြာလာသည်နှင့်အမျှ မြင်ရ၊ ကြားရသည်များကား "ယိုသူမရှက်၊ မြင်သူရှက်" ဆိုသည့် စကားပုံအတိုင်း ဖြစ်လာသောကြောင့် မျက်နှာလွှဲကာ နားပိတ်၍ လျစ်လျူရှုနေလိုက်ကြရပါသည်။ ဤသည်ကား အကျင့်စာရိတ္တပျက်စီးရခြင်း၏ ရလဒ်ပင်ဖြစ်သည်။

ထို့ကြောင့် စာရေးသူ၏ ဆန္ဒသည်ကား ဘဝလမ်းပေါ်သို့ လျှောက်လှမ်းနေကြသည့် နုပျိုလန်းဆန်းသည့်ဘဝကိုပိုင်ဆိုင်ထားကြသော လူငယ်များအနေဖြင့် မြတ်ဗုဒ္ဓ၏အဆုံးအမဖြစ်သော (၃၈)ဖြာမင်္ဂလာတရားကို ရင်ဝယ်ကိန်းအောင်းလျက် သန့်ရှင်းဖြူစင်သော အကျင့်စာရိတ္တကို မဏ္ဍိုင်စိုက်ကာ ကောင်းမှုကိုမြတ်နိုး၍ ကောင်းအောင်ကြိုးစားဆောင်ရွက်ခြင်းဖြင့် ကောင်းကျိုးများရရှိလာအောင် ပြောဆိုပြုမူနေထိုင်သွားကြပါစို့ဟု ရေးသားတိုက်တွန်းလိုက်ရပါသည်။ ။

**ကိုးကား။ ။ နေ့စဉ်ထုတ်သတင်းစာများ**

> **ယနေ့လူငယ်များသည် အနာဂတ်တွင် နိုင်ငံတော်ကအားထားရမည့် လူတော်လူကောင်း မျိုးဆက်သစ်ရတနာများဖြစ်သည့်အလျောက် စာရိတ္တမဏ္ဍိုင်ကြံ့ခိုင်ဖို့ အထူးလိုအပ်ပေသည်။ နိုင်ငံတော်က မျှော်လင့်ထားသော နိုင်ငံ့သားကောင်း သမီးကောင်းရတနာများ ဖြစ်မြောက်လာရေးအတွက် ကျောင်းသား ကျောင်းသူအရွယ်ကစတင်ကာ အသိပညာ၊ အတတ်ပညာတို့ကို သင်ယူဆည်းပူးရင်း စာရိတ္တကောင်းမွန်အောင် ကျင့်ကြံနေထိုင်သွားရပေမည်။ ထို့အတူ စာရိတ္တတန်ဖိုးကိုသိမြင်ကာ စာရိတ္တကိုချစ်မြတ်နိုး၍ စာရိတ္တကောင်းခြင်းဂုဏ်နှင့်ပြည့်စုံအောင် ကြိုးစားဆောင်ရွက်**

## လမ်းလျှောက်ခြင်း၏ အကျိုးကျေးဇူး

☆ မြူမှုန်ပါးလျ ဒီဇင်ဘာ
မိုးသောက်ရောင်နီလာ။
ပေါင်းဖော်များစွာ ကိုယ်လက်လှုပ်ရှား
ထူးတဲ့အားကစား။
☆ အကျိုးလည်းများ အသက်မတို
အရွယ်တင်နုပျို။
လူ့ခန္ဓာကိုယ် ကောင်းမွန်စွ
ရောဂါကင်းဝေးရ။
☆ လူမှုဘဝ ရှင်သန်ရာ
အဓိပ္ပာယ်ရှိလာ။
ကျန်းမာဖို့တွေး နေထိုင်ရေး
အချိန်ပေးစို့လေး။
☆ ခန္ဓာကသွေး ကောင်းမွန်လျှင်
ပေါ့ပါးစိတ်ကြည်လင်။
နေ့စဉ်ပုံမှန် လမ်းလျှောက်မှ
သွေးလည်ပတ်မှုမျှ
ကျန်းမာဝဖြိုး ပြည့်ဉာဏ်ရည်
သုခပြည့်ဝမည်။
☆ ကျန်းမာခြင်းသည် လာဘ်တစ်ပါး
စိတ်လည်းလန်းရွှင် ပြည့်စွမ်းအား
အကျိုးကျေးဇူးများ။ ။

စျာန်လေး(ပညာရေး)

# ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် မွေးမြူရေးအစာစက်ရုံနှင့် ဥစားကြက်မွေးမြူရေးခြံများ ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဒီဇင်ဘာ ၁၄**

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများသည် ဒီဇင်ဘာ ၁၂ ရက်က မွေးမြူရေးအစာစက်ရုံနှင့် ဥစားကြက်မွေးမြူရေးခြံများသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်မြို့ရှောင်လမ်းရှိ ကောင်းထက်မွေးမြူရေးအစာစက်ရုံသို့ရောက်ရှိရာ တာဝန်ရှိသူများက ကြက်စာ၊ ဝက်စာ၊ ဘဲစာ၊ ငုံးစာ၊ မျိုးကြက်စာ၊ တိရစ္ဆာန်ဆေးဝါးများအား ပြည်ပမှ တင်သွင်းဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း၊ ဥစားကြက် မဒါန်းရောင်းဝယ်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များမှာကြားပြီး လုပ်ငန်းခွင်အတွင်း လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် မှော်ဘီမြို့နယ် ချော်ကုန်းကျေးရွာ Crystal Diamond Livestock Co.,Ltd ဥစားကြက်မွေးမြူရေးခြံသို့ရောက်ရှိရာ တာဝန်ရှိသူများက ကြက်ပေါက် ၄၀၀၀၀ ကျော်နှင့် ဥကြက်မ ၁၉၆၀၀၀ ကျော်မွေးမြူထားရှိပြီး တစ်ရက်လျှင် ကြက်ဥ ၁၈၀၀၀၀ ကျော် ထွက်ရှိမှုနှင့် ကြက်ရောဂါကာကွယ်ဆေးများကို စနစ်တကျတိုက်ကျွေးမှုနှင့် ညောင်ကုန်းကျေးရွာရှိ FeedMas Co.,Ltd ဥစားကြက်မွေးမြူရေးခြံသို့ ရောက်ရှိရာ တာဝန်ရှိသူများက မီးကိုင်နေသည့် ကြက်ပေါက် ၅၀၀၀၀ ကျော်နှင့် ဥစားကြက် ၅၅၀၀၀ ကျော်မွေးမြူထားရှိပြီး ကြက်ဥ ၃၀၀၀၀ ကျော် ထွက်ရှိမှုတို့ကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များမှာကြားခဲ့ကြောင်း သိရသည်။

ဆန်းကျော်ဦး(ပြန်/ဆက်)



# ချောင်းဆုံမြို့နယ်၌ နေကြာသီးနှံမျိုးစေ့ ပေးအပ်ခြင်းနှင့် မျိုးစေ့ချကိရိယာများဖြင့် နေကြာစိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲကျင်းပ



**ချောင်းဆုံ ဒီဇင်ဘာ ၁၄**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်တွင် နေကြာသီးနှံမျိုးစေ့ ပေးအပ်ခြင်းနှင့် မျိုးစေ့ချကိရိယာများဖြင့် နေကြာစိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ကုလားဘီကျေးရွာ ကွင်းအမှတ်(၇၈၄)၌ ကျင်းပရာ မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းနှင့် ပြည်နယ်ဝန်ကြီးများ၊ သက်ဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ အခမ်းအနားတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးက မြို့နယ်အတွင်း မိုးစပါးစိုက်ပျိုးရိတ်သိမ်းပြီးစီးမှု အခြေအနေများ၊ ဒုတိယသီးနှံစိုက်ပျိုးထုတ်လုပ်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်က အမှာစကား ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက တောင်သူများအား နေကြာမျိုးစေ့ ပေးအပ်ခြင်းနှင့် မျိုးစေ့ချကိရိယာများဖြင့် စံပြကွက်ဧက ၂၀၀ နေကြာ စိုက်ပျိုးခြင်းကို ကြည့်ရှုအားပေးကာ တောင်သူများတင်ပြသည့် လိုအပ်ချက်များကို သက်ဆိုင်ရာကဏ္ဍအလိုက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ကော့မုပွန်ကျေးရွာ ကွင်းအမှတ်(၆၃၅)ရှိ စိုက်ဧက ၁၀၀ တွင် မတ်ပဲစံပြကွက် စိုက်ပျိုးနေမှုကို ကြည့်ရှုကာ လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ချောင်းဆုံမြို့နယ် အတွင်း ၂၀၂၄-၂၀၂၅ ဆောင်းသီးနှံစိုက်ပျိုးထုတ်လုပ်မှု အနေဖြင့် နေကြာ ၃၉၃၇ ဧက၊ မြေပဲ ၁၃၆၃ ဧက၊ နှမ်း ၂၅ ဧက စုစုပေါင်း ဆီထွက်သီးနှံ ၅၃၂၅ ဧက စိုက်ပျိုးနိုင်ရန် လျာထားဆောင်ရွက်လျက်ရှိပြီး နွေစပါး ၁၂၄ ဧက၊ ပဲမျိုးစုံ ၃၉၈၂ ဧကနှင့် ပိုက်ဆံလျှော် ဧက ၂၀ စိုက်ပျိုးနိုင်ရန်အတွက် လျာထားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ရန်ကုန်-မန္တလေးရထားလမ်းပိုင်းအတွင်းရှိ တော်ဝိနှင့် ပိန်းဇလုပ်ဘူတာအကြား အစုန်ရထားလမ်းပေါ်၌ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့ မိုင်းဖောက်ခွဲ

**နေပြည်တော် ဒီဇင်ဘာ ၁၄**

ရန်ကုန်-မန္တလေး ရထားလမ်းပိုင်းအတွင်း ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် တော်ဝိဘူတာနှင့် ပိန်းဇလုပ်ဘူတာအကြား မိုင်တိုင်အမှတ် ၉၉/၆-၇ နေရာရှိ အစုန်ရထားလမ်းပေါ်၌ ယမန်နေ့ည ၁၁ နာရီ မိနစ် ၄၀ ခန့်တွင် အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က ထောင်ထားသည့် မိုင်းပေါက်ကွဲခဲ့သဖြင့် ရထားလမ်း ထိခိုက်ပျက်စီးခဲ့ပြီး တော်ဝိနှင့် ပိန်းဇလုပ် ရထားလမ်းပိုင်းအား နံနက် ၆ နာရီ မိနစ် ၂၀ တွင် ယာယီပိတ်ထားကြောင်း သိရသည်။

မိုင်းပေါက်ကွဲမှု ဖြစ်စဉ်ဖြစ်ပွားရာ နေရာသို့ နယ်မြေဒေသတာဝန်ရှိသူများ၊ နယ်မြေခံ လုံခြုံရေးတပ်ဖွဲ့ဝင်များက အချိန်နှင့်တစ်ပြေးညီ နယ်မြေရှင်းလင်းစစ်ဆေးဆောင်ရွက်ရာ မိုင်းခွဲခံရမှုကြောင့် အစုန်လမ်းရှိ သံလမ်းနှစ်ချောင်း တစ်ပေခွဲခန့်စီ ပြတ်တောက်၍ ရထားလမ်းအောက်ခံမြေသား ခြောက်ပေပတ်လည်ခန့် ကျင်းဖြစ်ပေါ်ခဲ့သည်။

**ရထားများ ပုံမှန်အတိုင်း ပြေးဆွဲပေးလျက်ရှိ**

မြန်မာ့မီးရထား ဝန်ထမ်းများအနေဖြင့် လမ်းပိုင်းအား အမြန်ဆုံး ပြန်လည်ဖွင့်လှစ်နိုင်ရေး စစ်ဆေးဆောင်ရွက်ခဲ့ပြီး တော်ဝိ-ပိန်းဇလုပ် အဆန်လမ်းပိုင်းအား နံနက် ၆ နာရီခွဲတွင် ဧကလမ်းစနစ်ကျင့်သုံး၍ ရထားများ ဖြတ်သန်းခွင့်ပြုကာ အစုန်လမ်း၏ ပြတ်တောက်သွားသော သံလမ်းနှစ်ချောင်းအား လဲလှယ်ခြင်း၊ လမ်းပြုပြင်ခြင်းများကို နံနက် ၉ နာရီ မိနစ် ၄၀ တွင် စတင်ဆောင်ရွက်ခဲ့ပြီး မွန်းလွဲ ၂ နာရီခွဲတွင် အစုန်ရထားလမ်းပိုင်းကို ပြန်လည်ဖွင့်လှစ်၍ ရထားများ ပုံမှန်အတိုင်းပြေးဆွဲပေးလျက်ရှိသည်။

မိုင်းပေါက်ကွဲမှု ဖြစ်စဉ်ကြောင့် ရန်ကုန်-မန္တလေး လမ်းပိုင်းအတွင်း ပြေးဆွဲလျက်ရှိသည့် အမှတ်(၈၂၃-A) အဆန်ကုန်ရထားသည် ညောင်လေးပင်ဘူတာသို့ ၆ နာရီ ၁၅ မိနစ်တွင်လည်းကောင်း၊ အမှတ်(၉၉၃)အဆန် ကုန်ရထားသည် ပြွန်တန်ဆာဘူတာသို့ ၆ နာရီ မိနစ် ၂၀ တွင်လည်းကောင်း၊ အမှတ်(၈၂၃-B) အဆန်ကုန်ရထားသည် ပြွန်တန်ဆာဘူတာသို့ ၇ နာရီ ၁၅ မိနစ်တွင်လည်းကောင်း ရောက်ရှိ ရပ်တန့်ထားခဲ့ရသည်။

ထို့အတူ လူစီးရထားများဖြစ်သော မန္တလေး-ရန်ကုန် အစုန်အထူးလူစီးရထားသည် ပဲနွယ်ကုန်းဘူတာသို့ ၇ နာရီ ၅၈ မိနစ်တွင်ရောက်ရှိ၍ ၁၀ နာရီ မိနစ် ၄၀ တွင် ထွက်ခွာသဖြင့် ကြန့်ကြာချိန် ၂ နာရီ ၄၇ မိနစ်၊ အမှတ်(၁၁)အဆန် လူစီးအမြန်ရထားသည် ပြွန်တန်ဆာဘူတာသို့ ၈ နာရီ ၂၃ မိနစ်တွင်ရောက်ရှိ၍ ၁၀ နာရီ ၂၅ မိနစ်တွင် ထွက်ခွာသဖြင့် ကြန့်ကြာချိန် ၂ နာရီနှင့် အမှတ်(၂)အစုန်စာပို့ရထားသည် ဒိုက်ဦးဘူတာသို့ ၉ နာရီ ၄၅ မိနစ်တွင် ရောက်ရှိ၍ ၁၀ နာရီ ၃၈ မိနစ်တွင် ထွက်ခွာသဖြင့် ကြန့်ကြာချိန် ၄၈ မိနစ် ကြန့်ကြာမှုများဖြစ်ပေါ်ခဲ့ရသည်။

အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များအနေဖြင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှစ၍ ယခုအချိန်အထိ မြန်မာ့မီးရထားလမ်းကွန်ရက်တစ်ခုလုံးတွင် ရထားလမ်းနှင့် ရထားဘူတာနယ်မြေအတွင်း ဗုံးထောင်မိုင်းခွဲ/ဖျက်ဆီးခြင်း ၇၉ ကြိမ်၊ ရထားတံတား/သံလမ်းများကို မိုင်းခွဲဖျက်ဆီးခြင်း ၁၇၄ ကြိမ်၊ ဘူတာအဆောက်အအုံနှင့် ဝန်ထမ်းနေအိမ်များ မီးရှို့ဖျက်ဆီးခြင်း ၁၆ ကြိမ် ကျူးလွန်ခဲ့ကြသည်။

အကြမ်းဖက် သောင်းကျန်းသူများအနေဖြင့် နိုင်ငံတော်ပိုင်ရထားစက်ခေါင်းနှင့် တွဲများ၊ ရထားလမ်းနှင့် တံတားများ၊ ခရီးသည်များနှင့် ကုန်စည်များ ထိခိုက်ပျက်စီးဆုံးရှုံးစေရေး၊ ရထားစီးခရီးသွားပြည်သူများအနေဖြင့် ရထားဖြင့် ခရီးသွားလာရာတွင် ကိုယ်စိတ်နှလုံးချမ်းမြေ့ပြီး အသက်အန္တရာယ် ကင်းရှင်းစွာဖြင့် လုံခြုံစိတ်ချစွာ သွားလာနိုင်မှုမရှိစေရေးအတွက် ရည်ရွယ်ပြီး ယခုကဲ့သို့ အကြိမ်ကြိမ် ကျူးလွန်ဖျက်ဆီးနေကြခြင်းဖြစ်သော်လည်း နိုင်ငံတော်အစိုးရအနေဖြင့် အများပြည်သူ ခရီးသွားလာမှုနှင့် ကုန်စည်ပို့ဆောင်မှု အဆင်ပြေချောမွေ့မြန်ဆန်စေရေးအတွက် ရထားလမ်းနှင့် အခြေခံအဆောက်အအုံများ ပိုမိုတိုးတက်ကောင်းမွန်လာစေရေး၊ ရထားပို့ဆောင်ရေးစနစ် အဆင့်မြှင့်တင်ရေးစီမံကိန်းလုပ်ငန်းများကို ရည်မှန်းချက်ထားရှိ၍ အစဉ်တစိုက်အလေးထားစီမံဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



ရန်ကုန်-မန္တလေးရထားလမ်းပိုင်းအတွင်းရှိ တော်ဝိနှင့် ပိန်းဇလုပ်ဘူတာအကြား အစုန်ရထားလမ်းပေါ်၌ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က မိုင်းဖောက်ခွဲမှုကြောင့် ပျက်စီးမှုအခြေအနေကို တွေ့ရစဉ်။



ရန်ကုန်-မန္တလေးရထားလမ်းပိုင်းအတွင်းရှိ တော်ဝိနှင့် ပိန်းဇလုပ်ဘူတာအကြား မိုင်းပေါက်ကွဲမှုကြောင့် ပျက်စီးသွားသည့် အစုန်ရထားလမ်းအား ပြန်လည်ပြုပြင်နေမှုကို တွေ့ရစဉ်။



တော်ဝိနှင့် ပိန်းဇလုပ် အဆန်လမ်းပိုင်းအား ဧကလမ်းစနစ်ကျင့်သုံး၍ ရထားများဖြတ်သန်းနေမှုကို တွေ့ရစဉ်။

# တရားမဝင် သစ်မျိုးစုံ၊ စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စက်သုံးဆီများ၊ လိုင်စင်မဲ့ဆိုင်ကယ်များနှင့်ယာဉ်များ သိမ်းဆည်းရမိ



ပဲခူးတိုင်းဒေသကြီး၌ သိမ်းဆည်းရမိမှု။

နေပြည်တော် ဒီဇင်ဘာ ၁၄

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မကွေးခရိုင်၊ မင်းဘူးခရိုင်နှင့် သရက်ခရိုင်တို့အတွင်း၌ လိုင်စင်မဲ့ဆိုင်ကယ် ငါးစီး (စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဒီဇင်ဘာ ၁၂ ရက်တွင် နေပြည်တော်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ လယ်ဝေးခရိုင်နှင့် ဥတ္တရခရိုင်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် ၂ ဒသမ ဝ၇၉ တန်၊ အခြားသစ် ၄၀ ဒသမ ၈၀၂ တန် (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၁၀၇၁၉၁) ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၁၂ ရက်တွင် ရွှေကျင်စစ်ဆေးရေးစခန်း၌ ရန်ကုန်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၈၈၃၄၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Man Tractor Head တစ်စီးနှင့်နောက်တွဲယာဉ်တစ်တွဲ(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၁၀၀၀၀၀၀) ကို လည်းကောင်း၊ ပလိပ်မြို့ Max ဆီဆိုင်အနီး၌ ရပ်တန့်ထားသော ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၁၂ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၇၈၆၅၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၀၀၀၀၀၀)ကို လည်းကောင်း၊ ဒီဇင်ဘာ ၁၃ ရက်တွင် ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင်အမှတ်(၃၆၄)၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း သုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၃၃၀၅၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Daewoo Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀) ကို လည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၃၉၀၀၇၈၉၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၁၂ ရက်တွင် ပဲခူးမြို့ ကျုံးရိုးတန်းလမ်း ပန်းလှိုင်ရပ်ကွက်ရှိ ဂိုဒေါင်နှစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း ခုနစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၄၂၉၀၀၀)နှင့် ဘုရားကြီးမြို့ ရွှေသံလွင်တိုးဂိတ်အနီး၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ သွားရောက်မည့် ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၁၅၀၀၀၀)၊ အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် စက်မှုဇုန်ထုတ် Paya ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀) တို့ကို အကောက်ခွန် လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ ဒီဇင်ဘာ ၁၃ ရက်တွင် သာယာဝတီခရိုင် လက်ပံတန်းမြို့နယ်၌ တရားမဝင်စက်သုံးဆီ ဒီဇယ်ဆီ ၂၅ ပီပါ၊ ဓာတ်ဆီ ၁၈ ပီပါ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၂၄၂၅၀၀)ကို ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေအရ လည်းကောင်း၊ ပြည်မြို့ ပြည်သာယာရပ်ကွက် တာဂွပူးပေါင်းစစ်ဆေးရေးဂိတ်၌ ဆီသယ်ယာဉ်နှစ်စီးပေါ်မှ တရားမဝင်စက်သုံးဆီ လေယာဉ်ဆီ ၁၂၈ ပီပါ (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၉၅၂၀၀၀၀)နှင့် အဆိုပါစက်သုံးဆီများ တင်ဆောင်လာသည့် Nissan ဆီဘောက်ဆာ ယာဉ်နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀၀)ကို ပြည်သူပိုင်ပစ္စည်းကာကွယ်စောင့်ရှောက်ရေးဥပဒေအရလည်းကောင်း၊ ပဲခူးခရိုင် ပဲခူးမြို့နယ်နှင့် သနပ်ပင်မြို့နယ်တို့၌ လိုင်စင်မဲ့ဆိုင်ကယ် ၅၁ စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၁၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန် ဥပဒေအရ လည်းကောင်း၊ တောင်ငူခရိုင်နှင့် ညောင်လေးပင်ခရိုင်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် သုည ဒသမ ၃၀၂ တန်၊ သစ်မာ ၄ ဒသမ ၀၂၀ တန်၊ အခြားသစ် ၅ ဒသမ ၀၈၁ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၆၆၄၂၇) ကို သစ်တောဥပဒေအရ လည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၉၇၈၅၀၇၉၂၇ ကို သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဒီဇင်ဘာ ၁၃ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ ၁၇ လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၆၃ မျိုး၊ လူသုံးကုန်ပစ္စည်း နှစ်မျိုး (စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၈၄၁၆၂၆၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ရတနာပုံတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Hitachi စက်ယန္တရားဘက်ဟိုးယာဉ်တစ်စီး၊ Honda Fit Shuttle ယာဉ်တစ်စီး၊ Nissan Diesel Tractor Head တစ်စီးနှင့်နောက်တွဲယာဉ်တစ်တွဲ (စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၇၃၄၅၀၀၀၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၁၁ ရက်၊ ၁၂ ရက်နှင့် ၁၃ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာအမှုတွဲ ၅၉ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၉၃၆၅၆၆၁၈)ကို သိမ်းဆည်းရမိခဲ့သည်။ တရားမဝင်ကုန်သွယ်မှုများကြောင့် တရားဝင်ဆောင်ရွက်သည့် လုပ်ငန်းများ၏ ထုတ်လုပ်မှု၊ ရောင်းချမှု၊ တင်သွင်းမှုစသည်များ လျော့ကျလာစေပြီး အလုပ်အကိုင်အခွင့်အလမ်းဖန်တီးနိုင်မှုနှင့် အခွန်ပေးဆောင်နိုင်မှု ကျဆင်းခြင်းများကို ဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်၍ တရားမဝင်ကုန်သွယ်မှုများ လျော့နည်းပပျောက်စေရေး သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

---

◆ **ကျောဖုံးမှ**

Bagan Race 2024 အပြေးပြိုင်ပွဲတွင် သုံးကီလိုမီတာတန်း၊ ငါးကီလိုမီတာတန်းနှင့် ၁၀ ကီလိုမီတာတန်းတို့ ပါဝင်ပြီး သုံးကီလိုမီတာတန်း အပြေးပြိုင်ပွဲတွင်၂၀၅ ဦး၊ ငါးကီလိုမီတာတန်းအပြေးပြိုင်ပွဲတွင် ၉၅၅ ဦး၊ ၁၀ ကီလိုမီတာတန်း အပြေးပြိုင်ပွဲတွင် ၂၇၀ ပါဝင်ယှဉ်ပြိုင်ကြပြီး ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။

(၆)ကြိမ်မြောက် Bagan Race 2024 အပျော်တမ်းအပြေးပြိုင်ပွဲတွင် ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်းရှိ အာနန္ဒာဘုရားကြီးဘက်စုံအသုံးပြုနိုင်ရန် အလှူငွေကျပ် ခုနစ်သိန်းနှင့် ငွေကျပ် ၁၈ သိန်းတန်ဖိုးရှိ ဆိုလာမီး ၁၀ စုံ၊ ညောင်ဦးမြို့နယ်အတွင်း ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများဖြစ်သော စေတဝန်ဘုန်းတော်ကြီးသင် ပညာရေးကျောင်းနှင့် ရွှေဥမင်ဘုန်းတော်ကြီးသင် ပညာရေးကျောင်း၊ ရွှေကူမိဘမဲ့ပရဟိတကျောင်း၊ နဂါးကျစ်ဘိုးဘွားရိပ်သာ၊ ကရုဏာရှင်အသင်း၊ ဦးကိုကို ဦးဆောင်သော ပရဟိတအဖွဲ့တို့အား Resourses Venture International Publication မှ စုစုပေါင်း ငွေကျပ်သိန်း ၉၀ နှင့် နဂါးကျစ် ဘိုးဘွားရိပ်သာ အပါအဝင်အဖွဲ့လေးဖွဲ့အား မာမီးခေါက်ဆွဲထုပ်များနှင့် HIKARI ion supply drink ဘူးများ လှူဒါန်းခဲ့ပြီး (၆)ကြိမ်မြောက် Bagan Race 2024 အပျော်တမ်းအပြေးပြိုင်ပွဲသို့ ပြည်တွင်း၊ ပြည်ပနိုင်ငံသား ၁၄၃၀ ပါဝင်ဆင်နွှဲခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

---

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၅-၁၂-၂၀၂၄ တနင်္ဂနွေနေ့

### MRTV HD

| | |
|---|---|
| ၀၆:၀၀ | အန္တရာယ်ကင်းပရိတ်တရားတော်(မေတ္တသုတ်၊ ရတနသုတ်၊ ခေမ္ဘုက်သုတ်) |
| ၀၇:၀၀ | နံနက်ခင်းသတင်း |
| ၀၈:၄၀ | 'အမျိုးသားအားကစားပွဲတော်' (Highlights) |
| ၀၉:၁၀ | နဝင်္ဂဥပေါသထသီလပေးတရားတော် |
| ၀၉:၂၅ | ကာတွန်းအစီအစဉ် 'တိရစ္ဆာန်မြို့တော်၏ဇာတ်လမ်း' (အပိုင်း-၁၉) |
| ၁၀:၀၀ | သတင်းသမားပြောတဲ့သတင်းစကား |
| ၁၀:၃၀ | 'အားကစားပွဲတော်တူပျော်ပျော်' တေးဂီတဖျော်ဖြေပွဲ ထုတ်လွှင့်မှုအစီအစဉ် |
| ၁၁:၄၀ | အသိပညာနှင့်အမှန်တရား |
| ၁၂:၃၅ | 'အခွင့်ကောင်းကိုလက်မလွှတ်နဲ့တရားတော်' |
| ၁၃:၀၀ | This Week's Special Interest |
| ၁၃:၃၀ | MRTV National News |
| ၁၄:၀၀ | မြန်မာဂန္ထဝင်ရုပ်ရှင် "အကာကအချစ် အနစ်ကမေတ္တာ" (ကောလိပ်ဂျင်နေဝင်း၊ ကျော်ဟိန်း၊ ဆွေဇင်ထိုက်) (ဒါရိုက်တာ-ဦးသုခ) |
| ၁၆:၅၀ | Sports Diary |
| ၁၇:၁၀ | ထူးခြားစုံလင်အာရှပစိဖိတ်အစီအစဉ် |
| ၁၇:၃၅ | 'ပျော်ရွှင်ခြင်းတို့ဖြစ်တည်ရာ...Nay Kyar' |
| ၁၈:၀၀ | ပြည်တွင်းသတင်း |
| ၁၈:၄၀ | ပြည်ချစ်သားမွန်တေးသဝဏ် |
| ၁၈:၅၀ | အမျိုးသားအားကစားပွဲတော်ဝှက်ပြုတေး |
| ၁၉:၁၅ | နိုင်ငံခြားဇာတ်လမ်းတွဲ(ဖိလစ်ပိုင်) "ဆုတောင်းပြည့်ကြယ်တာရာစတာလာ" (အပိုင်း-၃၁) |
| ၂၀:၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ |
| ၂၁:၀၀ | ဘဝနှင့်အနုပညာ "ညွှန့်မြန်မာရဲ့..ဖြစ်တည်ရာ" (အပိုင်း-၂) (အကယ်ဒမီ ဒါရိုက်တာညွှန့်မြန်မာညီညီအောင်) |
| ၂၁:၂၅ | 'အမျိုးသားအားကစားပွဲတော်' (Highlights) |
| ၂၁:၄၀ | ဆေးရောင်စုံရုပ်ရှင် "**မော်ကျော့က်တ**" (မြင့်မြတ်၊ သူထူးစံ၊ ဖြိုးငွေစိုး၊ ထွန်းထွန်း၊ မေသန်းနု၊ ရွှေမှုံရတီ၊ မေမြင့်မိုရ်)(ဒါရိုက်တာ-ဝင်းထွန်းထွန်း) |

### mitv

| | |
|---|---|
| 07:01 | Evergreen Classic: Dhamma Settkyar (Nan Sandi) |
| 07:12 | Myanmar Marionette |
| 07:41 | Myanmar Street Foods |
| 07:46 | Skilled Performance of Traditional Myanmar Colored Glass Ball (Ep-9) |
| 08:01 | News |
| 08:28 | Banana Handicraft Products |
| 08:49 | Tha Khut Flowers Salad (Rakhine Style) |
| 09:01 | Interesting Features of Rakhine |
| 09:22 | Today Myanmar |
| 09:33 | Plant Biotechnology Center |
| 10:01 | News |
| 10:27 | Topics Potpourri; Enjoying Quality of Life at Cohousing Community |
| 10:32 | Styles of Mro & Thet |

### MRTV NRC

**ကချင် (၀၆:၀၀ မှ ၀၈:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ(အပိုင်း-၃)

**ကယား (၀၈:၀၀ မှ ၁၀:၀၀)**
ကယားဘာသာစကားပြောကြရအောင်(အပိုင်း-၁၂)

**ဝကကကရင် (၁၀:၀၀ မှ ၁၁:၀၀)**
ဝရစ္စမတ်တေးလက်ဆောင်

**အနောက်ပိုးကရင် (၁၁:၀၀ မှ ၁၂:၀၀)**
ကရင်ရိုးရာဖိနပ်လုပ်ငန်း

**အရှေ့ပိုးကရင် (၁၂:၀၀ မှ ၁၃:၀၀)**
ဘားအံမြို့နယ်မှခရီးစဉ်အသစ် သဘာဝရေလိုဏ်ဂူတော

**ချင်း(လိုင်စိုး) (၁၃:၀၀ မှ ၁၄:၀၀)**
ဆီးချိုသွေးချိုရောဂါအကြောင်းသိကောင်းစရာ

**ချင်း(ချိုး) (၁၄:၀၀ မှ ၁၅:၀၀)**
ချင်းတောင်ပေါ်မှတောလိုက်မုဆိုးများ

**မွန် (၁၅:၀၀ မှ ၁၇:၀၀)**
ကင်ဆာရောဂါအကြောင်းသိကောင်းစရာ

**ရခိုင် (၁၇:၀၀ မှ ၁၉:၀၀)**
ရခိုင်ပြည်နယ်နေ့

**ရှမ်း (၁၉:၀၀ မှ ၂၁:၀၀)**
ရှမ်းခေါက်ဆွဲချက်နည်း

**ပအိုဝ်း (၂၁:၀၀ မှ ၂၃:၀၀)**
စပျစ်သီးစိုက်ပျိုးခြင်း

### MRTV NEWS

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ တေးသီချင်း |
| ၀၆:၄၀ | အားကစားသတင်း |
| ၀၈:၃၀ | နိုင်ငံတကာသတင်း(LIVE) |
| ၁၁:၀၀ | ပြည်တွင်းသတင်း(LIVE) |
| ၁၂:၃၀ | နိုင်ငံတကာသတင်း(LIVE) |
| ၁၄:၀၀ | MRTV National News |
| ၁၄:၁၅ | News Desk |
| ၁၆:၀၀ | သတင်းမှန်ကဏ္ဍ(LIVE) |
| ၁၇:၃၀ | နိုင်ငံတကာသတင်း(LIVE) |
| ၁၈:၄၅ | နှစ်ဖို့တူပျော်နှစ်(၁၀၀)ပြည့်အမျိုးသားကန်တော့ကြီး ဥယျာဉ်ပန်းပွဲတော် |
| ၁၉:၄၅ | ပြည်တွင်းသတင်း(LIVE) |
| ၂၀:၀၀ | ပြည်တွင်းသတင်း(LIVE) |

### MRTV PARLIAMENT

| | |
|---|---|
| ၀၉:၀၀ | အဖွင့်၊ အလဲ |
| ၀၉:၁၅ | ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ (အစ္စရေးနိုင်ငံ) |
| ၀၉:၃၀ | ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'အကျိုးဖျက်ဆီးမှုအကြောင်းသိမှတ်စရာ ဥပဒေမှာ' |
| ၁၀:၀၀ | ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ (ဆွစ်ဇာလန်နိုင်ငံ) |
| ၁၁:၀၀ | နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ဖိလိပ်ပိုင်နိုင်ငံ) |
| ၁၁:၃၀ | ရှေ့သို့ချီမည်ပန်းတိုင်ဆီ (အပိုင်း-၄၅) |

### MRTV FARMERS' / HTV Channel

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ နိုင်ငံတော်သီချင်း |
| ၀၆:၁၀ | "သုတပဒေသာစိုက်ပျိုးနည်းပညာ" လူသားတို့ဘဝသာယာဖွံ့ဖြိုးရေး ကျန်းမာရေးကိုဦးစားပေး |
| ၀၇:၀၀ | တောင်သူလယ်သမားရေးရာသတင်း |
| ၁၈:၂၀ | Fitness Fusion |
| ၁၈:၅၀ | BUSY DAY ON THE FARM |
| ၁၉:၄၅ | International Music Hits Slow Rock |
| ၂၀:၀၀ | ကျောက်သင်ပုန်းတွေမိုးထားတဲ့အိမ်(ဇာတ်လမ်း) |
| ၂၂:၀၀ | hocus pocus (နိုင်ငံခြားဇာတ်လမ်း) |

### MRTV SPORTS / HTV Sports

| | |
|---|---|
| ၀၆:၀၀ | အဖွင့် |
| ၀၆:၂၀ | လူငယ်တို့အတွက်လမ်းပြကြယ် |
| ၀၆:၄၀ | Sports Diary |
| ၀၇:၂၀ | National Sports Highlight |
| ၀၉:၄၅ | ၂၀၂၄ ခုနှစ်၊ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ပြည်နယ်နှင့်တိုင်းဒေသကြီး ကာယဗလနှင့်ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု |
| ၁၇:၀၀ | အားကစားသတင်း |

Scan Here: MRTV / MRTV / MRTV Radio / MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြို့ဟောင်းအနောက်ရပ်ကွက်၊ STAR CITY ၊ ARA CONDO အဆောက်အဦအမှတ်- (Y-7)၊ ပထမအလွှာ၊ အခန်းအမှတ်-(၂၀၄)၊ ဧရိယာ- ၄၁၁ စတုရန်းပေ အကျယ်အဝန်းရှိ ရေ၊ မီးအစုံ ကွန်ဒိုတိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ရောင်းချပိုင်ခွင့်ရှိသူဖြစ်သော ဒေါ်သီသီဟန်သောင်း (ဘ) ဦးညွန့်သောင်း [၁၂/ ကမန (နိုင်) ၀၉၁၃၂၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတချို့တစ်ဝက်ကို ပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ပါ ကွန်ဒိုတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ **(၇)ရက်**အတွင်း ခိုင်လုံသည့် **စာချုပ်၊ စာတမ်းမူရင်း အထောက်အထားများ**နှင့်တကွ ကျွန်ုပ်ထံသို့ ဖုန်းဖြင့်သော်လည်းကောင်း၊ လူကိုယ်တိုင်လာရောက်၍သော်လည်းကောင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဒေါ်အေးမြင့်မိုရ်ကျော်**
**[၁၂/ဗဟန(နိုင်)၁၁၁၈၁၈]**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စုစုမာ(LL.B, LL.M)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၇၀၇)**
**၀၉-၄၂၁၀၀၅၈၉၀**

## အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးကြောင်း အများသိစေရန်ကြေညာခြင်း

ကိုကျော်စစ်သွေး (ဘ) ဦးကျော်ရှိန် မှတ်ပုံတင်အမှတ် (၁၂/ဗဟန(နိုင်)၀၉၉၉၀၁)၊ မဖူးပွင့်သက်အောင် (ဘ) ဦးဖဲဆောင်၊ မှတ်ပုံတင် အမှတ် (၁၂/လသယ (နိုင်) ၀၅၈၃၆၆) တို့သည် (၉-၁၂-၂၀၂၄) ရက်နေ့တွင် သင်္ဃန်းကျွန်းခရိုင်တရားရုံးတော်၌ (စာချုပ်မှတ်ပုံတင်အမှတ် - ၅၆/၂၀၂၄) ဖြင့် နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲခြင်းစာချုပ် ပြုလုပ်ချုပ်ဆိုခဲ့ပြီး ယင်းနေ့ရက်တွင်ပင် နှစ်ဦးပိုင်ပစ္စည်းများအား အပြီးအပိုင်ခွဲဝေရယူခဲ့ကြပြီးဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကိုကျော်စစ်သွေး၏ လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးအောင်မျိုးမင်း (B.Sc; H.G.P; R.L)**
တရားလွှတ်တော်ရှေ့နေ (စဉ်-၄၉၉၇/၈၉)

ဒေါ်ခိုင်ခိုင်နု (B.Com (Q)., R.L)
အထက်တန်းရှေ့နေ
(စဉ်-၂၂၄၃၂/၀၂)

ဒေါ်မြမျက်ချယ် (LL.B)
အထက်တန်းရှေ့နေ
(စဉ်-၄၄၆၆၈/၁၄)

PH- 09 421018080




## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(၇၅)၊ မြေကွက်အမှတ်(၁၀၉/H)၊ ဧရိယာ (၀.၀၉၂)ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်၊ တစ်နည်းအားဖြင့် အမှတ်(၁၀၉/H)၊ ရန်ကုန်-အင်းစိန်လမ်းနှင့် ရတနာမြိုင်လမ်းထောင့်၊ ရတနာမြိုင်အိမ်ရာ၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးဟု ခေါ်တွင်သော (၀.၀၉၂)ဧကရှိ နှစ် (၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနရှိ မြို့မြေစာရင်းတွင် ဒေါ်ခင်မာညို [၁၂/သဃက(နိုင်)၁၃၂၅၉၄] အမည်ဖြင့် မှတ်သားထားပါသည်။ ၎င်းမြေကွက်သည် မိမိတစ်ဦးတည်းပိုင်ဆိုင်ကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်း၊ ပြောဆိုသည်ကို ယုံကြည်သဖြင့် အရောင်းအဝယ်ပြုလုပ်ရန် သဘောတူညီကြပြီး ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ဆိုင်မှု၊ ရောင်းချမှု၊ အကျိုးသက်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသည့် အထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ အပြီးအပြတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးခင်ထွန်း (ခ) ဦးခင်တင့်**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၅၇၅၁/၁၉၉၁)**
**အမှတ်-၃၃/၄၉၊ အခန်း(၃၈)၊ Strand Condo (ပ)ထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁၃၉၃၀၆**

## မွေးသက္ကရာဇ်အမှန်

ဘိုကလေးမြို့နယ်၊ အထက၊ စက်ဆန်း GRADE 11 တွင် ပညာသင်ကြားနေသော မောင်ရဲလင်းခန့်၏ မွေးသက္ကရာဇ်အမှန်မှာ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် [၁၄/ဘကလ(နိုင်)၄၃၂၈၇၀]အရ (၉-၈-၂၀၀၇)ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ဘိုကလေးမြို့နယ်၊ အထက၊ စက်ဆန်း GRADE 11 တွင် ပညာသင်ကြားနေသော မကျော့ကျော့ဝေ၏ ဖခင်အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် [၁၄/ဘကလ(နိုင်)၂၂၇၄၈၃] အရ ဦးမောင်မောင်ဆန်း ဖြစ်ပါကြောင်း။

**သာလွန်ကျော်**
**အိမ်၊ ခြံ၊ မြေရောင်းဝယ်ရေး**
ဒဂုံမြို့သစ် အရှေ့ပိုင်း၊ မြောက်ပိုင်း၊ တောင်ပိုင်း၊ ဆိပ်ကမ်း လေးမြို့နယ်ရှိ မြေကွက်များ ဝယ်လိုသည်။
**Ph:09-420780797**
**09-261119599**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- (၇၅)၊ မြေကွက်အမှတ် (၁၀၉/F)၊ ဧရိယာ (၀.၂၁၁)ဧကရှိ နှစ်(၆၀) ဂရန်မြေကွက်၊ တစ်နည်းအားဖြင့် အမှတ် (၁၀၉/F)၊ ရတနာမြိုင်လမ်း၊ ရတနာမြိုင်အိမ်ရာ၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးဟု ခေါ်တွင်သော (၀.၂၁၁)ဧကရှိ နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနရှိ မြို့မြေစာရင်းတွင် ဇာယာဒ်ရော်မံ(ခ)ဦးဌေးဝင်း [၁၂/ဗဟန(နိုင်) ၁၀၉၉၈၆] အမည်ဖြင့် မှတ်သားထားပါသည်။ ၎င်းမြေကွက်သည် မိမိတစ်ဦးတည်းပိုင်ဆိုင်ကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်း ပြောဆိုသည်ကို ယုံကြည်သဖြင့် အရောင်းအဝယ်ပြုလုပ်ရန် သဘောတူညီကြပြီး ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ပေးချေထားပြီး ဖြစ်ပါသည်။ ပိုင်ဆိုင်မှု၊ ရောင်းချမှု၊ အကျိုးသက်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသည့်အထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ အပြီးအပြတ်ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးခင်ထွန်း (ခ) ဦးခင်တင့်**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၅၇၅၁/၁၉၉၁)**
**အမှတ်- ၃၃/၄၉၊ အခန်း(၃၈)၊ Strand Condo (ပ)ထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၅၁၃၉၃၀၆**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ဥတ္တရသီရိမြို့၊ ရွှေနံ့သာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်- ၆/ရွှေနံ့သာအရှေ့ရပ်၊ မြေဧရိယာ (၀.၀၈၂)ဧက၊ မြေကွက်အမှတ် (ဥ-၁၅၇၃)၊ ဦးသိဒ္ဓိ (ဘ) ဦးမျိုးဆက်နှင့် ဦးအောင်ကျော်သူ (ဘ) ဦးသန်းဝင်းထူးတို့၏ အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ်မြေကွက်ကို ဦးသိဒ္ဓိ (ဘ) ဦးမျိုးဆက်နှင့် ဦးအောင်ကျော်သူ (ဘ) ဦးသန်းဝင်းထူးတို့မှ ဦးထန်ဘွေး [၄/မတပ(နိုင်) ၀၀၃၄၄၁] (ဘ) ဦးဘွေရှန်းနှင့် ဒေါ်ခင်ဆုလှိုင် [၆/ထဝန(နိုင်) ၁၀၆၁၅၁] (ဘ) ဦးစံလှတို့၏ အမည်ဖြင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံ/မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်**
**စည်ပင်သာယာရေးကော်မတီ**

## (၄-၁၁-၂၀၂၄) နေ့ထုတ် ကြေးမုံသတင်းစာပါ ဒေါ်နယ်လီစိုး (ခ) မစ်ဘား စွလ်သွာနားဘီ (၁၂/ပဘတ (နိုင်) ၀၃၄၉၁၉) ၏ ရှေ့နေမှတစ်ဆင့်ကြေညာချက်အပေါ် ပြန်လည်ရှင်းလင်းကြေညာခြင်း

**ဒေါ်နယ်လီစိုး (ခ) မစ်ဘား စွလ်သွာနားဘီ** (၁၂/ပဘတ (နိုင်) ၀၃၄၉၁၉) ၏(၄-၁၁-၂၀၂၄) နေ့ထုတ်၊ ကြေးမုံသတင်းစာ၊ စာမျက်နှာ (၂၇) ပါ ရှေ့နေမှတစ်ဆင့် အများသိစေရန်ကြေညာချက်မှာ မှန်ကန်မှုမရှိပါ။

(၃-၁၁-၂၀၂၄) ရက်စွဲဖြင့် **ဒေါ်နယ်လီစိုး (ခ) မစ်ဘား စွလ်သွာနားဘီ**ပြုလုပ်ထားသည့် "ခင်ပွန်းအဖြစ်မှ အပြီးအပြတ် ကွာရှင်းပြတ်စဲကြောင်း မြွက်ဟကြေညာချက်"စာချုပ်မှာ **(က)** မှန်ကန်မှုမရှိသော စွပ်စွဲချက်များကိုရေးသားထားခြင်း **(ခ)** "နေကာဟ်မင်္ဂလာစာချုပ်"၌ မည်သည့်စည်းကမ်းချက်မျှမပါရှိဘဲ ပါရှိသယောင် မမှန်မကန်ရေးသားထားခြင်း၊ **(ဂ)** တည်ဆဲဥပဒေများ၌မရှိသောဥပဒေခေါင်းစဉ်ဖြင့် မမှန်မကန်ရေးသားထားခြင်း **(ဃ)** အဆိုပါ"မြွက်ဟကြေညာချက်"စာချုပ်၏အဆုံး၌ ဘာသာရေးဘွဲ့ရသာမန်ပုဂ္ဂိုလ်တစ်ဦးက လက်မှတ်ရေးထိုးအတည်ပြုထားခြင်းများကြောင့် အဆိုပါကွာရှင်းပြတ်စဲကြောင်း မြွက်ဟကြေညာချက်" စာချုပ်မှာ မှန်ကန်မှုမရှိသဖြင့် အတည်မဖြစ်ပါ။

ထို့အပြင် ကျွန်ုပ်၏မိတ်ဆွေ **ဦးစိုးဦး (ခ) မုဟမ္မဒ် ဟုစိုင်န်**မှ အထက်ပါကိစ္စရပ်များအား ပြည့်စုံစွာဖော်ပြ၍ (၇-၁၁-၂၀၂၄) ရက်စွဲဖြင့် **"မြန်မာနိုင်ငံလုံးဆိုင်ရာ မော်လဝီအဖွဲ့ချုပ်"** (ဗဟို) ထံ ဆုံးဖြတ်ချက်ချမှတ်ပေးရန်တင်ပြလျှောက်ထားခဲ့ရာ မော်လဝီအဖွဲ့ချုပ် (ဗဟို) မှ (စာအမှတ် (၁၀၇/၂၄/ခမ္မ/မလ၀ - ဗဟ)၊ ရက်စွဲ (၂၁-၁၁-၂၀၂၄) ဖြင့် "-----။ **သို့ပါ၍ အမျိုးသမီးဖြစ်သူ ဒေါ်နယ်လီစိုးသည် အမျိုးသားဖြစ်သူ ဦးစိုးဦး၏နေကာဟ်တွင် ယနေ့တိုင် ဆက်လက်တည်ရှိလျက်ရှိသည်"** ဟု ဆုံးဖြတ်ချက်ချမှတ်ပေးခဲ့ပါသည်။

**သို့ဖြစ်ပါ၍ ကျွန်ုပ်၏မိတ်ဆွေ ဦးစိုးဦး (ခ) မုဟမ္မဒ် ဟုစိုင်န်နှင့် ဒေါ်နယ်လီစိုး (ခ) မစ်ဘား စွလ်သွာနားဘီတို့မှာ ယနေ့တိုင် အကြင်လင်မယားအဖြစ် တရားဝင်တည်မြဲလျက်ရှိနေပါကြောင်း အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။**

ထို့အပြင် ကျွန်ုပ်၏မိတ်ဆွေ **ဦးစိုးဦး (ခ) မုဟမ္မဒ် ဟုစိုင်န်**မှ **ဒေါ်နယ်လီစိုး**အား "ဘီနာမီ"အဖြစ် အမည်ခံစေ၍ဝယ်ယူထားသော -

**(က)** ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မအူကုန်းရပ်ကွက်၊ ၁၃၈ လမ်း၊ အမှတ် (၃၄)၊ (၅ လွှာ) ဟုခေါ်တွင်သော အကျယ်အဝန်း (၂၅ ပေ × ၄၂ ပေ) ရှိ **တိုက်ခန်း (၁) ခန်း။**

**(ခ)** ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၁/အနော်မာရပ်ကွက်၊ အနော်မာ (၁၀)လမ်း၊ အမှတ် (၄၃၀/က+ခ) ဟုခေါ်တွင်သော (၂) ထပ်နေအိမ် (၂) လုံးနှင့် အဆိုပါနေအိမ်များတည်ရှိရာ အကျယ်အဝန်း (ပေ ၄၀ × ပေ ၆၀) ရှိ **မြေကွက် (၁) ကွက်။**

**(ဂ)** ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ (က) ရပ်ကွက်၊ သဇင်ပန်းလမ်း၊ အမှတ် (၁၁၃ - အေ) ဟုခေါ်တွင်သော (တိုက်ခန်း ၅ ခန်းပါဝင်သည့်) **(၅) ထပ်တိုက် (၁) လုံး**၊ အဆိုပါတိုက်အတွင်းရှိ လုပ်ငန်းသုံးပစ္စည်းအရပ်ရပ်နှင့် အဆိုပါတိုက်တည်ရှိရာ အကျယ်အဝန်း (၁၅ ပေ × ပေ ၁၀၀) ရှိ **မြေကွက် (၁) ကွက်**တို့အား ပိုင်ရှင်ဖြစ်သူ ကျွန်ုပ်၏မိတ်ဆွေ **ဦးစိုးဦး (ခ) မုဟမ္မဒ် ဟုစိုင်န်၏** သဘောတူခွင့်ပြုချက်မရှိဘဲ အမည်ပြောင်းခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ ပြင်ဆင်မွမ်းမံခြင်း၊ အခြားနည်းတစ်ရပ်ရပ်ဖြင့်လွှဲပြောင်းခြင်းများမပြုလုပ်ရန်နှင့် အကယ်၍ ပြုလုပ်ခဲ့ပါက ဥပဒေနှင့်အညီ စီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

ဦးစိုးဦး (ခ) မုဟမ္မဒ် ဟုစိုင်န်၏ လွှဲအပ်ညွှန်ကြားချက်အရ -

**ဦးနေဝင်းအောင်** (B.Sc, H.G.P, C.B.L)
Higher Grade Pleader (Lawyer Lc No.19147/ 1991)
အမှတ် (၂၀၇)၊ (ပထပ်-ဝဲ)၊ ၃၂ လမ်း၊ ပန်းဘဲတန်းမြို့နယ်၊
ရန်ကုန်မြို့။ 09 786 786 053

## ကန့်ကွက်နိုင်ပါကြောင်း

